ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသောမြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိကျဥဝဂ်(ဓမ္မပဒ-၃၈၀)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် အင်္ဂါနေ့။ Tuesday, 17 November 2026 ၁၂၆၅



ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃)ပါအချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃)ပါအချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

အမျိုးသားလွှတ်တော် စာမျက်နှာ » ၇

သဒ္ဒါတရား၊ ကုသိုလ်တရားနှင့် ပွဲတော်အလှူတရားတို့ ဆုံစည်းရာ မာရဝိဇယတန်ဆောင်တိုင် ....

ဆောင်းပါး စာမျက်နှာ » ၁၀

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပပြုလုပ်

စာမျက်နှာ » ၁၃

ရှေတိဂုံစေတီတော်မြတ်ကြီးအား ၁၀ လအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ၅၇ သန်းကျော် လာရောက်ဖူးမြော်ကြည်ညို

စာမျက်နှာ » ၁၆

အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ


နေပြည်တော် နိုဝင်ဘာ ၁၆

အားကောင်းသောမုန်တိုင်းငယ်အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

၁၆-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန်
တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ





တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူသုံးသိန်းကျော် လာရောက်ကြည့်ရှုအားပေး

တောင်ကြီး နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ အဝေးမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပွဲတော်ဖွင့်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူသုံးသိန်းကျော်လာရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

တရားမအထူးအယူခံမှုလေးမှုကို စီရင်ချက်ချမှတ်

ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကိုရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်သင်းသင်းခွန်၊ ဒေါ်ဖိုးခက်ခက်၊ ဒေါ်သင်းသင်းချို၊ ဒေါက်တာမျိုးဝင်းအောင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဇွန်သီရိမြို့နယ် မင်္ဂလာဒီဝရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၄/၂၀၂၆ (ဧရာဝတီ)၊ ၃၆/၂၀၂၆ (မွန်)၊ ၃၇/၂၀၂၆ (ရန်ကုန်)နှင့် ၃၉/၂၀၂၆ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှုလေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၆/၂၀၂၆ (မန္တလေး) နှင့် တရားမအထူးအယူခံမှုအမှတ် ၁၄/၂၀၂၆ (ရန်ကုန်)၊ ၂၁/၂၀၂၆ (ရန်ကုန်)၊ ၃၈/၂၀၂၆ (ကရင်) နှင့် ၄၀/၂၀၂၆ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များနှင့် လိုက်လျောညီထွေနေနိုင်ရေးပြင်ဆင်

ယခုအခါ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အပါအဝင် ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များကြောင့် အပူချိန်မြင့်မားလာခြင်း၊ မိုးရွာသွန်းမှုပုံစံမှုမမှန်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့အပြားတွင် ဖြစ်ပေါ်ကြုံတွေ့ခံစားနေကြရသည်။ ယခုနှစ်တွင် အားကောင်းသော အယ်လ်နီညိုဖြစ်စဉ်မြင့်မားနေသောကြောင့် ယခု ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းမှ ၂၀၂၇ ခုနှစ် နှစ်လယ်ပိုင်းအထိ အပူဒဏ်လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည်ဖြစ်၍ ယင်းကိုကာကွယ်ရန် ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

နွေရာသီတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးအတွင်းတို့ရှိ ကျေးရွာများ ရေရရှိရေးအတွက် နှစ်အလိုက် စီမံချက်ချဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လိုသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အချို့ဒေသများတွင် နွေရာသီမရောက်မီကပင် သောက်သုံးရေပြတ်လပ်မှုရှိနေသည်ကို တွေ့ရသည်။ မိုးများသည့်ဒေသများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေကို စုဆောင်းသိုလှောင်ကြရန်နှင့် ရပ်ကွက်ကျေးရွာအလိုက် တစ်နှစ်ပတ်လုံး ရေဖုံးလုံစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လိုသည်။ နွေရာသီကာလတွင် စိုက်ပျိုးရန်လိုအပ်သည့် ရေအရင်းအမြစ်များရရှိရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်၊ ရေလှောင်ကန်များတည်ဆောက်ခြင်းနှင့် မြစ်ရေတင်လှုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်မည်ဆိုပါက စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုမည်ဖြစ်သည်။

၁၉၅၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အတွင်း အားကောင်းသည့် အယ်လ်နီညိုဖြစ်ပေါ်ခဲ့သည့်နှစ်များနှင့် အင်အားပြင်းထန်သည့် အယ်လ်နီညိုဖြစ်ပေါ်ခဲ့သောနှစ်များရှိခဲ့သည်။ ပြည်တွင်းဒေသအများစုသို့ အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်းများနှင့် မိုးခေါင်ရေရှားမှု၊ သောက်သုံးရေပြတ်လပ်မှုများနှင့် ကြုံတွေ့ခဲ့ဖူးသည်။ ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ၂၀၁၀ ပြည့်နှစ် မေလအတွင်း မိုးလေဝသစနစ်ပေါင်း ၂၀ တွင် အမြင့်ဆုံးအပူချိန်စံချိန်သစ်တင်ခဲ့ကြောင်း မှတ်တမ်းများရှိသည်။ မြင်းမူမြို့၌ အမြင့်ဆုံးအပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်ဖြင့် စံချိန်သစ်တင်ခဲ့ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ အမြင့်ဆုံးအပူချိန်စံချိန်သစ်ဖြစ်ခဲ့သည်။ ၂၀၂၄ ခုနှစ်သည် ကမ္ဘာတစ်ဝန်းလုံး၌ အပူဆုံးနှစ်ဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဧပြီလအတွင်း ချောက်၊ မန္တလေးနှင့် ညောင်ဦးဒေသ၌ အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်မှ ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ စံချိန်သစ်တင် မြင့်တက်ခဲ့သည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များတွင် အခြားနိုင်ငံများထက် ပိုမိုပြင်းထန်စွာခံစားနရနိုင်သောကြောင့် ပြင်းထန်သောရာသီဥတုနှင့်အညီ လိုက်လျောညီထွေနေထိုင်နိုင်ရေး၊ ကြုံတွေ့နိုင်သော သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သောကြောင့် စိုက်ပျိုးရေးလုံလောက်မှုရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ရေအခက်အခဲရှိပါက ပြည်သူများ၏ လူမှုစီးပွားဘဝများထိခိုက်နစ်နာမှုများဖြစ်နိုင်သည်။ ထို့ကြောင့် ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန် နိုင်ငံတစ်ဝန်းတွင် တည်ဆောက်ထားပြီးဖြစ်သည့် ဆည်တမံများကြိမ်နိုင်ရေး၊ သဲနုန်းပို့ချမှုအခြေအနေ၊ ရေဝင်ရောက်သည့် ရေဝေရေလဲဒေသအခြေအနေ၊ ရေပိုလွှဲများနှင့် ရေနတ်မြောင်းစနစ်များကို ပြုပြင်ထိန်းသိမ်း စစ်ဆေးဆောင်ရွက်ရန်လိုမည်ဖြစ်သည်။

ပူပြင်းသောရာသီဥတုကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တောမီးရှို့ခြင်းများ၊ တောင်ယာမီးရှို့ခြင်းများသည် ရေဝေရေလဲဒေသများအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့်အတွက် အသိပညာပေးမှုများနှင့် အကာအကွယ်ပေးမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် စီမံဆောင်ရွက်ထားရန်လိုသည်။ မြန်မာနိုင်ငံတွင် အဓိကစီးဆင်းနေသော မြစ်ကြီးလေးသွယ်အပါအဝင် မြစ်ချောင်းများ၊ သဘာဝရေကန်ကြီးများ၊ စိမ့်တောများမှ နှစ်စဉ်ရေချိုဇေပေသန်း ၈၀၀ ကျော် စီးဆင်းလျက်ရှိသည်။ သို့သော် အဆိုပါစီးဆင်းနေသည့် ရေချိုပမာဏ၏ ရာခိုင်နှုန်းအနည်းငယ်ခန့်ကိုသာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် အိမ်သုံးကဏ္ဍများတွင် အသုံးပြုနိုင်သည်။

သို့ဖြစ်ရာ လက်ရှိကာလတွင် ဖြစ်ပေါ်နေသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် လိုက်လျောညီထွေ နေထိုင်လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် တည်ရှိဖြစ်ထွန်းနေသော သဘာဝအရင်းအမြစ်များကို စနစ်တကျ ထုတ်ယူအသုံးချပြီး သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကျော်လွှားကာ နိုင်ငံ့စီးပွား၊ လူမှုစီးပွားဘဝများ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်စီမံပိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

“ ပြည်သူ့ကြေးက ပြည်သူ့စကား ” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသောလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သင်္ဃေ FM ၏ “ပြည်သူ့ကြေးကပြည်သူ့စကား ” အစီအစဉ်မှ “နိုင်ငံ၏အဖိုးတန် သဘာဝသယံဇာတများကို ခိုးယူသုံးစွဲရံသာမက ပြည်သူ့အကျိုးစီးပွား ထိခိုက်စေမည့်လုပ်ရပ်များကို ဥပဒေမဲ့စွာ ကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“စစ်ရေးပစ်မှတ် မဟုတ်တဲ့ ပြည်သူပိုင်အဆောက်အဦတွေကို ယုတ်မာရိုင်းစိုင်းစွာ ရည်ရွယ်ချက်ရှိရှိ ဖြိမ်းခြောက်ဖျက်ဆီး တိုက်ခိုက်နေကြတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၃ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၁၆-၁၁- ၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးချေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၂ ~ ၃၆၆၅.၈	၅၂၅.၄ ~ ၅၂၅.၆	၁၂၅.၄ ~ ၁၂၅.၆	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၃,၃၉၂,၄၇၅.၆၆	၅,၂၈၀,၃၂၃.၀၀	၆၅,၄၇၂,၂၄၈.၂၆	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၆ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၃,၀၀၀	၂၂,၅၀၀	၁၆၄	၃,၇၆၈,၀၀၀
MTSH	၈,၈၀၀	၈,၇၀၀	၃,၁၁၀	၂၇,၂၈၈,၀၀၀
MCB	၁၃,၅၀၀	၁၃,၀၀၀	၉၃	၁,၂၃၀,၅၀၀
FPB	၇,၀၀၀	၆,၈၀၀	၃၅၁	၂,၃၉၆,၈၀၀
TMH	၃,၄၅၀	၃,၄၀၀	၆၂	၂၁၂,၃၀၀
EFR	၁,၇၀၀	၁,၆၅၀	၉၆၄	၁,၅၉၇,၁၀၀
AMATA	၄,၃၀၀	၄,၂၀၀	၁၄	၅၈,၉၀၀
MAEX	၆,၄၀၀	၆,၅၀၀	၄၆	၂၉၈,၅၀၀
MADPL(PLB)	၆,၃၀၀	၆,၃၀၀	၀	၀
ASPGB(PLB)	၅,၄၀၀	၅,၄၀၀	၆,၈၁၀	၃၆,၆၃၇,၃၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ့၊
	ယုဝါဝါ၊ သီသီမင်း၊	အငယ်တန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဦး၊ နိုင်လင်းကြည်	သုတေသန	- ဇင်မာဝင့်
ဘာသာပြန်	- အောင်ကျော်ကျော်၊	စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
	စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

တတိယအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများအောင်မြင်စွာ ပြီးမြောက်ခြင်း ဂုဏ်ပြုညစာ စားပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများအောင်မြင်စွာ ပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲကို ယနေ့ည၌ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဧမျူသီရိဆောင် ထမင်းစားခန်းမကြီး B ဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❖ ရွှေဖုံးမှ

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့် သဝဏ်လွှာပါအချက် ၄၃ ချက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ပြည်ထောင်စုငြိမ်းချမ်းရေးညှိနှိုင်းလာခံတွင် သဘောတူချုပ်ဆိုထားသည့် ပြည်ထောင်စု သဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃) တို့ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပေးပို့ထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊(၃)တွင်ပါသည့် အချက်အလက်များနှင့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီအစုအဖွဲ့များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဆွေးနွေးသဘောတူညီထားသည့် အချက် ၄၃ ချက်တွင်ပါသည့် အချက်အလက်များကို လေ့လာသုံးသပ်ပြီးနိုင်ငံတော်ပကတိအခြေအနေနှင့်ကိုက်ညီသည့် ပြဋ္ဌာန်းချက်အဖြစ် ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခု တတိယအကြိမ်လွှတ်တော်သက်တမ်းကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သဝဏ်လွှာပါ အချက် ၄၃ ချက်ကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့်အညီ ဥပဒေပြုနိုင်ရေး ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထူးခြားချက်အနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် အကြံပြုချက်များကို အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ဖြစ်သော်လည်း မိမိတို့ တတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် NCA အရ Union Accord အထိကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသဘောတူထားသည့် Resources အခြေခံအရင်းအမြစ်များ ရှိထားပြီးဖြစ်သည့် Union Accord အစိတ်အပိုင်း (၁)၊ (၂)၊ (၃) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အချက် ၄၃ ချက်တို့ ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ကို တတိယအကြိမ် ပြင်ဆင်ရန် ထူးခြားသည့် အချက်ပင်ဖြစ်ကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်ကြရာတွင် ပြင်ဆင်/ ဖြည့်စွက် ဆွေးနွေးရမည့်အချက်များသည် နိုင်ငံခိုင်မာမှု ရှိပြီးဖြစ်သည့် အချက်များအပေါ် ဆွေးနွေးပြီး ရလဒ်အတိုင်း ဆောင်ရွက်သွားရမည် ဖြစ်သည့်အတွက် ယခုလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၂ ပါအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေမူကြမ်းတစ်ခု လိုအပ်ပါကြောင်း၊ ထို့အတွက် အခြေခံ အချက် ၄၃ ချက် ရှိပြီးဖြစ်သည့်အတွက် အခြေခံကောင်းများကို မူတည်ပြီး ဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပူးပေါင်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အခြေခံဆုံးဥပဒေဖြစ်ပြီး အုပ်ချုပ်ရေးစနစ်၊ နိုင်ငံသားအခွင့်အရေးနှင့် အာဏာခွဲဝေမှုတို့ကို ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံ၏ အသက်သွေးကြောအဖြစ် ရှုမြင်ကြပါကြောင်း၊ သို့သော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းနှင့် ပတ်သက်၍ နိုင်ငံရေးနှင့် ဥပဒေရေးရာ နယ်ပယ်များတွင် ရှုထောင့်အမျိုးမျိုးနှင့် ဆွေးနွေးငြင်းခုံလေ့ရှိကြသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပူးပေါင်းကော်မတီအနေဖြင့် နိုင်ငံတော်အကျိုးဖြစ်ထွန်းပြီး ဒို့တာဝန် အရေးသုံးပါးကို ထိခိုက်စေမှုမရှိအောင် အလေးအနက်ထားသုံးသပ် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယ နာယက Jeng Phang နော်တောင်က ဥပဒေပြုရေးလုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက ပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီများနှင့် တပ်မတော်သား ကိုယ်စားလှယ်များ စုံညီစွာဖွဲ့စည်းထားသည့် ပူးပေါင်းကော်မတီအနေဖြင့် သဘောထားကွဲလွဲမှုများရှိလာပါက နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုရှေးရှုကာ အပြန်အလှန် လေးစားယုံကြည်မှုဖြင့် ညှိနှိုင်းဆွေးနွေးကြရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေများကိုလည်း ကြိုတင်လေ့လာထားကြရန်နှင့် ကော်မတီ၏ ကြိုးပမ်းမှုများမှတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

❖ တောင်ကြီးမှ

ပွဲတော်ကို ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပွဲတော်ဖွင့်ပွဲတွင် တိုင်းရင်းသားအဖွဲ့များက ကိန္နရီကိန္နရာ အကများ၊ တိုးနရားအကများ၊ ရှမ်းဓားသိုင်းအကများ၊ တိုင်းရင်းသားရိုးရာအကများ၊ ဒေသခံအဆိုတော်များက ခေတ်ပေါ်တေးသီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်သည် တိုင်းရင်းသားရိုးရာ အစဉ်အလာအရ ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး နိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ပြည်သူများသာမက ကမ္ဘာ့နိုင်ငံများမှ ခရီးသွားဧည့်သည်များပါ စိတ်ဝင်စားစွာ လာရောက်လည်ပတ်ကြသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ပွဲတော်တွင် တိုင်းရင်းသားပြည်သူများအားလုံး ညီရင်းအစ်ကို မောင်ရင်းနှမများပမာ ချစ်ခင်ရင်းနှီးစွာ၊ အေးချမ်းတည်ငြိမ်စွာ၊ စည်းလုံးညီညွတ်စွာ၊ ပျော်ရွှင်ကြည်နူးစွာ ပါဝင်ဆင်နွှဲကြခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ သွေးစည်းညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်သည့်အပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အကျိုးရလဒ်ကောင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ စိန်နားပန် မီးပုံးပျံကို လွှတ်တင်ပေးသည်။

ထို့အတူ တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးပုံးပျံအလတ် အလုံး ၆၀၀၊ ကျောင်းသား ကျောင်းသူများက မီးပုံးပျံအသေး ၈၀၀ စုစုပေါင်း မီးပုံးပျံအလုံးပေါင်း ၁၄၀၀ ကို လွှတ်တင်ပေးကြပြီး မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အဝေရာမီးပုံးပျံကွင်းအတွင်း ဖွင့်ပွဲ မီးပုံးပျံ စိန်နားပန်မီးပုံးပျံကို လွှတ်တင်ပေးကြသည်။

ထိုညပွဲတော်ဖွင့်ပွဲကျင်းပစဉ် အဆိုတော်စိုင်းဟိန်းကိုကိုက တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဆုရသီချင်းဖြစ်သည့် ကမ္ဘောဇမောတို့ရှမ်းဌာနေသီချင်းဖြင့် ဖျော်ဖြေခြင်း၊ တိုင်းရင်းသား၊ တိုင်းရင်းသူအကအဖွဲ့များက တူညီအကဖြင့် ကပြဖျော်ဖြေခြင်း၊ ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် ဖျော်ဖြေခြင်းတို့ ဆောင်ရွက်ကြရာ ပွဲတော်လာပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြိုး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ် မီးပုံးပျံ ၁၁၂ လုံး၊ နေ့လွှတ်အရုပ် ခြေနှစ်ချောင်း အရုပ်မီးပုံးပျံ ၂၃၆ လုံး၊ ခြေလေးချောင်း အရုပ်မီးပုံးပျံ ၁၃၈ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း ၄၄၉ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ မောင်မောင်သန်း(တောင်ကြီး)

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]ကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party) အမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် (၇၂ / ၂၀၂၆) ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ[New Democracy Party (Kachin)] [N.D.P (Kachin)]ကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ်(၃)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** သည် ယင်းပါတီ၏အမည်ကို **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** အမည်သို့ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** ကို ၁၆ - ၁၁ - ၂၀၂၆ ရက်နေ့မှစ၍ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရေရှားမည့်ဘေး ရှောင်ရှားဖို့
ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

ရေချိုစိမ့်စမ်း မခန်းစေဖို့၊
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၉) ရက်မြောက် နေ့အစည်းအဝေးသို့ လာရောက် လေ့လာသည့် ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ လယ်ဝေး မြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိ မြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ဒေသခံပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၊ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိ မြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ပြည်သူများအနေဖြင့် လွှတ်တော်ကို ယခုလို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ၂၀၂၅ ခုနှစ်တွင် အထွေထွေ ရွေးကောက်ပွဲများ ကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရား စီရင်ရေးစသည့် မဏ္ဍိုင်ကြီး(၃)ရပ် ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာသည့် အခြေအနေ များ၊ မိမိတို့ဥပဒေပြုရေးမဏ္ဍိုင် အနေဖြင့် နိုင်ငံအကျယ်အဝန်း၊ တိုင်းရင်းသား လူမျိုးစုများနှင့် လူဦးရေအပေါ် မူတည်၍ လွှတ်တော်နှစ်ရပ်စနစ် (Bicameral) ကျင့်သုံးမှု အခြေအနေများ၊ လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းစဉ်များနှင့် လွှတ်တော်က အသစ်ပြဋ္ဌာန်းပေးလိုက်သော အွန်လိုင်းလိမ်လည်မှု တိုက်ဖျက် ရေးဆိုင်ရာဥပဒေနှင့် အခြား လက်ရှိ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း ဆောင်ရွက် လျက်ရှိသည့် အခြေအနေများ၊ မဏ္ဍိုင်ကြီး(၃)ရပ် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း ဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ဆောင်ရွက်နေသည့် အခြေအနေ များ၊ လွှတ်တော်တွင် ပြည်သူများက ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူကိုကိုယ်စားပြုပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်း ဆောင်ရွက်ခြင်းနှင့် ပြည်သူ့အသံ များကို လွှတ်တော်မှတစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဥပဒေပြုရေး လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် လွှတ်တော် ကော်မတီများဖွဲ့စည်းမှု အခြေ အနေများ၊ မိမိတို့လွှတ်တော်အနေ ဖြင့်ပြည်သူများ အားကိုးအားထား ပြုရာ မဏ္ဍိုင်တစ်ရပ်ဖြစ်စေရန် အတွက် လွှတ်တော်ကို စွမ်းရည် မြင့်မားပြီး ပြည်သူကို ဗဟိုပြုသည့် ခေတ်မီ လွှတ်တော်ဖြစ်စေရေး အတွက် ပြည်သူ့လွှတ်တော် မဟာဗျူဟာ စီမံကိန်း(၂၀၂၇-၂၀၃၁) (၅)နှစ်စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိပြီး **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာ သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပုဗ္ဗသီရိမြို့နယ် မဲဆွန္နနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် ပြည်သူ့လွှတ်တော် ရုံးမှ တာဝန်ရှိသူများ တက်ရောက် ကြကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting -27th ACAMM) တက်ရောက်ရန် မလေးရှားနိုင်ငံသို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting-27th ACAMM)သို့ တက်ရောက်မည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိခဲ့ရာ မလေးရှား တပ်မတော်မှ အရာရှိကြီးများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်ကျော်မိုး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ညီညီဦးနှင့် ဧနီး၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ သည် ကွာလာလမ်ပူ အပြည်ပြည် ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး မလက္ကာမြို့ရှိ Double Tree Hotel သို့ရောက်ရှိကြရာ မလေးရှား တပ်မတော်မှ အမှတ်(၁၁) တပ်မဟာမှူး ဗိုလ်မှူးချုပ် ဒါတိုဆဖ်ဝမ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ညနေပိုင်းတွင် အဆိုပါဟိုတယ်ရှိ Strait-1 ခန်းမ၌ ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပါနာကလာ အူပလော့တတ် (Pana Claew-plodtook) နှင့် တွေ့ဆုံဆွေးနွေးကြသည်။

(အပေါ်ယာဝုံ)

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း)နှင့် အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် တပ်မတော် အရာရှိကြီးများ၊



မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) တို့ တက်ရောက်ကြပြီး ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်း ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ နိုင်ငံအစိုးရအနေဖြင့် မူးယစ် ဆေးဝါး၊ တရားမဝင်နယ်စပ် ကုန်သွယ်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်း များကို ထိထိရောက်ရောက် တားဆီးကာကွယ်နိုင်မဲနင်းလျက် ရှိသည့်ကိစ္စရပ်များ၊ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ တချို့၏ အကာအကွယ်ဖြင့် နှစ်နိုင်ငံ နယ်စပ်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် လိုအပ်သည့် ရိက္ခာ၊ စက်သုံးဆီ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးအထောက်အကူပြု ပစ္စည်းများကို ထိုင်းနိုင်ငံဘက်မှ ပူးပေါင်း ကာကွယ်တားဆီးပေးရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ရင်းနှီးပွင့်လင်းစွာအမြင် ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် နှင့် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ကြကြောင်း သိရသည်။ **သတင်းစဉ်**

မော်လမြိုင်မြို့၌ ရပ်ရွာအခြေပြု မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဖွင့်

မော်လမြိုင် နိုဝင်ဘာ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ရွာအခြေပြု မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လူထုအခြေပြု



ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာမွန်ပြည်နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းနွယ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင် ကျောင်း လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်ခင်ဥမ္မာက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မုန့်မျိုးစုံ လုပ်ငန်း ပြုလုပ်နည်းသင်တန်းတွင် စာတွေ့လက်တွေ့ပို့ချရာ မြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာ များမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်၍ သင်တန်း ကာလမှာ နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ နဂါးနှစ်ကောင်ပိန်အိတ်စက်ရုံအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးမင်းသန့်၊ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်း စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျေးရွာချင်းဆက်လမ်းများ ကျောက်ချောလမ်းဆောင်ရွက်ပေးနိုင်ရေး၊ အမျိုးသမီးများ၏ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာများ စိုက်ပျိုးရေးနှင့်သောက်သုံးရေရရှိရေး၊ အားကစားကွင်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ပြင်းထန်အယ်လ်နီညိုရာသီဥတုဘေး ကြိုတင်ကာကွယ်ရေး၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ဝန်ထမ်း၊ ဆေးပစ္စည်း ဖြည့်တင်းပေးနိုင်ရေး၊ ဓာတ်အားခွဲရုံ အသစ်တည်ဆောက်ပေးရေး၊ လယ်ယာ၊ စက်ရုံ၊ အလုပ်ရုံနှင့် ငါးဖမ်းလုပ်ငန်းများအတွက် စက်သုံးဆီ အရောင်းဆိုင်များ ဖွင့်လှစ်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ-နောင်ဘိုအိုး - ကံကြီးကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ-နောင်ဘိုအိုး-ကံကြီးကျေးရွာချင်းဆက်လမ်းသည် အရှည် ၆ မိုင် ၆ ဒသမ ၆၂ ဖာလုံ အမာခံလမ်းအား ရာသီမရွေးဆက်သွယ်သွားလာနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ခဲမိုင်အား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် နေပြည်တော်ကောင်စီဒွေလုံးဒွေရင်းရန်ပုံငွေတွင် လျာထားတင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ကျန်အပိုင်းများ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ရန် ရန်ပုံငွေတွင် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်ကြီးမဲဆန္ဒနယ်မှ နန်းကျင်(ခ)နန်းစိန်၏ **အမျိုးသမီးထုံး၊ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် မူဝါဒ၊ ဥပဒေ၊ စီမံကိန်းများ ချမှတ်ထားရှိမှုနှင့် IDP စခန်းများရှိ အမျိုးသမီးများ၏ လုံခြုံရေး အတွက် အရေးပေါ်စီမံကိန်းများ မည်သို့ချမှတ်ထား သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က အမျိုးသမီးရေးရာဝန်ကြီးဌာနသည် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အမျိုးသမီးများနှင့် ဥပဒေအရ ထိန်းသိမ်းစောင့်ရောက်ရန်လိုအပ်သည့် အမျိုးသမီးငယ်ရွယ်များအတွက် သင်တန်းကျောင်း ရှစ်ကျောင်းတွင် လက်ခံစောင့်ရောက်ထားပြီး အတန်းပညာ ဆက်လက်သင်ယူစေခြင်း၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ ပြင်ပအလုပ်အကိုင်ရှာဖွေပေးခြင်း၊ လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ဝင်ဆုံ ပေါင်းစည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးနေပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဘားအန်တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင်ပါဝင်သည့် "သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများအား ဦးစားပေးကူညီစောင့်ရှောက်ရမည်၊ ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန်စောင့်ကြည့်ရမည်"ဟူသော အချက်နှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိရာ IDP Camps ရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အသက်အိုးအိမ် စည်းစိမ် ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကိုဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းတွန်းဦး၏ **ကျိုင်းတုံမြို့နယ် လွယ်မွေဒေသရှိ ကျေးရွာပေါင်း ၁၉ ရွာတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရရှိရေးအတွက် နောင်လျန်လျှိုပိတ်တမံ တည်ဆောက်ပေးရန် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်ဝင်းက ကျိုင်းတုံ နောင်လျန်လျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အကြိုပြင်ဆင်ခြင်းနှင့် လုပ်ငန်းတွင်အသုံးပြုမည့် စက်ယန္တရားများကြွေခိုင်ရေး အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တမံတည်ဆောက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီးဖြစ်၍ ရန်ပုံငွေရရှိပါက လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေး ခရိုင် ပြည်သူ့အားကစားကွင်းအား အဆင့်မြှင့်တင် ခြင်းလုပ်ငန်းများကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ပြည်သူ့အားကစားကွင်းအတွင်းရှိ အထူးတန်းပွဲကြည့်စင် ပြုပြင်ခြင်းလုပ်ငန်းနှင့် မိုးလုံလေလုံအားကစားခန်းမ ပြုပြင်ခြင်းလုပ်ငန်းများအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းလျာထား တင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား သင့်လျော်သော ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် လျာထားတင်ပြ တောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် ပြည်သူ့အားကစားကွင်းတွင် ပွဲကြည့်စင်၊ စားရိပ်သာနှင့် အိမ်သာတို့အား တိုးချဲ့ ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့အားကစားကွင်းအား တိုးချဲ့ပွဲကြည့်စင် ခုစံခု ဆောက်လုပ်ခြင်းနှင့် ခြောက်ခန်းတွဲ သန့်စင်ခန်း တစ်လုံး ဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

တိုးချဲ့စာရိုးသာ ဆောက်လုပ်ရန်မှာ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်မှုများအား ခရိုင်အဆင့်အားကစားကွင်းများတွင်သာ ပြုလုပ်လျက်ရှိပြီး ကော့မှူးမြို့နယ် အားကစားကွင်းသည် မြို့နယ်အဆင့် အားကစားကွင်းဖြစ်သည့် အတွက် စားရိပ်သာတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား လတ်တလောအနေဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မလိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **ပြင်းထန် အယ်လ်နီညိုဖြစ်ပေါ်နေသည့် ကာလအတွင်း ရာသီဥတုဆိုးရွားစွာ ပြောင်းလဲဖြစ်ပေါ်နေမှုများမှ ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် လူထုအခြေပြု ပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးကြော်ငြာထုတ်ပြန်မည့် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပစိဖိတ်သမုဒ္ဒရာအတွင်း အယ်လ်နီညိုဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဖိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ အမြဲမပြတ် စောင့်ကြည့်လေ့လာ၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပုံမှန်ထက် အပူချိန်နိုပ်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် အစွန်းရောက်အပူလှိုင်းများ ဖြစ်ပေါ်နိုင်ခြေရှိကြောင်း ကြိုတင်သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များ၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ ကွင်းဆင်း အဖွဲ့များ ၁၅၆၂ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

သက်ဆိုင်ရာနိုင်ငံခြားဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း၍ အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်မည့်နေရာများကို ကြိုတင်ရွေးချယ်လျာထားခြင်း၊ အပူရှောင် စခန်းများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များ ပေးအပ်ခြင်းနှင့် လျာထားသည့်နေရာများသို့ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုသရေဦးစီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများတွင် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများဖြင့် လာရောက်ပြသသော လူနာများအား စနစ်တကျ လက်ခံကုသပေးနိုင်ရေး ကြိုတင်ပြင်ဆင် ထားရှိရန်၊ လုံလောက်၍ ဘေးကင်းသော ရေအရင်း အမြစ်နှင့် အရေးပေါ်လျှပ်စစ်မီးရရှိနိုင်ရေး၊ ဆေးပါး နှင့် ဆေးဘက်ဆိုင်ရာပစ္စည်း supply chain ပြတ်တောက်မှုမရှိစေရန်နှင့် ရောဂါကူးစက်မှုကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင် ရွက်လျက်ရှိပါကြောင်း၊ သန့်ရှင်းသောသောက်ရေနှင့် လုံလောက်သောသုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် ဒေသအလိုက် မြေပေါ်ရေမြေအောက်ရေအရင်းအမြစ် ရရှိမှုများအပေါ်မူတည်၍ သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရန်၊ ဓာတ်လှေကားနှင့် Oxygen Plant တို့အား အမြန်ပြုပြင်လဲလှယ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ခုတင် (၃၀၀) ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော အထူးကုဆရာဝန် (နှား၊ နာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်)၊ အထူးကုဆရာဝန် (စိတ်ကျန်းမာ)၊ အထူးကုဆရာဝန် (အရေပြား)၊ အထူးကုဆရာဝန် (ကင်ဆာရောဂါ)၊ အထူးကုဆရာဝန် (မှုခင်း)တို့အား ခန့်ထားပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် လူနာနှင့် သူနာပြုဦးရေအချိုးအရ လက်ရှိအခြေအနေတွင် လူနာများအား လုံလောက်စွာ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ပါကြောင်း၊ သစ်လွင်သူနာပြုများ ခန့်ထားချိန်တွင် လုပ်ငန်းလိုအပ်ချက်နှင့် ခွဲဝေမီးရရှိနိုင်မှုအပေါ်မူတည်၍ ထပ်မံခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းမြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ Oxygen Plant (NZO-30) နှင့် ဓာတ်လှေကား(Toco)တို့အား ပြင်ဆင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ဖြင့် ပြုပြင်ပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **ထန်းတပင်မြို့နယ် မရွေ့ကျေးရွာအနီးတွင် မြေနှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံလျှပ်စစ်ဓာတ်အား ဖြင့်ပါသဖြင့် ခွင့်ပြုမိန့်ဆောင်ရွက်ပေးရန်နှင့် ဆောက်လုပ်ပြီးပါက ဝန်ထမ်းနှင့် ပစ္စည်းအင်အား ကာကွယ်စောင့်ရောက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများ ဆောက်လုပ် လျှပ်စစ်ဓာတ်အား ဖြင့်ပါသဖြင့် ခွင့်ပြုမိန့်ရရှိပြီးမှသာ ဆောက်လုပ်လျှပ်စစ်ဓာတ်အား ဖြင့်ပါသဖြင့် ခွင့်ပြုပါကြောင်း၊ မရွေ့ကျေးရွာသည် ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးလက်ကျန်းမာရေးဌာန၊ ရေစိုကျေးလက်ကျန်းမာရေးဌာန ခွဲအပိုင်တွင် တည်ရှိပြီး ရန်ကုန် ပုသိမ်ကားလမ်းမကြီးဘေးတွင် တည်ရှိပါကြောင်း၊ မရွေ့ကျေးရွာနှင့် အနီးကျေးရွာမှာ ချော်နဲကုန်းကျေးရွာဖြစ်ပြီး မရွေ့ကျေးရွာတွင် လူဦးရေစုစုပေါင်း ၁၄၀၇ ဦးနှင့် ချော်နဲကုန်းကျေးရွာ၏ လူဦးရေမှာ ၁၉၆ ဦး ရှိပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မရွေ့ကျေးရွာသည် ၁ ဒသမ ၅ မိုင်ခန့်ကွာဝေးပြီး ရွေ့မိုး၊ ဆောင်းသွားလာခရီးသော ကွန်ကရစ်လမ်းရှိပြီး ကား၊ ဆိုင်ကယ်တို့ဖြင့် သွားလျှင် ၁၀ မိနစ်ခန့်သာ ကြာမြင့်ပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေးဌာန ခွဲအောက်တွင် ကျေးရွာရှစ်ရွာရှိပြီး လူဦးရေ ၅၀၉၆ ဦးအား သားဖွားဆရာမ တစ်ဦးနှင့် ကျန်းမာရေးမှူး(၄) တစ်ဦး စုစုပေါင်း နှစ်ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း။

မရွေ့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ခွဲဖွင့်လှစ်ပါက အများဆုံးလာရောက်ပြသမည့် ကျေးရွာများမှာ မရွေ့ကျေးရွာနှင့် ချော်နဲကုန်းကျေးရွာ နှစ်ရွာသာရှိပြီး လူဦးရေအားဖြင့် ၁၆၀၃ ဦးသာ ရှိပါကြောင်း၊ မြေပြင်အခြေအနေပေါ် သုံးသပ်ချက်အရ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ရန် အတွက် လိုအပ်ချက်မရှိသေးပါကြောင်း ပြန်လည် ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင် ၏ **မြောက်ဥက္ကလာပမြို့နယ်တွင် ဓာတ်အားခွဲရုံ အသစ်တစ်လုံးအား မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရန်ကုန်တိုင်းဒေသကြီး အစိုးရ ရန်ပုံငွေတို့ဖြင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့ငြင်း အသစ်များ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖောမာများနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်း၊ မီတာများ ဝယ်ယူခြင်း၊ Advanced Metering Infrastructure စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို နှစ်အလိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေးဆွဲထားသည့် အစီအမံများနှင့်အညီ ခွဲဝေခွင့်ပြုရရှိမည့် ရန်ပုံငွေအပေါ်မူတည်၍ နှစ်အလိုက်အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် မြောက်ဥက္ကလာပမြို့နယ်၌ ဖြန့်ဖြူးရေးခွဲရုံ ရှစ်ရုံ တည်ဆောက်ခွင့် ရရှိထားပြီး ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင် မြို့နယ် ပြည်တောင်တန်း ရေနံဖြေ- ကွေ့မအို့ပစ် ဆိပ်ကမ်းလမ်းအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ဒေသခံပြည်သူများက ကူညီပေးလိုပါသဖြင့် ဆောင်ရွက် ပေးရန် အစီအစဉ်ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ပြည်တောင်တန်း ရေနံဖြေစခန်း အမှတ်(၂) နှင့် ကွေ့မအို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်းအရှည် ခုနှစ်မိုင်ကို အကျယ် ၁၅ ပေ၊ တစ်ပေဒုရှိ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ပြုပြင်မည်ဆိုပါက **စာမျက်နှာ ၆ သို့** ☆



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပစဉ်။

☆ **စာမျက်နှာ ၅ မှ**

ဒေသပေါက်စဈေးနှုန်းများဖြင့် တွက်ချက်မှုအရ ခန့်မှန်းငွေကျပ် ၆ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ပြီး အဆိုပါရေနံမြေသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့်မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသည့် ရေနံမြေဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအကျိုးရရှိစေရန် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအကျိုးရရှိစေရေး ဆောင်ရွက်နေရသော လုပ်ငန်းအနေဖြင့် ဌာနဏီလုပ်ငန်းများအတွက် အခါအားလျော်စွာသာ အသုံးပြုနေရသည့်လမ်းအား အဆင့်မြှင့်တင်နိုင်ရေး ရန်ပုံငွေလျာထားတောင်းခံရန် ခက်ခဲပါသဖြင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း နှင့် လက်ရှိမြေသားလမ်း ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်သောနေရာများအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နယ်မြေခံပြည်သူများနှင့်ပူးပေါင်းပြီး အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၏ **မွန်ပြည်နယ်ရှိ လယ်ယာကဏ္ဍများ၊ စက်ရုံ၊ အလုပ်ရုံများး၊ ငါးဖမ်းစက်လေ့များအတွက် စက်သုံးဆီကို တစ်ဖြို့နယ်လျှင် တစ်ဆိုင် သီးသန့်ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက မွန်ပြည်နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များသည် စက်သုံးဆီရောင်းချမှုအား QR Code/Bar Code စနစ်ဖြင့်လည်းကောင်း၊ QR Code/Bar Code စနစ်ဖြင့် ဝယ်ယူနိုင်ခြင်းမရှိသည့် ထွန်စက်၊ ထော်လာကို စသည်တို့အတွက် စာရင်းမှတ်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိပါကြောင်း၊ မွန်ပြည်နယ်အတွင်း ရှိ စက်သုံးဆီလုပ်အပ်သော လုပ်ငန်းကဏ္ဍအမျိုးအစားအလိုက် အချက်အလက်အထောက်အထားများဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြလာပါက သက်ဆိုင်ရာဌာနမှာမှ စနစ်တကျစိစစ်စေခြင်း လုပ်ငန်းအမျိုးအစားအလိုက် အမှန်တကယ် လိုအပ်သော စက်သုံးဆီပမာဏကို လုံလောက်စွာ ခွင့်ပြုရောင်းချပေးလျက်ရှိပါကြောင်း။

လယ်ယာကဏ္ဍဖြစ်သည့် မိုးစပါးရိတ်သိမ်းခြင်း လှေခြင်းလုပ်ငန်းများအတွက် တောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာမြေများနှင့်အနီးဆုံးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး မွန်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၀)မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၁၉ ဆိုင်ကို မိုးစပါးရိတ်သိမ်းခြင်းလှေခြင်းလုပ်ငန်းများအတွက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလတွင် ပထမအကြိမ် စက်သုံးဆီ ဂါလန် ၃ သိန်း ၆ သောင်းကျော်ကို ရောင်းချနိုင်ရေး ခွဲဝေချထားပြီးဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍအပြင် စက်ရုံ၊ အလုပ်ရုံများ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လေ့များအတွက်လည်း မြို့နယ်(၂၁)မြို့နယ်မှ စက်သုံးဆီအရောင်းဆိုင် (၄၂) ဆိုင်ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလတွင် စက်သုံးဆီ ၃၀၃၉၅၇ ဂါလန် ခွဲဝေချထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လယ်ယာကဏ္ဍ အသုံးပြုရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် စက်သုံးဆီများ လျှောက်ထားလာပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် ရေနံဓာတု ဗေဒစက်ရုံ (သံပရာကန်)၏ ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် လက်ကျန်အခြေအနေအပေါ်မူတည်ပြီး ရောင်းချပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှားမဲဆန္ဒနယ်မှ ဦးစိုင်းက်ဝ်၏ **မိုင်းရှားမြို့ရှိ နိုင်ငံဝန်ထမ်းများ နေထိုင်ရေးအတွက် RC(၄)ထပ် ဆောင် (၁)လုံးကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ရှမ်းပြည်နယ်၊ မိုင်းရှားမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြေနေရာရရှိရေးကို ကနဦးလျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် ဝန်ထမ်းအိမ်ရာလိုအပ်ချက်ကို စိစစ်၍ နှစ်အလိုက် ရန်ပုံငွေလျာထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **မက်မန်းမြို့တွင် အရာထမ်းအိမ်ရာ (၁)လုံးနှင့် အမှုထမ်းအိမ်ရာ (၂)လုံးတို့အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ရှမ်းပြည်နယ်၊ မက်မန်းမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြေနေရာရရှိရေးကို ကနဦးလျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် နှစ်အလိုက် ရန်ပုံငွေလျာထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ဝန်ထမ်းအိမ်ရာ ပြဿနာကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို ဖော်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီ (၂၂) ရပ်၏ ဆောင်ရွက်ချက်များအနေဖြင့် စီစစ်ရန် ခွဲဝေပေးထားသည့် တည်ဆဲဥပဒေများကို စီစစ်သုံးသပ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးကာလ အတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇၈) ကြိမ်၊ ပြင်ပဧည့်သည်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၉၆) ကြိမ်၊ သီးခြားအလုပ်ရုံဆွေးနွေးပွဲ (၁၉) ကြိမ်နှင့် Seminar (၁၃) ကြိမ် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်အစည်းအဝေးကာလ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၂၈၇) ခု၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၂၅၃) ခုကို ကိုယ်စားလှယ် (၂၂၃) ဦးက မေးမြန်းခဲ့ကြပြီး အဆို (၉) ခုကိုလည်း တင်သွင်းခဲ့ကြပါကြောင်း။

ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၂၈၇) ခုတွင် ကတိကဝတ်အဖြစ် (၁၅၂) ခု၊ ကတိမဖြစ် (၁၂၀) ရှိခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၂၅၃)ခုတွင် ကတိကဝတ်အဖြစ် (၁၅၁) ခု၊ ကတိမဖြစ် (၇၄) ခု ရှိခဲ့ပါကြောင်း၊ ဆွေးနွေးပြီးခဲ့သည့် အဆို (၇) ခုတွင် အတည်ပြု (၁) ခုနှင့် မှတ်တမ်းတင်စောင့်ကြည့် (၆) ခုတို့ ဖြစ်ပါကြောင်း။

သက်တမ်းအားဖြင့် တိုတောင်းသေးသည့် မိမိတို့ လွှတ်တော်အကြောင်းကို ပိုမိုသိရှိနားလည်စေရန်နှင့် မျက်မြင်ဖြစ်စေရန်ရည်ရွယ်ပြီး ပထမအဆင့် အနေဖြင့် လွှတ်တော်လေ့လာရေးခရီးစဉ်များ ဖိတ်ခေါ်ပြီး ပြည်သူနှင့်နီးစပ်စွာ ထိတွေ့ရေးလမ်းကြောင်းကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ လာရောက်လေ့လာသူများကို တာဝန်ရှိသူများက မြေပြင်တွင် လိုက်လံရှင်းလင်းပြသခြင်း၊ ဥက္ကဋ္ဌက သီးခြားတွေ့ဆုံပြီး လွှတ်တော်၏ အခန်းကဏ္ဍ၊ စဖွဲ့မှု၊ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောဆိုခြင်းပါသလို သည်များကို မေးမြန်းဖြေကြားခြင်း များကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကာလအတွင်း ကျောင်းသား/ကျောင်းသူများ၊ နိုင်ငံရေးပါတီဝင်များ၊ ဝန်ထမ်းများ၊ အလှာခံမှလူပုဂ္ဂိုလ်များအပါအဝင် လာရောက်လေ့လာသူပေါင်း (၁၂၆၅) ဦးရှိခဲ့ပြီး ပထမအကြိမ် ပုံမှန်အစည်းအဝေးကာလမှ ယနေ့အထိ ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အနုပညာရှင်များ အပါအဝင် လေ့လာသူ (၃၀၀၀)ကျော် ရှိခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် လေ့လာရေးလာရောက် သူများ လွှတ်တော်ဆောင်ရွက်ချက်များကို စိတ်ဝင်တစား ရှိစေရန်အတွက် ဆောင်ရွက်ရသည့် သရုပ်ပြ လွှတ်တော်ကို (၂) ကြိမ်တိုင် လက်တွေ့ပြသ ဆောင်ရွက်နိုင်ခဲ့ပြီး လွှတ်တော်၏ လုပ်ငန်းစဉ်များကို မီဒီယာမှတစ်ဆင့် ထိတွေ့သိရှိနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် Website၊ Youtube Channel၊ Civic Echo Tik Tok Account တစ်ခုကိုပါ ဖွင့်လှစ်ထားရှိဆောင်ရွက်ခဲ့သည့်အတွက် ဝင်ရောက်ကြည့်ရှု သူများ တစ်ရက်ထက်တစ်ရက် ပိုမိုများပြားလာပြီး ပြည်သူနှင့်ထိတွေ့မှုလွှတ်တော်ကို နားလည်မြင်တွေ့လာနိုင်မှုများလည်း ပိုမိုများပြားလာသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းဌာနများနှင့် နေ့စဉ်နီးနက်တိုင်းတွေ့ဆုံပြီး တစ်ရက်တာ လွှတ်တော်အစီအစဉ်နှင့် ယမန်နေ့က လွှတ်တော်အစည်းအဝေး၏ အမေး/အဖြေ အတိုချုပ် ရှင်းလင်းခြင်းများကိုပါ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်သူကို အကျအညီပေးသည့်ကဏ္ဍအနေဖြင့် လွှတ်တော်၏ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက တိုင်ကြားစာပေါင်း (၅၆၀) အနက် (၄၉၉) စောင်ကို ဖြေရှင်းပေးခဲ့ပြီး (၆၁) စောင်ကို သက်ဆိုင်ရာဌာနများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ အလားတူ သက်ဆိုင်ရာကော်မတီများကို အကူအညီတောင်းသည့်စာ (၁၃၈) စောင်ရောက်ရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်ခြင်း၊ လွှဲပြောင်းပေးခြင်းများကိုလည်း စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် Online မှ တစ်ဆင့် တိုင်ကြားစာပေးပို့နိုင်သည့် Online Petition System ကိုလည်း စတင်ဆောင်ရွက်ရန် စီမံနေပြီဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များကို အသိပညာမျှဝေသည့် အစီအစဉ်များ ယခုပုံမှန်အစည်းအဝေးကာလတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက "နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ" ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်ပြီး ကိုယ်စားလှယ်များအားလုံးကို မေးခွန်းများ၊ အဆိုများ ပိုမိုအားကောင်းလာစေရန်နှင့် ကိုယ်စားလှယ်များ၏ ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ခဲ့ပါကြောင်း။

လွှတ်တော်၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတိုးမြှင့်ဆောင်ရွက်ခဲ့ရာ လွှတ်တော်ခုံးဝ ခွဲစိုက်ဦးရေးအဖွဲ့ (၁၄) ဖွဲ့ကို နိုင်ငံ(၁၄)နိုင်ငံမှ လွှတ်တော်များနှင့် Parliamentary Friendship Group များဖွဲ့စည်းထားပြီဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံလွှတ်တော်အနေဖြင့် အလားတူအဖွဲ့မျိုး ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း အကြောင်းပြန်ကြားလာပါကြောင်း။

နောင်အနာဂတ်ကာလတွင် မိမိတို့လွှတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူ့ဗဟိုပြု ခေတ်မီလွှတ်တော်တည်ဆောက်ရန်ဖြစ်ပါကြောင်း၊ ယခုမျှော်မှန်းချက်အတွက် ပြည်သူ့လွှတ်တော်မဟာဗျူဟာ စီမံကိန်း ၂၀၂၇ – ၂၀၃၁ ကို ရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် မဟာဗျူဟာ (၆) ရပ် ချမှတ်ထားပြီး နည်းဗျူဟာ (၂၈) ခုနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်း။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ယနေ့အထိ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း စသည်များကို လုံးဝမေးမြန်းဆောင်ရွက်ခြင်းမရှိသည့် ရွေးကောက်ခံကိုယ်စားလှယ် (၂၂) ဦး ကျန်ရှိနေသေးကြောင်း စီစစ်စတွေ့ရှိရပါကြောင်း၊ မိမိတာဝန်နှင့် အခွင့်အရေးကို အမိအရ အသုံးချစေလိုကြောင်း ပြောကြားလိုပါကြောင်း။

ကမ္ဘာ့နိုင်ငံအနှံ့အပြားက လွှတ်တော်များတွင် များသောအားဖြင့် လွှတ်တော်တစ်ရပ်၏ အောင်မြင်မှုကို စံနှုန်း (၁၀) ခုဖြင့် တိုင်းတာသည်ဟု လေ့လာသိရှိရပါကြောင်း၊ ၎င်းတို့မှာ (၁) နိုင်ငံတော်နှင့် ပြည်သူအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းနိုင်မှု၊ ပြင်ဆင်နိုင်မှု၊ အကောင်အထည်ဖော်နိုင်မှုနှင့် ပြန်လည်သုံးသပ်နိုင်မှု၊ (၂) နိုင်ငံတော်နှင့် ထိရောက်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်မှု၊ (၃) ပြည်သူ့အသံ/ပြည်သူ့ဆန္ဒကို ထိရောက်စွာကိုယ်စားပြုနိုင်မှု၊ (၄) ဘဏ္ဍာရေးဆိုင်ရာ စနစ်တကျစိစစ်မဲခန့်ခွဲနိုင်မှု၊ (၅) လုပ်ငန်းကော်မတီများ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၆) ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၇) ခေတ်မီစနစ်နှင့် ပွင့်လင်းမြင်သာမှု၊ (၈) ကိုယ်စားလှယ်များ၏စည်းကမ်းနှင့် ကျင့်ဝတ်ဆိုင်ရာလိုက်နာမှု၊ (၉) နိုင်ငံတကာဆက်ဆံရေးကျယ်ပြန့်မှုနှင့် စုံနှန်းများ၊ (၁၀) ပြည်သူယုံကြည်မှုနှင့် အကျိုးသက်ရောက်မှု စသည်တို့ပင်ဖြစ်ပါကြောင်း။

ယင်းအချက်များကို တိုင်းတာရမည့် ပေတံများအဖြစ် သတ်မှတ်ထားကြပြီး မိမိတို့အားလုံး တက်ညီလက်ညီဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရဦးမည်ဆိုသည်မှာ ပကတိအမှန်တရား ဖြစ်ပါကြောင်း။

လွှတ်တော်အား ခေတ္တရပ်နားချိန်တွင် မိမိမဲဆန္ဒနယ်မြေတိုင်းကို ကွင်းဆင်းသွားရောက်ပြီး မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံကြရန်၊ ပြည်သူ့အသံကို နားထောင်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြရန်၊ အကြောင်းအမျိုးမျိုးကြောင့် သွားလာရေးခက်ခဲပါက မီဒီယာနည်းလမ်းဖြင့် မဖြစ်မနေ ဖြန့်ကြက်ထိတွေ့ကြရန် အကြံပြုလိုပါကြောင်း၊ ပြည်သူက ခန့်အပ်တာဝန်ပေးထားသည့် ပုဂ္ဂိုလ်များဝိပီ လွှတ်တော်အတွင်းမှာသာမက လွှတ်တော်ပြင်ပတွင် ကိုယ်စားလှယ်ကြီးများ၏ ကျင့်ဝတ်စည်းကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

သတင်းအဖွဲ့

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နေဝါတောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၀ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွှန့်၏ **သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေး (ဘက)ကျောင်းများ ရေရှည်တည်တံ့စေရန်နှင့် သင်ကြားရေးစွမ်းရည်မြင့်မားလာစေရန်အတွက် လစဉ် ဆရာ/ဆရာမ ထောက်ပံ့ငွေများကို လက်ရှိပညာရေးဝန်ထမ်း ကျောင်းဆရာ၊ ဆရာမများ၏ လစာနှုန်းနှင့်ကိုက်ညီအောင် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ စေတနာ၃၀နှစ်ထမ်းအဖြစ်သာ လုပ်ဆောင်ခဲ့ပြီး ဆရာဆရာမများကို ထောက်ပံ့မှုမပြုခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဆရာဆရာမများအား ထောက်ပံ့မှုဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေအဖြစ် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၅၀၆၇ သန်း ခွင့်ပြုခဲ့ပြီး ဇပြီမှ နိုဝင်ဘာလအထိ ဆရာ ဆရာမများအတွက် စုစုပေါင်းငွေကျပ် ၃၂၉၂ ဒသမ ၄၅၈ သန်း ထောက်ပံ့ခဲ့ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင်ရှိသည့် ဆရာ ဆရာမများကို သာသနာရေးဝန်ကြီးဌာန၏ထောက်ပံ့မှုအပြင် သက်ဆိုင်ရာဘုန်းတော်ကြီးသင်ပညာရေးကျောင်းအလိုက် ကျောင်းအုပ်ဆရာတော်များ၊ သီလရှင်ဆရာကြီးများ၏ အစီအစဉ်ဖြင့် ထပ်ဆောင်းချီးမြှင့် ထောက်ပံ့မှုများရှိပါကြောင်း။

သို့ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ ဆရာမများ၏ လစဉ်ထောက်ပံ့ကြေးအား ၂၀၂၁ ခုနှစ်တွင် တတိယအကြိမ်တိုးမြှင့်ပေးထားခြင်း၊ သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းအုပ် ဆရာတော်များ၊ သီလရှင်ဆရာကြီးများမှ ထပ်ဆောင်းထောက်ပံ့ပေးမှုများရှိနေခြင်းတို့ကြောင့် လစဉ်ထောက်ပံ့ကြေးတိုးမြှင့်မှုအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဦးကျော်တင့်၏ **မန္တလေးတိုင်းဒေသကြီး လယ်ဝေးမြို့နယ် ရေနီသစ်တောကြီးပိုင်းအတွင်းတွင် နောင်ဘိုကျေးရွာအုပ်စု၊ ကြောင်ရေကျေးရွာအုပ်စု၊ ပြောင်ခေါင်းကြီးကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာအုပ်စု လေးခုနှင့် ကျေးရွာပေါင်း ၁၂ ရွာမှ တောင်သူ ၃၅၀ ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်မပေးနိုင်ပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စုနှင့် ကျေးရွာ ၁၂ ရွာမှ တောင်သူ ၃၅၀ ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများတည်ရှိသည့် မြေနေရာများသည် ရေနီသစ်တောကြိုးဝိုင်းမြေအတွင်း ကျရောက်နေပြီး အဆိုပါမြေနေရာများအပါအဝင် မြေဧရိယာ ၅၄၉၅ ဒသမ ၈၃ ဧကထဲတွင် ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် မြေဧရိယာ ၁၆၂၈ ဒသမ ၉၇ ဧက ရှိပြီး တင်ပြမြေများနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် သဘာဝကျောက်မှန်နှင့်အခြေခံ ကာဗွန်နက်ဂတစ် ဂျီအို-မြေဩဇာ အကြီးစား ထုတ်လုပ်နိုင်ရန် အမျိုးသားအဆင့် မဟာဗျူဟာမြောက်စီမံကိန်း အဖြစ် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက သဘာဝကျောက်မှန်နှင့် အခြေခံကာဗွန်နက်ဂတစ် ဂျီအို မြေဩဇာအဖြစ် ဗဆော့(Basalt)ကဲ့သို့ မီးတောင်ကျောက်များကို အခြေခံ၍ ထုတ်လုပ်သုံးစွဲရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ စီးပွားဖြစ်ထုတ်လုပ်မည်ဆိုပါက ဝန်ကြီးဌာန အနေဖြင့် မြေဩဇာထုတ်လုပ်မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ ကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာ ထိရောက်အကျိုးရှိစွာ သုံးစွဲရေး နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သဘာဝကျောက်မှန်အခြေခံ ကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာ အကြီးစားထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်မည့်စီမံကိန်းသည် အမျိုးသားအဆင့် မဟာဗျူဟာမြောက် စီမံကိန်းဖြစ်ပြီး နိုင်ငံတော် ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ဆိုပါက (၅)နှစ် စီမံကိန်းတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် လျာထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သဘာဝကျောက်မှန်နှံ့အခြေခံ ကာဗွန်နက်ဂတစ် ဂျီအို မြေဩဇာအကြီးစားထုတ်လုပ်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးနှင့် အစိမ်းရောင်စီးပွားရေး (Green Economy) ဖော်ဆောင်မှုတို့ကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည့် အတွက် နိုင်ငံတော်၏မူဝါဒ၊ မြန်မာ့သယံဇာတွင်း ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါကြောင်း။

သဘာဝကျောက်မှန်နှံ့ အခြေခံကာဗွန်နက်ဂတစ် ဂျီအို မြေဩဇာကို အကြီးစား (Large-Scale) ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းနှင့် ဘူမိဗေဒဆိုင်ရာလိုအပ်ချက်များ၊ နည်းပညာနှင့် ထုတ်လုပ်မှုအခြေခံအဆောက်အအုံ၊ ကာဗွန်စုပ်ယူမှု စီစစ်အတည်ပြုခြင်းစနစ်၊ စံချိန်စံညွှန်းအသိအမှတ်ပြုလက်မှတ်၊ စိုက်ပျိုးရေးဆိုင်ရာ စမ်းသပ်မှု၊ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုစသည့် အချက်(၆)ချက်အပေါ်အခြေခံပြီး စနစ်တကျပြင်ဆင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်၍ ကနဦးစမ်းသပ် စီမံကိန်းများ (Pilot Projects)ဖြင့် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားခြင်းက ပိုမိုသင့်လျော်မှုရှိပါကြောင်း၊ သဘာဝကျောက်မှန်နှံ့အခြေခံ ကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ဓာတ်မြေဩဇာတင်သွင်းမှုကိုလျော့ချနိုင်မည့်အပြင် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းမည်ဖြစ်ပါကြောင်း၊ မြေဆီလွှာပြန်လည် ကောင်းမွန်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချ ရေးအတွက် မဟာဗျူဟာမြောက်နည်းလမ်းတစ်ခု ဖြစ်သော်လည်း ကနဦးရင်းနှီးမြှုပ်နှံမှုစရိတ်ကြီးမား ခြင်းနှင့် တောင်သူများ၏လက်ခံသုံးစွဲမှု အချိန်ယူ ရခြင်းစသည့် အကန့်အသတ်များရှိနေသည့်အတွက် စီစစ်ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **မြေယာဥပဒေကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်သူ ပြည်သူ့ဝန်ဆောင်မြေယာကော်မတီအသီးသီး၏ ဆောင်ရွက်ချက်များအား မည်သို့ကြီးကြပ်ထိန်းကျောင်းလျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ကိုယ်စားလှယ် မေးမြန်းထားသည့် မြေနေရာသည် ဧရာဝတီတိုင်းဒေသကြီး ဟသံတမြို့နယ် ခြင်ဘို့ကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၇၂) ကွင်းအတွင်းဖြစ်ပြီး လွန်ခဲ့သော ၂၅ နှစ်ခန့်က ဧရာဝတီမြစ်ရေကုတ်စားခဲ့မှု ကြောင့် ကမ်းပြိုသွားခဲ့သောမြေနေရာများ ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ်တိုးလာ၍ ပြန်လည်ပေါ်ထွန်းခဲ့သော မြေနေရာဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာများမြေဧရိယာသည် ဧက ၂၄၀ ခန့် ရှိပြီး လက်ရှိအချိန်တွင် ဧရာဝတီမြစ်ရေကျဆင်းသွားသော်လည်း တိုင်းတာစီစစ်နိုင်ခြင်းမရှိသေးသောကြောင့် ခွဲဝေချထားခြင်းမရှိသေးသော မြေနေရာများ ဖြစ်ပါကြောင်း။

တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေနေရာများကို ခွဲဝေချထားနိုင်ရန်အတွက် ခြင်ဘို့ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တန်းစီဧယားရေးဆွဲတင်ပြထားပြီး ဟသံတမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဟသံတခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ အတည်ပြုချက်ရယူရန် ဆောင်ရွက်လျက်ရှိပြီး မြေနေရာများမြေလုပ်ကိုင်ခွင့်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားဝင်ချထားပေးခြင်း မရှိသေးပါကြောင်း။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပစဉ်။

အဆိုပါ ကွင်းအမှတ်(၁၃၇၂)ကွင်းအတွင်းရှိ ပေါ်ထွန်းလာသော မြေနေရာများ မြေဧက ၂၄၀ နှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာမဲ့တောင်သူများအား လုပ်ပိုင်ခွင့်ချထားနိုင်ရေးအတွက် တန်းစီဧယားရေးဆွဲခြင်းနှင့် မြေယာလုပ်ကိုင်ခွင့် ချထားခြင်းကိစ္စရပ်များအား လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဟသံတမြို့နယ် ခြင်ဘို့ကျေးရွာအုပ်စု သဲရိုးရွာအနီး ပေါ်ထွန်းသည့် မြေနေရာနှင့်မြေနှင့် ပတ်သက်၍ အဆိုပါမြေနေရာများမြေ ပြန်လည် ပေါ်ထွန်းလာပါက တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ခွဲဝေချထားနိုင်ရေး သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့အနေဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြေနေရာများမြေ လုပ်ကိုင်ခွင့်ချထားရာတွင် တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စီစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျူးလွန်မှုရှိပါက လည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဒေါ်ဇင်ပပဦး၏ **အခြားနည်းသုံးစွဲခွင့်မရရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး/ပုစွန် မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများ ပြုလုပ်ခဲ့သည့်အပေါ် မည်ကဲ့သို့ကြီးကြပ်ကွပ်ကဲ၍ အရေးယူဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ၂၀၂၄ ခုနှစ် မတ် ၁၈ ရက်မတိုင်မီ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ငါး/ပုစွန် မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများအပါအဝင် အခြားနည်းကျူးလွန် အသုံးပြုမှုများကို ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် “လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန်ဆောင်ရွက် မည့် စံပြုလုပ်ထုံးလုပ်နည်းများ (SOP)”ကို ရေးဆွဲ ထုတ်ပြန်ခဲ့ပြီး ၎င်းစံပြုလုပ်ထုံးလုပ်နည်းများနှင့် အညီ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းကျူးလွန်အသုံးပြုမှုများကို ဖြေရှင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလလယ်ယာမြေပေါ်တွင် စပါးနှင့် ရာသီသီးနှံများ စိုက်ပျိုး၍မရသဖြင့် ခွင့်ပြုချက်မရှိဘဲ ကျူးလွန် အသုံးပြုထားသည့် ငါးမွေးမြူရေးကန်များသည် ငါးများ မွေးမြူလျက်ရှိ၍ ဒေသ၏စားရေရိက္ခာ ထုတ်လုပ်မှုကို ပံ့ပိုးပေးနိုင်သဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်း ဆုံးဖြတ်ပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစစ်ပြီး စံပြုလုပ်ထုံးလုပ်နည်း (SOP)တွင်ပါရှိသော သတ်မှတ်ဒဏ်ကြေးအတိုင်း ပေးဆောင်စေ၍ ငါးမွေးမြူရေးကန်မြေအဖြစ် အခြားနည်းခွင့်ပြုပေး လျက်ရှိပါကြောင်း၊ အခြားကျူးလွန်အသုံးပြုမှုများဖြစ်သော တည်းခိုခန်း၊ အပန်းဖြေဥယျာဉ်၊

စာမျက်နှာ ၈ သို့ ✦

✦ စာမျက်နှာ ၇ မှ

စားသောက်ဆိုင်၊ KTV အပါအဝင် နိုင်ငံစီးပွားရေးအတွက် အထောက်အကူပြုသော အခြားစီးပွားရေးလုပ်ငန်းများဖြစ်ပါက လယ်ယာမြေအဖြစ် ပြန်လည်စိုက်ပျိုးရန် မဖြစ်နိုင်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်းဆုံးဖြတ်ခဲ့လျှင် စံပြလုပ်ထုံးလုပ်နည်း(SOP)တွင်ပါရှိသော သတ်မှတ်ဒဏ်ကြေး၏ အခြေခံဆုံးရာခိုင်နှုန်းဖြင့် သတ်မှတ်ပေးဆောင်စေပြီးမှ အခြားနည်းဥပဒေပြုပေးလျက်ရှိပါကြောင်း။

သို့ပါ၍ အခြားနည်းသုံးစွဲခွင့်မရရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး/ပုစွန် မွေးမြူရေးကန် ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များဖွင့်လှစ်ခြင်း ပြုလုပ်ခဲ့ပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမပြဋ္ဌာန်းမီ ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်မတိုင်မီကာလနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးနောက် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စ၍ပြုလုပ်ထုံးလုပ်နည်းရေးဆွဲရန် အဓိန့်ထုတ်ပြန်သည့် ၂၀၂၃ခုနှစ် ဩဂုတ် ၁၈ ရက် အထိ ကာလများအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများနှင့်စပ်လျဉ်း၍ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စံပြလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စီစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စံပြလုပ်ထုံးလုပ်နည်းရေးဆွဲရန် ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက် နောက်ပိုင်းကာလအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများ ထပ်မံဖြစ်ပေါ်စေရေးအတွက် တည်ဆဲလယ်ယာမြေဥပဒေနည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် စံပြလုပ်ထုံးလုပ်နည်း (SOP)များနှင့်အညီ ကြီးကြပ်ကွပ်ကဲအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး အင်္ကမော်ကျေးရွာအုပ်စု ကလင်ဘန်းကျေးရွာ ဘိုတောင်ရပ်ရှိ ရွာပတ်လမ်း အကျယ်ပေ ၃၀၊ အလျားပေ ၂၃၀၀၊ မြိတ်မြို့နယ် မြိတ်တောင် ကျေးရွာ ဘုတ်ချောင်းရပ်ရှိ အကျယ်ပေ ၂၀၊ အလျားပေ ၁၂၀၀ ရှိ ပုလဲလမ်းနှင့် အကျယ်ပေ ၂၀၊ အလျားပေ ၁၅၀၀ ရှိ ပုလဲ(၃)လမ်းတို့အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြိတ်မြို့နယ် ကလင်ဘန်းကျေးရွာသည် မြိတ်မြို့မှ ၁၇ မိုင်အကွာတွင်တည်ရှိပြီး ရွာပတ်လမ်း အရှည်ပေ ၁၇၀၀ ရှိပါကြောင်း၊ အရှည်ပေ ၁၂၅၀ သည် အကျယ် ၅ ပေမှ ၁၈ ပေခန့်ထိ မြေသားလမ်းပြီး အရှည် ပေ ၄၅၀ သည် လယ်မြေဖြစ်၍ လူသွားလမ်းမျှသာ ဖြစ်ပါကြောင်း။

လယ်မြေအပိုင်း ပေ ၄၅၀ တွင် ပျမ်းမျှအမြင့် ၃ ပေခန့်ဖြင့် မြေသားတာပေါင်တင်ခြင်း၊ Box Culvert တစ်စင်းနှင့် Pipe Culvert တစ်စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပုလဲလမ်းနှင့် ပုလဲ (၃)လမ်းတို့အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရန်ပုံငွေ အမျိုးသားစီမံကိန်းစာရင်းတွင် လျာထားပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ကမော်ကျေးရွာအုပ်စု တောင်ကြီးကျေးရွာရှိ ရွာတွင်းလမ်း အလျားပေ ၇၅၀၀၊ အကျယ်ပေ ၂၀ ရှိသော ကျောက်ခင်းလမ်းပိုင်းနှင့် မြေသားလမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အင်္ကမော်ကျေးရွာအုပ်စု တောင်ကြီးကျေးရွာသည် မြိတ်မြို့မှ မိုင် ၂၀ အကွာ တွင်တည်ရှိပြီး တောင်ကြီးကျေးရွာ ရွာတွင်းလမ်း သည် ကန်သာယာ-တောင်ကြီးရွာချင်းဆက်လမ်းနှင့် ချိတ်ဆက်လျက်ရှိပါကြောင်း၊ လမ်းပိုင်း (၁) စာသင် ကျောင်းလမ်းသည် အရှည်ပေ ၄၉၀၀ အမာခံမြေသား လမ်းဖြစ်ပြီး မြေသားတာပေါင်တင်၍ လမ်းချဲ့ခြင်းနှင့် Pipe Culvert ကိုးစင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လမ်းပိုင်း(၂) ဘုန်းတော်ကြီးကျောင်းလမ်းသည် အရှည်ပေ ၁၈၀၀ အမာခံမြေသားလမ်းဖြစ်ပြီး Pipe Culvert သုံးစင်း ဆောင်ရွက်ပေးရန်လိုအပ်မည် ဖြစ်ပါကြောင်း၊ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်၌ အကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ဘဏ္ဍာနှစ်ပြည်ထောင်စု ရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးဥာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကံမော်ကျေးရွာတွင် ဒေသခံပြည်သူများ လိုအပ်လျက်ရှိသော အရှည် ၆ ဖာလုံရှိ ကုန်ထုတ်လမ်းကို မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် (၂၄ ပေ x ၅ ပေ x ၅ ပေ) ရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်း တို့ကို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးသိုက်စိုးက ကျွန်းစုမြို့နယ် ကံမော် ကျေးရွာ ကုန်ထုတ်လမ်းသည် အရှည်ပေ ၃၉၆၀ မြေသားလမ်းဖြစ်ပြီး Box Culvert နှစ်စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လမ်းအကျယ် ၆ ပေမှ ၁၂ ပေခန့်ထိရှိပြီး လိုအပ်သော လမ်းအကျယ်ရရှိရန် ညှိနှိုင်းပြီးဖြစ်သည့်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ထုတ် လမ်း ပေ ၃၉၆၀ နှင့် Box Culvert နှစ်စင်း ဆောင်ရွက် ရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ တွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကုန်ထုတ် လမ်းကို မြေသား ၂ ပေ ခု၊ ချဲင်း / ဂဝ၀ လက်မ ခင်ခြင်း၊ ကျောက်ရောမြေအဆင့်သာ ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက် ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ် အမှတ်(၈) ဦးကျော်စိန်လှ၏ **ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် စစ်တွေမြို့ ကမ်းခြေပတ်လမ်းအား ရေရှည်ခံနိုင်မည့်အစီအမံများဖြင့် စဉ့်ဆက်မပြတ် နှစ်စဉ် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလ တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စစ်တွေမြို့ ကမ်းခြေပတ်လမ်းပွိုင့်မှ စစ်တွေဟိုတယ် ရှေ့ ကွန်ကရစ်တံတားငယ်အထိ ၇ ဒသမ ၈ ဖာလုံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ စစ်တွေဟိုတယ်ရှေ့ ကွန်ကရစ် တံတားအဆုံးမှ ပလွင်ပြင်ကျေးရွာအထိလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်နယ်မှ စီမံခန့်ခွဲသော Class A အဆင့် လမ်းဖြစ်ပါကြောင်း၊ လမ်းအရှည် ၁၁ မိုင်၅ခြိုး ၆ ဖာလုံသည် ကျောက်လမ်း၊ ၁၀ မိုင် ၂ ဖာလုံသည် မြေသားလမ်း ဖြစ်ပါကြောင်း။

ကွန်ကရစ်တံတားငယ်အဆုံးမှစ၍ ကျောက်လမ်း ၂ ဒသမ ၈၇ ဖာလုံ၊ ကျောက်စီမြေထိန်းနံရံ (ကမ်းခြေ ဘက်ခြမ်း) ပေ ၃၀၀ နှင့် (ကုန်းတွင်းဘက်ခြမ်း) ပေ ၂၀၀ တို့ကို ဆောင်ရွက်ပေးရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ်၌ ပြည်နယ်ငွေလုံးငွေရင်း၏ရန်ပုံငွေတွင် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ အစည်းအဝေးကျင်းပ ရက် ၁၈ ရက်ကျင်းပခဲ့ပြီး လွှတ်တော်၏အဓိကတာဝန် ဖြစ်သည့် ဥပဒေပြုရေးကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှုပြီး ဥပဒေကြမ်း စုစုပေါင်း [၄] ခုကို ဆွေးနွေးစိစစ်အတည်ပြုနိုင်ခဲ့ပါကြောင်း။

နည်းဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထ အကြိမ်ပြင်ဆင်သည့် နည်းဥပဒေများအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာခြင်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါကြောင်း။

မေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၁၁၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၄၀ တို့ကို မေးမြန်းခဲ့ပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လာရောက် ဖြေကြားခဲ့ပြီး ကြယ်ပွင့်မပြမေးခွန်းများကို စာဖြင့် ဖြေကြားပေးခဲ့ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အဆိုများနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက် အနေဖြင့် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သောအဆို (၁)ခုနှင့်တတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သောအဆို (၂) ခု စုစုပေါင်း(၃)ခုကို တင်သွင်းဆွေးနွေးအတည်ပြုနိုင်ခဲ့ပါကြောင်း။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတကာနှင့် ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးကို ရှေးရှု၍ အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန် လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီး ရေးအသင်း (၆)သင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

ထို့ပြင် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူ များအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက လှုဒါန်းခြင်းအား လွှတ်တော် သို့တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက် ခဲ့ပါကြောင်း။

အခြားဆောင်ရွက်ချက်အနေဖြင့် အမျိုးသား လွှတ်တော် နံရံကပ်စာစောင်ကိုလည်း အောင်အောင် မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်တာ ကာလအတွင်း အချိန်ကိုအကျိုးရှိရှိအသုံးချပြီး အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များ ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး ဥပဒေပြုရေးနှင့် လွှတ်တော်တာဝန် များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

သတင်းအဖွဲ့

❍ **အားကောင်းသောမှ**

မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၅၀၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊
ဗဟိုချက်လေဖိအား၊နှင့် လေတိုက်နှုန်း


အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၁.၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆.၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၃ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ် သို့လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၂၀ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာ စိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာ ကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ် နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင် သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဧလ**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ နားဇရင်း ယာယီနေရပ်စွန့်ခွာစခန်းနေ တိုင်းရင်းသားပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီးမှု အခြေအနေကို ယနေ့မွန်းလွဲပိုင်း က နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်သည် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တာဝန်ရှိသူများ နှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံ အားပေးစကား ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆိုင်ရာ တင်ပြချက်အပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ သင်တန်းကျောင်းမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများအား ဘက်စုံထူးချွန်သူများ ဗလငါးတန်နှင့် ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်မှ အားကိုးအားထား ပြုရမည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရေး၊ စာပေ ပညာရပ်များအပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကြွခိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရား မြင့်မားလာစေရေးအတွက် အလေးထား လေ့ကျင့်သင်ကြားပြုစုပျိုးထောင်သွားကြရန် မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန် တီးတိန်မြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၆

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နယ်မြေဒေသ လုံခြုံရေးရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ပိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းပြောကြားပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းရှိ အလုံးစုံ ပျက်စီးသွားသည့် အဆောက်အအုံများကို လည်းကောင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့်ကျောင်းသားအိပ်ဆောင်၊ စာကြည့်တိုက်နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအဆောက်အအုံများ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုနှင့် ဆယ်တင်ပစ္စည်းများ စနစ်တကျသိမ်းဆည်းထားရှိမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြဝတီမြို့၌ အခမ်းအနားမှူးသင်တန်း ဖွင့်ပွဲကျင်းပ

မြဝတီ နိုဝင်ဘာ ၁၆

ကရင်ပြည်နယ် မြဝတီမြို့၌ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အခမ်းအနားမှူးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဆရာမတစ်ဦးက အခမ်းအနားမှူးသင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားမှူးသင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့မှ သင်တန်းနည်းပြနှစ်ဦးတို့က စာတွေ့၊ လက်တွေ့ဆွေးနွေးပို့ချ သင်ကြားမည်ဖြစ်ပြီး ခရိုင်/မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



မြောင်းမြပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ရန်မနိုင်ကျေးရွာ၌ ကွင်းဆင်း ဆေးကုသ

မြောင်းမြ နိုဝင်ဘာ ၁၆

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက နိုဝင်ဘာ ၁၄ ရက်တွင် မြောင်းမြမြို့နယ် ရန်မနိုင်ကျေးရွာနှင့် ဆက်စပ်ကျေးရွာများနေ ဒေသခံ ပြည်သူ စုဝေဦးအား ဆေးကုသမှုများ သွားရောက်ဆောင်ရွက်သည်။



ထိုသို့ မြောင်းမြခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့်အဖွဲ့က ဆေးကုသမှုများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများ အခမဲ့ပေးအပ်ရာသို့ မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုကာ လာရောက်ပြသသည့် လူနာများအား အားပေးစကားပြောကြားပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဧယျာ(ပြန်/ဆက်)

မော်လမြိုင်မြို့နယ်၌ မီးငြိမ်းသတ်ရေး ဧဘတ်တိုက်လေ့ကျင့်

မော်လမြိုင် နိုဝင်ဘာ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ငန်းတေးရပ်ကွက်ရှိ Myanmar Lighting (IPP) Co.,Ltd နှံ့ဧဘတ်အားပေးစက်ရုံ၌ ယနေ့ ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပူးပေါင်းဧဘတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်သည်။



ဦးစွာ စက်ရုံတာဝန်ရှိသူများက ဌာနဆိုင်ရာ တာဝန်ရှိသူများအား စက်ရုံ၏ ဧဘတ်အားထုတ်လုပ်မှုနှင့် ပြန်လည်ဖြန့်ဝေမှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက စက်ရုံအတွင်း မီးဘေးကြုံတင် ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် မီးသတ်ဆေးဘူးများနှင့် မီးသတ်ပစ္စည်းကိရိယာများ အသင့်ရှိ/မရှိ လိုက်လံစစ်ဆေးကြပြီး မီးငြိမ်းသတ်ရေး ဧဘတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သဒ္ဓါတရား၊ ကုသိုလ်တရားနှင့် ပွဲတော်အလှူတရားတို့ ဆုံစည်းရာ မာရဝိဇယတန်ဆောင်တိုင် ....

ဝေဖြိုးအောင်

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလသည် ရာသီဥတု သာယာကြည်နူးဖွယ်ကောင်းပြီး တိမ်ကင်းစင်ကာ လသာသောညချမ်းများကို ပိုင်ဆိုင်ထားသည့်လတစ်လဖြစ်ပါသည်။ ဆောင်းဦးပေါက်ရာသီ၏ အေးမြသောလေပြည်များနှင့်အတူ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ သဒ္ဓါတရားထက်သန်မှုများသည် တန်ဆောင်တိုင်ပွဲတော်ကာလတွင် အမြင့်ဆုံးသို့ ရောက်ရှိလေ့ရှိပါသည်။



နေပြည်တော်တွင် တည်ထားကိုးကွယ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး။

ယခုနှစ် တန်ဆောင်တိုင်ကာလတွင် နေပြည်တော် ဒကွိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျင်းပမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်သည် နိုင်ငံတစ်ဝန်းမှ ဘုရားဖူးပြည်သူများ၏စိတ်ဝင်စားမှုကို အထူးရရှိနေပါသည်။ ဤပွဲတော်သည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ သာသနာတော်ကို ကြည်ညိုပူဇော်ခြင်းနှင့် ခေတ်မီမြို့ပြ၏အလှအပများကို တစ်ပေါင်းတည်း ခံစားရရှိနိုင်မည့်အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ မာရဝိဇယတန်ဆောင်တိုင်ပွဲတော်သည် ကုသိုလ်တရားများ ပွားများရာ၊ စိတ်အေးချမ်းမှုရှာဖွေရာနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု၏အလှတရားများ စုစည်းရာ ဗဟိုချက်မ နေရာတစ်ခုဖြစ်လာပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သမိုင်းဝင်တည်ထားကိုးကွယ်မှု

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးနှင့် အကြီးမားဆုံးသော ရုပ်ပွားတော်မြတ်ကြီးဖြစ်ပါသည်။ ရုပ်ပွားတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၆၃ ပေရှိပြီး ပလ္လင်တော်အမြင့်မှာ ၁၈ ပေရှိသဖြင့် စုစုပေါင်း ဉာဏ်တော်အမြင့်မှာ ၈၁ ပေရှိပါသည်။ ဗုဒ္ဓဓြတ်စွာဘုရားရှင်က မာရ်နတ်ကို အောင်မြင်တော်မူသည့် ဘူမိဖဿမုခြာဟန်ဖြင့် တည်ထားကိုးကွယ်ထားခြင်းဖြစ်ပါသည်။

မာရဝိဇယဆိုသည်မှာ မာရ်နတ်မင်း၏ အနှောင့်အယှက်ရန်စွယ်အန္တရာယ်အပေါင်းကို အထူးအောင်မြင်တော်မူသောမြတ်စွာဘုရားဟု အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်ပါသည်။

> **ရောင်စုံမီးများဖြင့် လှပစွာမွမ်းမံထားသော မာရဝိဇယရင်ပြင်တော်သည် ဘုရားဖူးလာမိသားစုများအတွက် စိတ်ကြည်နူးဖွယ်ရာပတ်ဝန်းကျင်ကို ဖန်တီးပေးပါသည်။ ထို့ပြင် ဈေးတန်းများနှင့် ရိုးရာဖျော်ဖြေရေးအစီအစဉ်များကလည်း ပွဲတော်ကို ပိုမိုစည်ကားသိုက်မြိုက်စေမည်ဖြစ်ပါသည်။ ဤသို့ ခမ်းနားစွာကျင်းပခြင်းသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစွမ်းပကားကို ဖော်ထုတ်ပြသခြင်းဖြစ်ပြီး ပြည်သူများအတွက် စိတ်အပန်းပြေစေမည့် အကောင်းဆုံးသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးခြင်းလည်းဖြစ်ပါသည်။ ခေတ်မီ မီးအလင်းရောင်အလှအပများနှင့် ရှေးရိုးရာဓလေ့တို့၏ပေါင်းစပ်မှုက မာရဝိဇယတန်ဆောင်တိုင်ကို ပိုမိုထူးခြား**

ရပေသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိရှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောသွယ်ရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်၍ နေပြည်တော်၏ အချက်အချာကျသောနေရာတွင် ခမ်းနားထည်ဝါစွာ တည်ထားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ယနေ့ဓလေ့ မြန်မာနိုင်ငံ၏သာသနာရေးဆိုင်ရာ အရေးပါဆုံးသော အထင်ကရနေရာတစ်ခုဖြစ်လာခဲ့ပြီး တန်ဆောင်တိုင်ကဲ့သို့သော နေ့ထူးနေ့မြတ်များတွင် ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ရန် အသင့်တော်ဆုံးသော ကျက်သရောဆောင်ဖြစ်လာခဲ့ပါသည်။ မြန်မာတို့၏ဘာသာရေးယုံကြည်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ယူဖွယ်ရာပြယုဂ်တစ်ခုအဖြစ် အခိုင်အမာရပ်တည်လျက်ရှိပါသည်။

စကျင်ကျောက်တော်ကြီးများမှသည် ကမ္ဘာ့အကြီးဆုံးဆင်းတုတော်ဆီသို့

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန်အတွက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်တောင်မှထွက်ရှိသော ဇရာမ စကျင်ကျောက်တော်ကြီးများကို အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ ဤမျှကြီးမားလေးလံသော ကျောက်တော်ကြီးများကို စကျင်တောင်မှ နေပြည်တော်သို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်သည် မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ရမည့် စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ပါသည်။

ကုန်းလမ်း၊ ရေလမ်း စသည့် ခက်ခဲသောခရီးစဉ်များကိုဖြတ်သန်းကာ မြစ်ကြောင်းတစ်လျှောက် အထူးစီမံထားသောရေယာဉ်များဖြင့် သယ်ယူခဲ့ရပြီး နေပြည်တော်သို့ ရောက်ရှိချိန်တွင်လည်း အဆင့်မြင့် စက်ယန္တရားကြီးများကို အသုံးပြု၍ ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခဲ့ရပါသည်။ ဤလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဘုရားဒါယကာအကြီးအကဲများ၊ ပညာရှင်များနှင့် စေတနာရှင်ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှု၊ သဒ္ဓါတရားထက်သန်မှုတို့သည် အလွန်ပင် ချီးကျူးဂုဏ်ပြုဖွယ်ကောင်းလှပါသည်။

ကျောက်ဆစ်ပညာရှင်များ၏ လက်ရာမြောက်လှသော ထုဆစ်မှုများကြောင့် ယနေ့အချိန်တွင် ကမ္ဘာ့အံ့မခန်း ဗိသုကာနှင့် သာသနိုက အဆောက်အအုံအဖြစ် ထွက်ပေါ်လာခဲ့ပြီဖြစ်ပါသည်။ ဤသည်မှာ ရုပ်ဝတ္ထုပစ္စည်းသက်သက် မဟုတ်ဘဲ မြန်မာလူမျိုးတို့၏ ဘာသာတရားအပေါ် ထားရှိသော မယိမ်းယိုင်သည့်ယုံကြည်မှုနှင့် သဒ္ဓါတရား၏ ပြယုဂ်ပင်ဖြစ်ပါသည်။

ဗိသုကာလက်ရာနှင့် ပိဋကသုံးပုံ ကျောက်စာရံစေတီများ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ဝန်းကျင်တွင် အုံဖွယ်ကောင်းသော ကျောက်စာရံစေတီတော်များ၊ မာရဝိဇယကျောင်းတော်၊ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါမိဝတီခေါင်းလောင်းတော်ကြီး၊ သုခမ္မာဇရုပ်များ၊ သံဃာနာနေဆောင်၊ မုစလိန္ဒအိုင်၊ နဂါးရုံ ဘုရား၊ မဟာရံတံတိုင်း၊ မော်ကွန်းတိုက်၊ အဝင်မုခ်ဦး၊ ဂေါပကရုံးနှင့် ရွှေ့လျားစက်လှေကား စသည်တို့ကို ခိုင်ခံ့စုံလင် လှပစွာတည်ဆောက်ထားပြီး မီးအလှများတပ်ဆင်ထားသည်ကို ကြည်နူးဖွယ်ရာတွေ့မြင်ရမည်ဖြစ်သည်။

ယူနက်စကိုစာရင်းဝင်ခဲ့သည့် ကမ္ဘာ့အကြီးဆုံးစာအုပ်ဟု တင်စားခေါ်ခဲ့ကြသော မင်းတုန်းမင်း၏ ကောင်းမှု ပဉ္စမသင်္ဂါယနာတင် မန္တလေးမဟာလောကမာရဓိန် ကုသိုလ်တော်ဘုရားတွင် ကျောက်စာရံစေတီနှင့် ကျောက်စာချပ်ပေါင်း ၇၂၉ ချပ်ကို ဖိုက်ထူပုဇော်ထားပါသည်။ ယခု မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရှေ့တည့်တည့်တွင် အဆိုပါပုံစံဝိဋကတ်ကျောက်ချပ်ရေ ၁၄၄၀ နှင့် ပင်မကျောက်စာ လေးချပ် စုစုပေါင်းကျောက်စာ ၁၄၄၄ ချပ်ကို ဆောက်လုပ်ပူဇော်ထားရှိပါသည်။ အလယ်ဗဟိုကျောက်စာရံစေတီသည် အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေရှိပြီး အခြားကျောက်စာရံစေတီများမှာ အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေရှိကာ ဆဋ္ဌမသင်္ဂါယနာမူဖြစ်သည့် ဝိဋကတ်တော်လာကျမ်းစာများကို ပါဠိအက္ခရာနှင့် ရိုမန်ဘာသာတို့ဖြင့် ရေးသားပူဇော်ထားပါသည်။

အဆိုပါကျမ်းစာများကို ဆရာတော်ကြီးများက စနစ်တကျပြုစုရေးမှတ်ကြပြီး CNC စက်ကြိုးများဖြင့် ခေတ်မီစွာ ထိုးထွင်းရေးသားထားခြင်းဖြစ်ပါသည်။ ဤခမ်းနားလှသော ဗိသုကာလက်ရာများသည် တန်ဆောင်တိုင်ပွဲတော်ညများတွင် ရောင်စုံမီးများ၏ အလင်းရောင်အောက်တွင် ပိုမို၍ သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူနေမည်ဖြစ်ပါသည်။

တန်ဆောင်တိုင်ပွဲတော်၏အနှစ်သာရနှင့် ကြွတ္တိကာနက္ခတ်သဘင်

မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်သည် ကြွတ္တိကာနက္ခတ် ထွန်းလင်းတောက်ပသော တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပလေ့ရှိပါသည်။ တန်ဆောင်မုန်းလပြည့်နေ့သည် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်မြတ်ကြီးအား ရည်မှန်း၍ ဆီမီးများ၊ မီးပုံးပျံများဖြင့် ပူဇော်ကြသည့် ကြွတ္တိကာနက္ခတ်သဘင်ပွဲတော်ဖြစ်ပါသည်။

ရှေးမြန်မာမင်းများ လက်ထက်ကတည်းကပင် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ကျင်းပခဲ့ကြပြီး ရဟန်းသံဃာတော်များအား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကိုလည်း ဤလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။ ဤကာလသည် ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရား အထက်သန်ဆုံးအချိန်ဖြစ်ပြီး မိမိတို့တတ်နိုင်သမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို ပွားများအားထုတ်ကြသည့် မင်္ဂလာရှိသော အချိန်အခါလည်းဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်ညသည် 'ဆေးပေါင်းခသည့်ည'ဟု မြန်မာတို့အစဉ်အလာ ယုံကြည်လက်ခံထားကြရာ ထိုညချမ်းတွင် မဲလီဖွေးသုပ်ကို ဆေးဝါးဓာတ်စာအဖြစ် မိသားစုများ၊ မိတ်ဆွေများနှင့်အတူ ဝေမျှစားသုံးကြသည့် ကြည်နူးဖွယ်ရိုးရာဓလေ့တစ်ခုလည်းရှိပါသည်။ ထို့ကြောင့် တန်ဆောင်တိုင်ပွဲတော်သည် ရိုးရာယဉ်ကျေးမှု၊ ဘာသာရေးယုံကြည်မှုနှင့် ပျော်ရွှင်မှုတို့ ပေါင်းစည်းနေသော ထူးခြားသည့်ပွဲတော်ကြီးတစ်ခုဖြစ်ပြီး မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းရမည့် အမွေအနှစ်တစ်ခုလည်းဖြစ်ပါသည်။

မာရဝိဇယ တန်ဆောင်တိုင် မီးထွန်းပွဲတော်၏ ခမ်းနားမှု

ယခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို အလွန်ခမ်းနားကြီးကျယ်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်များအတွင်း ဘုရားပရိဝုဏ်တစ်ခုလုံးကို ရောင်စုံမီးများ၊ ဆီမီးခွက်ထောင်ပေါင်းများစွာဖြင့် လှပစွာ ထွန်းညှိပူဇော်သွားမည်ဖြစ်ရာ ညအချိန်တွင် အလွန်ပင် ကြည်နူးဖွယ်ရာမြင်ကွင်းကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ရောင်စုံမီးများဖြင့် လှပစွာမွမ်းမံထားသော မာရဝိဇယရင်ပြင်တော်သည် ဘုရားဖူးလာမိသားစုများအတွက် စိတ်ကြည်နူးဖွယ်ရာပတ်ဝန်းကျင်ကို ဖန်တီးပေးပါသည်။ ထို့ပြင် ဈေးတန်းများနှင့် ရိုးရာဖျော်ဖြေရေးအစီအစဉ်များကလည်း ပွဲတော်ကို ပိုမိုစည်ကားသိုက်မြိုက်စေမည်ဖြစ်ပါသည်။ ဤသို့ ခမ်းနားစွာကျင်းပခြင်းသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစွမ်းပကားကို ဖော်ထုတ်ပြသခြင်းဖြစ်ပြီး ပြည်သူများအတွက် စိတ်အပန်းပြေစေမည့် အကောင်းဆုံးသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးခြင်းလည်းဖြစ်ပါသည်။ ခေတ်မီ မီးအလင်းရောင်အလှအပများနှင့် ရှေးရိုးရာဓလေ့တို့၏ပေါင်းစပ်မှုက မာရဝိဇယတန်ဆောင်တိုင်ကို ပိုမိုထူးခြားစေပါသည်။

စာမျက်နှာ ၁၁ သို့ ✻

* စာမျက်နှာ ၁၀ မှ

စူဋ္ဌာမဏိစေတီတော်အား ရည်မှန်းပူဇော်သည့် ရိုးရာမီးပုံးပျံပွဲတော်

မာရဝိဇယတန်ဆောင်တိုင်ပွဲတော်၏ အထူးခြားဆုံးနှင့် လူအများစိတ်ဝင်စားမှုအခံရဆုံးသော အစီအစဉ်မှာ မြန်မာ့ရိုးရာမီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပင်ဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ညတွင် တာဝတိ်သာနတ်ပြည်ရှိ စူဋ္ဌာမဏိစေတီတော်မြတ်ကြီးအား ရည်မှန်း၍ ရိုးရာမီးပုံးပျံကြီးများကို ကောင်းကင်ယံသို့ လွှတ်တင်ပူဇော်သည့် အစဉ်အလာသည် မြန်မာတို့၏ ဘာသာရေးယုံကြည်မှုနှင့် အနုပညာစွမ်းပကားကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ မီးပုံးပျံများကို "စိန်နားပန်မီးပုံးပျံ"နှင့် "ညမီးကြိမီးပုံးပျံ"ဟူ၍ အဓိကအမျိုးအစားခွဲခြားလွှတ်တင်လေ့ရှိပါသည်။ စိန်နားပန်မီးပုံးပျံများတွင် ဆီမီးခွက်ငယ်လေးများ သို့မဟုတ် ရောင်စုံမီးလုံးငယ်လေးများတပ်ဆင်ကာ ဗုဒ္ဓဝင်ရုပ်ပုံများ၊ ကနက်ပန်းအလှများဖြင့် ရေးဆွဲဖန်တီးထားပြီး ကောင်းကင်ယံတွင် ကြယ်တာရာများအလား လှပစွာ တောက်ပနေတတ်ပါသည်။ ညမီးကြိမီးပုံးပျံများမှာမူ ကောင်းကင်ယံသို့ရောက်ရှိချိန်တွင် မီးရှူးမီးပန်းများ အဆင့်ဆင့်ပစ်ဖောက်ကာ မြင်ကွင်းကို အံ့မခန်း ကြည်နူးဖွယ်ရာဖြစ်စေပါသည်။

ဤမီးပုံးပျံကြီးများ ဖန်တီးရန်အတွက် ပညာရှင်များနှင့် ဒေသခံပြည်သူများသည် လနှင့်ချီ၍ စုပေါင်းအားဖြင့် ကြိုးပမ်းရက်လုပ်ကြရပါသည်။ ထို့ကြောင့် မီးပုံးပျံပွဲတော်သည် အလှအပသက်သာမဟုတ်ဘဲ မြန်မာလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ စုပေါင်းလုပ်ဆောင်တတ်မှုနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမှုတို့ကိုပါ ပေါ်လွင်စေပါသည်။ မာရဝိဇယရင်ပြင်တော်မှ လွှတ်တင်လိုက်သော မီးပုံးပျံကြီးများသည် နေပြည်တော်၏ ညကောင်းကင်ယံတွင် သဒ္ဓါတရား၏ပြယုဂ်အဖြစ် လင်းလက်တောက်ပနေမည်ဖြစ်ပါသည်။

နိုင်ငံ၏ အချက်အချာလုံခြုံအေးချမ်းသော နေပြည်တော်မြို့တော်

နေပြည်တော်သည် မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ အလယ်ဗဟိုအချက်အချာကျသောနေရာတွင် တည်ရှိသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်သူများ အလွယ်တကူ လာရောက်နိုင်သော်မြို့တော်ဖြစ်ပါသည်။ ယခုအခါတွင် ရထား၊ ကား၊ လေကြောင်းခရီးစဉ်များ စသည်ဖြင့် နိုင်ငံ၏မည်သည့်ဒေသမှမဆို လုံခြုံစိတ်ချစွာ လာရောက်နိုင်ပြီဖြစ်ရာ ခရီးသွားလာရေးမှာ များစွာပိုမိုအဆင်ပြေ ချောမွေ့လျက်ရှိပါသည်။ ထိုပြင် နေပြည်တော်သည် နိုင်ငံ၏အုပ်ချုပ်ရေးမြို့တော်ဖြစ်သည်နှင့်အညီ မြို့ပြလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထူးဂရုပြုဆောင်ရွက်ထားရှိသဖြင့် အလွန်လုံခြုံအေးချမ်းသော မြို့တစ်မြို့အဖြစ် ရပ်တည်လျက်ရှိပါသည်။ နေ့ဘက်တွင်သာမက ညဘက် ပွဲတော်လာရောက်လည်ပတ်သူများအနေဖြင့်လည်း စိတ်အေးချမ်းသာစွာ၊ လုံခြုံစိတ်ချစွာဖြင့် သွားလာလည်ပတ်နိုင်ကြပြီး နိုင်ငံတော်၏ အချက်အချာ အေးချမ်းသာယာသည့် အရသာကို အပြည့်အဝခံစားနိုင်မည် ဖြစ်ပါသည်။



မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ယမန်နှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပစဉ်။

စိမ်းလန်းသန့်ရှင်းပြီး ခေတ်မီသောမြို့ပြအလှနှင့် လည်ပတ်စရာများ

နေပြည်တော်ကို "အစိမ်းရောင်မြို့တော် (Green City)၊ သန့်ရှင်းသော်မြို့တော် (Clean City) နှင့် စမတ်မြို့တော် (Smart City)"ဟူသော ခေတ်မီမြို့ပြမျှော်မှန်းချက်များဖြင့် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျယ်ဝန်းသောလမ်းမကြီးများ၊ စနစ်ကျသော မြေအသုံးချမှုများနှင့်အတူ မြို့ပြစိမ်းလန်းရေးစီမံကိန်းများအရ စိုက်ပျိုးထားသောအရိပ်ရပင်များ၊ အလှပန်းပင်များက မြို့တော်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟန်ချက်ညီမှုကို ပိုမိုကောင်းမွန်စေပါသည်။ ဤသို့သော မြို့ပြဖွဲ့စည်းတည်ဆောက်ပုံသည် လူထောင်ပေါင်းများစွာလာရောက်မည့် မာရဝိဇယတန်ဆောင်တိုင်ပွဲတော်ကြီးအတွက် သန့်ရှင်းသာယာသော ပတ်ဝန်းကျင်ကို ဖန်တီးပေးထားပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသော ဘုရားဖူးပြည်သူများအနေဖြင့် ပွဲတော်အပြင် အခြားသော အထင်ကရနေရာများသို့လည်း သွားရောက်လေ့လာနိုင်ပါသည်။ ဥပုဂ်တသင္ကြံစေတီတော်မြတ်ကြီး၊ နေပြည်တော် ရေပန်းဥယျာဉ်၊ အမျိုးသားပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် အစရှိသည့် လည်ပတ်စရာနေရာများစွာ ရှိနေခြင်းကလည်း နေပြည်တော်ခရီးစဉ်ကို ပိုမို ပြည့်စုံစေပါသည်။ လာရောက်လည်ပတ်ကြသူများသက်သောင့်သက်သာ တည်းခိုနားနေနိုင်ရန်အတွက်လည်း နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးများနှင့် တည်းခိုခန်းများစွာကို ပြည့်စုံစွာဝန်ဆောင်မှုပေးလျက်ရှိပါသည်။

မြို့တော်၏ စားသောက်ဖွယ်ရာများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု

ပြည်ထောင်စုနယ်မြေ မြို့တော်ဖြစ်သည်နှင့်အညီ နေပြည်တော်တွင် ဒေသအစားအစာများသာမကဘဲ မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းသားရိုးရာ အစားအစာများနှင့် ဒေသခံအစားအစာအမျိုးမျိုးကို တစ်နေရာတည်းတွင် မြည်းစမ်းနိုင်ပါသည်။ အဆင့်မီစားသောက်ဆိုင်ကြီးများမှသည် ရိုးရာအစားအစာတန်းများအထိ စုံလင်စွာရရှိနိုင်သဖြင့် ဘုရားဖူးပေါ့သည်များအတွက် စားသောက်ရေး အထူးအဆင်ပြေလှပါသည်။ ဤသို့သော ပွဲတော်များမှတစ်ဆင့် နိုင်ငံ့စီးပွားရေးနှင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများကိုတိုးတက်စေရုံသာမက နေပြည်တော်ကို မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သာသနာရေးဆိုင်ရာ ခရီးသွားဗဟိုချက်အဖြစ်ပါ နိုင်ငံတကာသို့ ထိုးဖောက်နိုင်မည့်အခွင့်အလမ်းကောင်းတစ်ရပ်လည်း ဖြစ်ပါသည်။

သဒ္ဓါတရား၊ ကုသိုလ်တရားနှင့် ပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာအေးချမ်းမှု

မာရဝိဇယတန်ဆောင်တိုင်ပွဲတော်သို့လာရောက်ကြသော ပြည်သူများသည် ရုပ်ပိုင်းဆိုင်ရာပျော်ရွှင်မှုအတွက်သာမက စိတ်ပိုင်းဆိုင်ရာအေးချမ်းမှုနှင့် ကုသိုလ်တရားများကိုပါ ရာဖွေကြခြင်းဖြစ်ပါသည်။ စေတီပုထိုးများကို ဖူးမြော်ခြင်း၊ ဆီမီးထွန်းညှိခြင်း၊ လှူဒါန်းပေးကမ်းခြင်း(ဒါန)တို့သည် ဗုဒ္ဓဘာသာဝင်တို့၏ မရှိမဖြစ်လိုအပ်သော သဒ္ဓါတရားများဖြစ်ပါသည်။ ကျယ်ဝန်းလှသော ဘုရားပရိဝုဏ်အတွင်း ညချမ်းအချိန် လမ်းလျှောက်ဖူးမြော်ရင်း သန့်ရှင်းသောလေကို ရှူရှိုက်ခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ကောင်းမွန်စေရုံသာမက စိတ်ဖိစီးမှုများကိုလျော့ချပေးနိုင်ပါသည်။ ဘုရားဖူးပြည်သူများ၏ မျက်နှာပေါ်ရှိ ကြည်လင်သောအပြုံးများ၊ မေတ္တာထား၍ အချင်းချင်းကူညီဖေးမမှုများသည် မာရဝိဇယ ရင်ပြင်တော်ထက်တွင် သဒ္ဓါတရားနှင့် ကုသိုလ်တရားတို့မည်မျှအထိကြီးမားစွာဆုံစည်းနေကြောင်းကို သက်သေပြနေပါသည်။ ဤသည်မှာ ရုပ်ဝတ္ထုပစ္စည်းများဖြင့် တိုင်းတာ၍မရသော တန်ဖိုးမဖြတ်နိုင်သည့် စိတ်ပိုင်းဆိုင်ရာချမ်းသာမှုပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မာရဝိဇယတန်ဆောင်တိုင်ပွဲတော်သည် သဒ္ဓါတရား၊ ကုသိုလ်တရားနှင့် မြန်မာ့ရိုးရာပွဲတော်အလှတရားတို့ အချိုးကျစွာ ဆုံစည်းရာ မင်္ဂလာအခါသမယကြီးပင်ဖြစ်ပါသည်။ နေပြည်တော်၏ ကြီးကျယ်ခမ်းနားသော မြို့ပြဂေဟစနစ်၊ လုံခြုံစိတ်ချရမှု၊ လွယ်ကူချောမွေ့သောသယ်ယူပို့ဆောင်ရေးနှင့် အံ့မခန်း ရိုးရာမီးပုံးပျံလွှတ်တင်မှုများနှင့်အတူ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ကုသိုလ်ယူဖူးမြော်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ယခုနှစ် တန်ဆောင်မုန်းလပြည့်အခါသမယတွင် ကုသိုလ်ရေး၊ ယဉ်ကျေးမှုနှင့် စိတ်အပန်းဖြေရေးတို့အတွက် အကောင်းဆုံးခရီးစဉ်တစ်ခုဖြစ်သည့် နေပြည်တော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ မိသားစုစု၊ မိတ်ဆွေသင်္ဂဟများနှင့်အတူ လာရောက် ဆင်နွှဲကြပါရန် နွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။ ။

တန်ဆောင်တိုင်ပုံရိပ်နှင့် မျိုးချစ်စိတ်

- ဝသန်မိုးကြွင်း မြောက်လေညင်း ဆီးနှင်းဖြောက်ဖြောက် မိုးပေါက်ပေါက်။
- ရောင်စုံဆီမီး ထိန်ထိန်ညီး ဝှဲချီးအုန်းအုန်း တန်ဆောင်မုန်း။
- မသိုးစေရာ ကထိန်လျာ ရွှေကြာသင်္ကန်း ကပ်လှူဒါန်း။
- ကျန်းမာသက်ရှည် ဘေးမသီ မဲဇလီစား နတ်ဆေးဝါး။
- ကိုလိုနီရန် အမြစ်လှန် အားမာန်ကြွေ့ကြွေ့ အမျိုးသားနေ့။
- အမျိုးသားအောင်ပွဲ နှစ်စဉ်မြဲ မှတ်စွဲအတိတ် မျိုးချစ်စိတ်။

ကျော်စောဟန်

* M-League မှ

အား/ကာသိပ္ပံအသင်းသည် ချန်ပီယံဖျော်လင့်ချက်အတွက် ရှမ်းယူနိုက်တက်ကို ဂိုးပြတ်သွင်းယူခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက် အသင်းကို နှစ်မှတ်အကွာဖြင့် ဖိအားပေးလျက်ရှိသည်။ လက်ကျန်နှစ်ပွဲ အလိုတွင် ချန်ပီယံဆုအတွက် ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်း အပြိုင်လုရမည်ဖြစ်ပြီး ပွဲစဉ် (၂၅) တွင် နိုင်ပွဲကိုယ်စီရပါက ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၈၊ ၂၆၊ ၅၄ မိနစ်တွင် ထွန်းကိုကိုဦး၊ ၂၄ မိနစ်တွင် ကောင်းခန့်ကျော်၊ မိနစ် ၄၀ တွင် မင်းကိုခန့်တို့က သွင်းယူပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၃ မိနစ်တွင် ကောင်းခန့်ဟိန်းက သွင်းယူခဲ့သည်။ ပွဲစဉ် (၂၄) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၅၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၅၆ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၅၂ မှတ်၊ ရတနာပုံအသင်းက ၄၅ မှတ်၊ ရန်ကုန်စီးတီးအသင်းက ရမှတ် ၄၀၊ ရှမ်းယူနိုက်တက်အသင်းက ၃၈ မှတ်၊ Falcon အသင်းနှင့် Galaxy အသင်းက ၃၃ မှတ်စီ၊ သစ္စာအားမာန်အသင်းက ရမှတ် ၃၀၊ ဟံသာဝတီယူနိုက်တက်အသင်းက ၂၄ မှတ်၊ ဇရာဝတီယူနိုက်တက်အသင်းက ၂၂မှတ်၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၂၁ မှတ်၊ မြဝတီအသင်းက ၁၁ မှတ်၊ Chinland အသင်းက ရှစ်မှတ်ရရှိထားသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MLeague

* ဘယ်လ်ဂျီယံမှ

ရှစ်ဂိုးအထိသွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ တိုက်စစ်မှူး လူကာကူဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက တူကီယဲအသင်းကို အနိုင်ရရှိခဲ့တဲ့ ယူဆီးအက်ဖ်အနေးရှင်းလင်းပွဲစဉ်မှာတော့ တင်းပါးဒဏ်ရာကြောင့် ဘယ်လ်ဂျီယံအသင်းနဲ့အတူ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့တာလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး လူကာကူဟာ ဘယ်လ်ဂျီယံအသင်းနဲ့အတူ အသက် ၁၆ နှစ်အရွယ်ကတည်းက နိုင်ငံပွဲစဉ်တွေကို ပါဝင်ကစားခဲ့တာဖြစ်ပြီး ကလပ်အသင်းတွေမှာတော့ လက်ရှိပါဝင်ကစားနေတဲ့ ဖီနာဘာချီအသင်းအပါအဝင် အဲဗာတန်အသင်း၊ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့မှာလည်း ပါဝင်ကစားခဲ့တာလည်းဖြစ်ပါတယ်။ ဒွေကြေယ်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်



နေပြည်တော် နိုဝင်ဘာ ၁၆

မလေးရှားနိုင်ငံ လူစွမ်းအား အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Sri Ramanan Ramakrishnan ၏ ဖိတ်ကြားချက်အရ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၂ ရက်တွင် မလေးရှားနိုင်ငံသို့ ရောက်ရှိပြီး မလေးရှားနိုင်ငံ ဆလန်ဂေါ်ပြည်နယ် ဘန်ဂီမြို့ရှိ လုံခြုံရေးဆိုင်ရာ စာရွက်စာတမ်းများပုံနှိပ်ထုတ်ပေးခြင်း ဆောင်ရွက်လျက်ရှိသည့် Percetakan Kesematan Nisonal(PKN) Bangi ကုမ္ပဏီနှင့် ဆလန်ဂေါ်ပြည်နယ် ရှားအာလမ်မြို့ရှိ နိုင်ငံတကာ အသိအမှတ်ပြုလိုင်စင်ရရှိထားသော(Tier IV) အဆင့်ရှိ Data Center လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Heitech Bardu Barhad ကုမ္ပဏီတို့ကိုသွားရောက်လေ့လာခဲ့သည်။

နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် Seaview Hectare Sdn Bhd ကုမ္ပဏီ၏ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (C of I) ထုတ်ပေးနေမှုကို လေ့လာကြည့်ရှုပြီး မွန်းလွဲပိုင်းတွင် ပူထရာဂျာယာမြို့ရှိ လူမှုဖူလုံရေးရုံး(PERKESO) အစည်းအဝေးခန်းမ၌ မလေးရှားနိုင်ငံ လူစွမ်းအား အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Sri Ramanan Ramakrishnan နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မလေးရှားနိုင်ငံတွင် မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားနှင့် မိသားစုဝင်ဦးရေ မှတ်တမ်းအရ ၁၆၀၀၀၀ ကျော် နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းတို့၏ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် အကာအကွယ်ရရှိရေး၊ လူမှုဖူလုံရေးနှင့် စောင့်ရှောက်မှုများ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားလိုကြောင်း၊ အလုပ်သမားများ တရားဝင်လမ်းကြောင်းမှတစ်ဆင့် စနစ်တကျ လာရောက်လုပ်ကိုင်ရန်၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်သွားရန်၊ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ ချောမွေ့စေရန် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ (MoU) ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးလိုကြောင်း၊ မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသော အထောက်အထားမဲ့ မြန်မာ အလုပ်သမားများအား မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးခြင်းဖြင့် အထောက်အထား ပြည့်စုံသော တရားဝင်ရွှေ့ပြောင်းလုပ်သားများ အဖြစ်သို့ မှတ်ပုံတင်ကူးပြောင်းနိုင်ရေးအတွက် မလေးရှားနိုင်ငံ ဆိုင်ရာ မြန်မာသံရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပြန်လည် ဆောင်ရွက်နိုင်ရေး နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆလန်ဂေါ်ပြည်နယ် ဘန်ဂီမြို့ရှိ မြန်မာအလုပ်သမား ၄၂၅ ဦးခန့် အလုပ်လုပ်ကိုင်နေကြသော SONY EMCS(Malaysia) Sdn. Bhd. စက်ရုံ၌ မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံခြားသား အလုပ်သမား စီမံခန့်ခွဲမှုစနစ် (FWCMS) ဆောင်ရွက် လျက်ရှိသည့် Bestinet Sdn Bhd Co.,Ltd ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး မလေးရှားနိုင်ငံတွင် တရားဝင် အလုပ် လုပ် ကိုင် လျက် ရှိသည့် မြန်မာနိုင်ငံသားများအား တရားဝင် အထောက်အထား ထုတ်ပေးနိုင်ရေး ဆွေးနွေးမှု အခြေအနေ၊ မိသားစုလွှဲပို့ငွေများကို တရားဝင် လမ်းကြောင်းမှတစ်ဆင့် လွှဲပို့နိုင်ရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေနှင့် FWCMS စနစ်တွင် ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ အေဂျင်စီအရေအတွက် တိုးမြှင့်ပေးနိုင်ရေး အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ MARCHANTRADE Sdn. Bhd.သို့သွားရောက်ပြီး မလေးရှား အလုပ်ရှင်များက ရွှေ့ပြောင်း အလုပ်သမားများ၏ လစာကို ၎င်းတို့ကုမ္ပဏီ၏ Digital Wallet မှတစ်ဆင့် လစာပေးချေနိုင်ရေး ဝန်ဆောင်မှု၊ ငွေလွှဲဝန်ဆောင်မှု၊ စျေးကွက်အခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်မှုများကို လေ့လာ၍ Ria Money Transfer Sdn Bhd မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှု၊ ရွှေ့ပြောင်း အလုပ်သမားများအတွက် Ria Wallet နှင့် Prepaid Card များ စီစဉ်ပေးထားမှုနှင့် မြန်မာအလုပ်သမားများ၏ ငွေလွှဲပို့မှုနှုန်း စပ်လျဉ်း၍ ဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ IBH Investment Bank Limited သို့ သွားရောက်ပြီး ကုမ္ပဏီများ ပူးပေါင်းခြင်းနှင့် ဝယ်ယူခြင်း (M&A)၊ အရင်းအနှီးရှာဖွေပေးခြင်း နှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံဉာဏ် ပေးခြင်း(Corporate Finance & Advisory)။ နိုင်ငံတကာမှ ငွေကြေး ချမ်းသာသူများ (High-Net-Worth Individuals)နှင့် အဖွဲ့အစည်းများ၏ ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲပေးခြင်း၊ ရင်းနှီးဖြုံပုံနှံမှု ရန်ပုံငွေများ(Funds) တည်ထောင် ပေးခြင်း(Asset & Wealth Management)နှင့် နိုင်ငံဖြတ်ကျော် ကုန်သွယ်မှုနှင့် စီမံကိန်းများ အတွက် ချေးငွေနှင့် ဘဏ္ဍာရေး ဝန်ဆောင်မှုများ ပေးအပ်ခြင်း (Cross-Border Financing) ဝန်ဆောင်မှု လုပ်ငန်းများကို လှည့်လည်ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ မလေးရှားနိုင်ငံသို့ အလုပ်သဘော ခရီးစဉ်အတွင်း နှစ်နိုင်ငံ အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာ အလုပ်သမားများကို မလေးရှားနိုင်ငံသို့ တရားဝင် လမ်းကြောင်းမှသာ စေလွှတ်နိုင်ရေးနှင့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများအား မည်သူ မည်ဝါဖြစ်ကြောင်း သက်သေခံ လက်မှတ်(CI) ထုတ်ပေးနိုင်ရေး အပါအဝင် မလေးရှားနိုင်ငံမှ အလုပ်ရှင်များကို မြန်မာနိုင်ငံမှ တရားဝင် ဝင်ရောက်လာသော အထောက်အထားမဲ့ အလုပ်သမား များအား လက်ခံခန့်အပ်ခြင်းမရှိ စေရေး အလေးထားစီစစ်ကြပ်မတ် ပေးရန်တို့ကို သက်ဆိုင်ရာတာဝန် ရှိသူများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့သည်။

ထို့ပြင် မလေးရှားနိုင်ငံတွင် ရောက်ရှိ အလုပ်လုပ်ကိုင်နေကြ သည့် မြန်မာအလုပ်သမားအများစု၏ လုပ်ငန်းခွင်အခြေအနေ၊ အလုပ် သမားများ အသုံးပြုလျက်ရှိသည့် တရားဝင် ငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများနှင့် တရားဝင် ငွေလွှဲလမ်းကြောင်းများ၏ အခြေ အနေများကို လေ့လာခဲ့ပြီး မြန်မာ ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများ ကို ပိုမိုကာကွယ်စောင့်ရှောက် နိုင်ရေး၊ ၎င်းတို့၏ မိသားစုများထံ လုံခြုံစိတ်ချရသည့် တရားဝင် လမ်းကြောင်းများမှ တစ်ဆင့် ငွေလွှဲပို့နိုင်ရေးနှင့် ပြည်တွင်းသို့ နိုင်ငံခြားဝင်ငွေ တရားဝင်စီးဆင်း မှုကို အထောက်အကူပြုနိုင်ရေး အတွက် အရေးပါသည့် အလုပ် သဘော ခရီးစဉ်တစ်ရပ်ဖြစ်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

၁၆ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၅၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ဂုဝ၅၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ ၁၉-၁၁-၂၀၂၆ ရက်နေ့မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန



မောက်မယ်မြို့နယ်၌ ရေနစ်မြုပ်ထားသောကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စုပေါင်းရှင်းလင်းဆောင်ရွက်

မောက်မယ် နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နမ့်ယွမ်းချောင်းရေဖြင့်တက်ပြီး ရေကြီးရေလျှံမှု ဖြစ်ကာ ရေနစ်မြုပ်ပြီး ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာမူလတန်း ကျောင်း(မွေတော်)ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးပြုလုပ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသက်ဦးဦး၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများက ရေနစ်မြုပ်ထားသည့် ကျောင်းဆောင်အား ရေဆေးခြင်း၊ စာသင်ခုံများဆေးကြောခြင်း၊ ရွှံ့နွံများရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ကျောင်းဝင်းအတွင်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)



ပူတာအိုမြို့နယ်၌ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး အသိပညာပေး

ပူတာအို နိုဝင်ဘာ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိကျေးရွာများတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် အသိပညာပေးဆွေးနွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မူလာအွန် ကျေးရွာတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် အသိပညာပေး သတိပေးနှိုးဆော်ခြင်း လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဖြိုးစုနိုင်(ကျေးလက်)

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)တွင် ပါဝင် တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည်သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီး၌ စုဖွဲ့၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက် လာကြသူများက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃၀)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



သင်ကြားချင်လို့ ဒီပြည်သူ့စစ်မှုထမ်း လာရောက်တာ ပြောခဲ့ပါတယ်။

အင်တာဗျူး - ၁



အင်တာဗျူး - ၂

ပြည်တွင်းပြည်ပ ပြည်သူလူထုအပေါ် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ၏ ရည်မှန်းချက်ပြည့်မြောက်ရေးအတွက် ဖြစ်ပါသည်။

ထို့အပြင် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ၏ မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများ၊ ရပ်ရွာလူထုများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု မဖြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မဖြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဖွဲ့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အဆိုပါပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃၀)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

အင်တာဗျူး - ၁

စစ်ပညာရပ်တွေကို သင်ကြားချင်လို့ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၃၀) ကို လာရောက် တက်ခဲ့ခြင်းဖြစ်ပါတယ်။

သင်တန်းကာလမှာ လည်း သင်တန်းနည်းပြတွေ သင်ကြားပေးတဲ့ စစ်နည်းဗျူဟာတွေကို တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာ ဆောင်ရွက်သွားမှာပါလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

နောင်လာမယ့် ညီအစ်ကိုတွေ အတွက်ကတော့ မြန်မာနိုင်ငံသားဝီသစ္စာနဲ့ မြန်မာနိုင်ငံတော် စစ်မှုထမ်းဥပဒေ ထုတ်ပြန်ချက်အရ လာရောက်ပြီးတော့ အလှည့်ကျ အလေးအနက်ထား တာဝန်ထမ်းဆောင်ပေးပါလို့ ပြောချင်ပါတယ်။

အင်တာဗျူး - ၂

ပြည်သူ့စစ်မှုထမ်း ဥပဒေ ထုတ်ပြန်တဲ့အပေါ်မှာ လူငယ် တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ နိုင်ငံတော်ကို ကာကွယ်နိုင်ပြီဆိုပြီးတော့ သန္ဓိဋ္ဌာန်ချမှတ်ပြီး တော့မှ နိုင်ငံရဲ့ မြေထု၊ လေထု၊ ရေထုအားလုံးကို ကာကွယ်ဖို့ အတွက် မိမိတို့ဆီမှာ တာဝန်ရှိလာပြီဆိုတဲ့ အသိစိတ်ကို ရနိုင်ပါတယ်။

ပြည်သူ့စစ်မှုထမ်း သင်တန်းကို တက်ရောက်မယ့် လူငယ်တွေအတွက်လည်း လာရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ ကိုယ့်နိုင်ငံတော်ရဲ့ လေထု၊ မြေထု၊ ရေထုကို ကိုယ်ပဲ ကာကွယ်ရမှာပဲဖြစ်ပါတယ်။

သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်အဖိုးရတန်၊ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ May ကိုယ်ပိုင်အထက်တန်းကျောင်း၊ SYS ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကောင်းကင်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ KEM ကိုယ်ပိုင်အထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ REC ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များကိုလည်းကောင်း၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံစတူများ၊ စစ်လက်နက်ပစ္စည်းများကို လည်းကောင်း စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှန့်များပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက် သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံ ရှင်းလင်းပြသသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာအချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

သဲကုန်း နိုဝင်ဘာ ၁၆

စူပါအယ်လ်နီညိုကာလအတွင်း ပြည်သူများ ကျန်းမာစွာနေထိုင်နိုင်ရန်၊ အပူဒဏ်ကြောင့်ဖြစ်နိုင်သော ဘေးအန္တရာယ်များ၊ ကြိုတင်ကာကွယ်ရန်နည်းလမ်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် စူပါအယ်လ်နီညို အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက် ၉ နာရီတွင် ကန်နှစ်ဆင့်ကျေးရွာ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးကျော်မင်းထွန်းနှင့်ဝန်ထမ်းများက ကျေးရွာပြည်သူများအား စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်သော အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားလာနိုင်သော ကျန်းမာရေးပြဿနာများ၊ ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



တပ်မတော်စစ်ကြောင်းများက ဝန်းသို့ - ကောလင်း - ကျွန်းလှ - ကန့်ဘလူလမ်းကြောင်းနှင့် ကျောက်တန်း - စပွါယိန်သာ လမ်းကြောင်းများပေါ်ရှိ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်းတိုက်ခိုက်။

☆ ကျောဖုံးမှ

ထိုသို့ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား တစ်ခုပြီး တစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်လျက်ရှိပြီး အင်းတော် - ဝန်းသို့ - ကောလင်း လမ်းကြောင်းနှင့် အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းကြောင်းပေါ်တွင် ခိုအောင်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းရှင်းလင်းခဲ့သည့် သတင်းအား ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ အင်းတော် - ဝန်းသို့ - ကောလင်း လမ်းကြောင်းနှင့် အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းကြောင်းပေါ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် ကျန်ရှိသော အကြမ်းဖက်သောင်းကျန်းသူများနှင့် ၎င်းတို့အခြေပြုစခန်းများအား ရှင်းလင်း တိုက်ခိုက်နိုင်ရေး တပ်မတော် စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အင်းတော် - ဝန်းသို့ - ကောလင်း လမ်းပိုင်းပေါ်ရှိ တပ်မတော်စစ်ကြောင်းသည် အောက်တိုဘာ ၂၀ ရက်တွင် စကြာမောင်ကျေးရွာအား လည်းကောင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ကျီကုန်းကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာအား လည်းကောင်း အသီးသီးပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အလားတူ အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းပိုင်းရှိ တပ်မတော်စစ်ကြောင်းသည် အောက်တိုဘာ ၂၉ ရက်တွင် ညောင်ကုန်းကျေးရွာနှင့် ဘုဓလက် ကျေးရွာအား လည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် ပိန္နဲကုန်း ကျေးရွာအား လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် ပွိုင့်-၁၈၂ တောင်ကုန်းနှင့် ပွိုင့်-၃၄၄ တောင်ကုန်းအား လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ဦးပင်ကျေးရွာအားလည်းကောင်း ပြန်လည် သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ အင်းတော် - ဝန်းသို့ - ကောလင်း လမ်းကြောင်း ပေါ်ရှိ တပ်မတော်စစ်ကြောင်းနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် ကျွန်းတောကျေးရွာနှင့် ပဒုမ္မာကျေးရွာအား လည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် မင်းကုန်းကျေးရွာနှင့် ကျောက်တန်းကျေးရွာအားလည်းကောင်း၊ နိုဝင်ဘာ ၇ ရက်တွင် တောင်မော်ကျေးရွာအား လည်းကောင်း အဆင့်ဆင့် အောင်မြင်စွာ ချီတက်ရှင်းလင်း သိမ်းပိုက်နိုင်ခဲ့ပြီး နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ဝန်းသို့မြို့သို့ အောင်မြင်စွာ ရောက်ရှိခဲ့ရာ တပ်မတော် စစ်ကြောင်းများအား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

ယင်းနောက် တပ်မတော် စစ်ကြောင်းများက ဝန်းသို့ - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းနှင့် ကျောက်တန်း - စပွါယိန်သာ လမ်းကြောင်းတို့အား ယာယီထိန်းချုပ်ပြီး အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား ရှင်းလင်းတိုက်ခိုက် နိုဝင်ဘာ ၁၂ ရက်တွင် ကောလင်းမြို့သို့လည်း ကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ဝါးရုံခုံကျေးရွာ၊ ကုက္ကိုလ်ကုန်း ကျေးရွာနှင့် ညောင်ကုန်းကျေးရွာတို့အားလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ကိုးတောင်ဘို့ကျေးရွာအား လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် သင်တောကျေးရွာနှင့် ဥတုံးပင်ကျေးရွာတို့အား လည်းကောင်း အဆင့်ဆင့်ရှင်းလင်း တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့်အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အဆိုပါ လမ်းကြောင်းများနှင့် ကျေးရွာများအား ပြန်လည် သိမ်းပိုက်ရရှိရေး မိမိတို့၏

စာမျက်နှာ ၁၅ သို့ ❐



တပ်မတော်စစ်ကြောင်းများက ဝန်းသိုမြို့သို့ရောက်ရှိစဉ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။



တပ်မတော်စစ်ကြောင်းများက အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ၏ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ညောင်ကုန်းကျေးရွာအား ရှင်းလင်း သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ၏ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ဗုဓလက်ကျေးရွာအား ရှင်းလင်း သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



ပိန္နဲကုန်းကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် မိုင်းများ၊ ဆက်စပ်ပစ္စည်းများနှင့် အသုံးအဆောင်များကို တွေ့ရစဉ်။



မအူကုန်းကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။







အင်းတော် - ဝန်းသို့ - ကောလင်း - ကျွန်းလှ - ကန့်ဘလူလမ်းကြောင်းနှင့် အင်းတော် - ကျောက်တန်း - စပွါယိန်သာ လမ်းကြောင်းများပေါ်ရှိ ကျေးရွာများနှင့် ဝန်းကျင်နေရာများတွင် အကြမ်းဖက်အဖွဲ့များက ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။

ကိုးတောင်ဘို့ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



တပ်မတော်စစ်ကြောင်းများက အင်းတော် – မအူကုန်း–ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ၏ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် အိုက်မရွာသစ်ကျေးရွာအား ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့်ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံ နေလင်းအောင်(၂၇) နှစ် (ဘ)ဦးကျော်ဆန်းအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့်ပစ်ခတ်၍ လုယက်မှုနှင့် လူသတ်မှုများ ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းတွင် အမှုခြောက်မှုဖြင့် အမှုဖွင့်လှစ်ထားသူ တရားခံ နေလင်းအောင်အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အလားတူ ပြစ်မှုများ ထပ်မံကျူးလွန်ထားခြင်းရှိ/မရှိ အသေးစိတ်စစ်ဆေးလျက်ရှိကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၈ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ “ရှိုင်း” Baby Store ဆိုင်၌ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ပြခြိမ်းခြောက်၍ သေနတ်တစ်ချက် ပစ်ဖောက်ကာ ငွေကျပ်ငါးသိန်း လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ အောင်ပင်လယ် နယ်မြေရဲစခန်း (ပ)၁၆၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၄ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၈ လမ်း၊ ၃၂ လမ်းနှင့် ၃၂ လမ်း(A) လမ်းကြားရှိ Lwin Mobile Phone အရောင်းဆိုင်မှ ဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်၍ သေနတ်နှစ်ချက် ပစ်ဖောက်ကာ မှန်ကောင်တာအား ရိုက်ခွဲ၍ လက်ကိုင်ဖုန်းမျိုးစုံ ငါးလုံး လုယက် ယူဆောင်သွားခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း (ပ)၁၁၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာ ကားလမ်းဘေးရှိ “ထာဝရ”ဖုန်းဆိုင်၌ သေနတ်ပြ ခြိမ်းခြောက်၍ ငွေတောင်းခံရာ မရရှိသဖြင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ကိုအောင်မျိုးသန်း(၃၇)နှစ်ကို သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ရာ ကိုအောင်မျိုးသန်းတွင် ဦးခေါင်းကျည်ထိမှန် ဒဏ်ရာရရှိသေဆုံးခဲ့ပြီး တရားခံမှ ငင်စီးနင်းလာသည့် ဆိုင်ကယ်ဖြင့် လိမ်ပင်ကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့သဖြင့် ကိုအောင်မျိုးသန်း၏ ဦးလေးဖြစ်သူ ကိုမောင်(ခ) မိုးကျော်အောင် (၄၇)နှစ်နှင့် ဦးပေလုံး(ခ)မင်းလွင်(၅၅)နှစ်တို့ နှစ်ဦးက တရားခံ၏နောက်သို့ MDY-12 2E-5457 Toyota Crown ယာဉ်ဖြင့် လိုက်ပါသွားခဲ့ရာ လိမ်ပင်ကျေးရွာ ရွာလယ်လမ်း အရောက်၌ အဆိုပါအမျိုးသားက ငင်စီးလာသည့် ဆိုင်ကယ်အား မော်တော်ယာဉ်ရှေ့သို့ ထိုးရပ်၍ သေနတ်ဖြင့် ထပ်မံပစ်ခတ်ခဲ့ပြီး ယာဉ်ရှေ့ခန်းအတွင်းသို့ MG-1 လက်ပစ်ဗုံးတစ်လုံးအား ပစ်ပေါက်ခဲ့ခြင်းမရှိဘဲ သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ကိုမောင်(ခ) မိုးကျော်အောင်နှင့် ဦးပေလုံး(ခ)မင်းလွင်တို့နှစ်ဦးတွင် ခန္ဓာကိုယ် ကျည်ဖောက်ဝင် ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့သဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (ပ)၂၄၆/၂၄၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ /၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပုသိမ်ကြီးမြို့နယ် လိမ်ပင်ကျေးရွာ ရွာလယ်လမ်း အနီးနေသူ မထက်ယုယုအောင် (၃၆)နှစ်၏နေအိမ်၌ သေနတ်ဖြင့်ခြိမ်းခြောက်၍ ၄၅၀ယ/၇၇၂၄၉ DAYANG ခဲ/နက်ရောင်ဆိုင်ကယ်အား လုယက်ယူဆောင်ခဲ့ပြီး ကျေးရွာဘက်သို့ ဆက်လက်မောင်းနှင် ထွက်ပြေးသွားသဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (ပ)၂၄၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီ တွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာရှိ မဇ္ဈိမဂြိုဟ်နိုး (၁၉)နှစ်ပိုင်ဆိုင်သည့် “အထင်ကရ” ကုန်စုံဆိုင်၌ သေနတ်ဖြင့် ခြိမ်းခြောက်၍ ငွေကျပ် သိန်း ၄၀ လုယက်ယူဆောင်ကာ သေနတ်တစ်ချက်ပစ်ဖောက်၍ ထွက်ခွာသွားခဲ့သဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (ပ)၂၄၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ အမှုအသီးသီး ရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူ တရားခံအား ဖမ်းဆီးနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှုများ ကျူးလွန်ခဲ့သူ တရားခံ နေလင်းအောင်အား ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာ အုပ်စု လိမ်ပင်ကျေးရွာ အရှေ့ဘက် စိုက်/မွေး သိပ္ပံကျောင်း၏ တောင်ဘက် သရက်ခြံတော အတွင်းရှိ လျှိုအတွင်း၌ ပုသိမ်ကြီးမြို့နယ် အရှေ့ကန်ကောက် ရပ်ကွက်နေ တရားခံ နေလင်းအောင်(၂၇)နှစ် (ဘ)ဦးကျော်ဆန်းအား ပြစ်မှုကျူးလွန်ရဲဘက် အသုံးပြုခဲ့သည့် ZORAKI M 906-T အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်တစ်တောင့်၊ လက်ကိုင်ဖုန်း နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်းဘဲ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစား အလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၇ လုံး စုစုပေါင်း အဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၁၀ လအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ၅ ဒသမ ၉၇ သန်းကျော် လာရောက်ဖူးမြော်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၁၆

ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည် စုစုပေါင်း ၅၉၇၀၂၆၇ ဦး လာရောက် ဖူးမြော်ကြည်ညို်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။



အဆိုပါ ဘုရားဖူးဧည့်သည်များအနက် နိုင်ငံခြားသားခရီးသွား ၆၄၆၀၃ ဦး ပါဝင်ပြီး ထိုင်း၊ တရုတ်နှင့် ဘောင်ကျိုရီးယားနိုင်ငံတို့မှ ခရီးသွားများ အများဆုံးလာရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် တစ်နှစ်တာလုံးတွင် နိုင်ငံခြားသားခရီးသွား ၇၆၀၀၀ ဝန်းကျင် (အမျိုးသား ၃၆၀၀၀ ကျော်နှင့် အမျိုးသမီး ၄၀၀၀၀ နီးပါး) ဝင်ရောက်ခဲ့ရာ ယခုနှစ်ကုန်တွင် ယခင်နှစ်ထက် ပိုမို များပြားလာနိုင်ကြောင်း ခန့်မှန်းထားသည်။ ယခုနှစ် ၁၀ လတာအတွင်း လာရောက်ခဲ့သည့် ဘုရားဖူးစာရင်းတွင် သံဃာတော် ၁၀၁၄၃၃ ပါး၊ သီလရှင် အပါး ၅၄၂၀၊ ပြည်တွင်းဘုရားဖူး အမျိုးသား ၂၆၂၇၇၈ ဦးနှင့် အမျိုးသမီး ၃၁၂၂၇၃ ဦးတို့ ပါဝင်သည်။

လအလိုက် ဝင်ရောက်မှုအနေဖြင့် ဖေဖော်ဝါရီလနှင့် ဧပြီလတို့တွင် တစ်လလျှင် ရုစ်သိန်းကျော်စီ ဖြင့် အများဆုံးဖြစ်ခဲ့ပြီး အောက်တိုဘာလတွင် ခုနှစ်သိန်းကျော်၊ မတ်လတွင် ခြောက်သိန်းကျော်၊ ဇန်နဝါရီ၊ မေနှင့် ဇူလိုင်လတို့တွင် ငါးသိန်းဝန်းကျင်စီနှင့် ဇွန်၊ ဩဂုတ်၊ စက်တင်ဘာလ တို့တွင် လေးသိန်းကျော်စီ ဝင်ရောက်ခဲ့သည်။ ကြားရက်များတွင် တစ်ရက်လျှင် ပျမ်းမျှ ဘုရားဖူး ၁၀၀၀၀ ကျော် လာရောက်လေ့ ရှိပြီး အခါကြီးရက်ကြီးနှင့် ရုံးပိတ်ရက်များတွင် ယင်းထက်ပိုမို များပြားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် တစ်နှစ်တာအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၃၀၀၀၀ ကျော်၊ သီလရှင် ၆၆၀၀၀ ကျော်၊ ပြည်တွင်းအမျိုးသား သုံးသန်းကျော်နှင့် အမျိုးသမီး ၃ ဒသမ ၆ သန်းကျော်အပါအဝင် ဘုရားဖူးဧည့်သည် စုစုပေါင်း ၆ ဒသမ ၉ သန်းကျော် လာရောက် ဖူးမြော်ခဲ့သည်။

လက်ရှိတွင် ဘုရားဖူးပြည်သူများ အဆင်ပြေစွာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီးကို နေ့စဉ် နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

TWA

သထုံမြို့နယ်၌ ဓာတ်အားလိုင်းများ ကြိုခိုင်ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်

သထုံ နိုဝင်ဘာ ၁၆

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဓာတ်အားလိုင်းများ ဓာတ်အား ပြတ်တောက်မှု/ပျောက်ဆုံးမှု လျော့နည်းစေရန်နှင့် ဓာတ်အားလိုင်း ကြိုခိုင်ကောင်းမွန်စေရေးအတွက် သထုံမြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို နိုဝင်ဘာ ၁၅ ရက်က ဆောင်ရွက်သည်။

သထုံ-သိမ်ဆိပ်-ဘီးလင်း (၃၃)ကေဗွီ ဓာတ်အားလိုင်းကြိုခိုင်ကောင်းမွန်စေရေးအတွက် သထုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇင်မျိုးအောင်ဦးဆောင်သည့် ဝန်ထမ်းများက လိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ Main Transformer၊ Switchyard၊ Control Panel နှင့် ဓာတ်အားလိုင်းပြုပြင်ခြင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အား ပိတ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ကသာမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

ကသာ နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကျန်းမာရေးဦးစီးဌာနမှ မွေးကင်းစကလေးငယ်များနှင့် အသက်(၉)လမှ (၅)နှစ်အတွင်း ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယမန်နေ့နံနက်က မြို့တော်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကသာခရိုင် ကျန်းမာရေးဌာနမှ ဒုခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဖြူပြာမင်းက ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေး လျက်ရှိပြီး ကလေးငယ်များအတွက် ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ယနေ့အထိ ကလေးငယ်စုစုပေါင်း ၁၇၈၀၀ အား ထိုးနှံပြီးဖြစ်ကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ခရိုင်(ပြန်/ဆက်)



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်း တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်လီရွာရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဘ၊ မောင်နှမ၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခွန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ငပုတော်မြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ပညာပေးဆွေးနွေး

ငပုတော် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ငပုတော်မြို့နယ် အခွန်ဦးစီးဌာနမှူး ရုံးခ၌ မြို့နယ်အတွင်း ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ယမန်နေ့ွန်းလွဲပိုင်းက ပညာပေးဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဇော်လင်းသူက မြို့နယ်အတွင်း ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား တံဆိပ်ခေါင်းခွန် အက်ဥပဒေပါပြဋ္ဌာန်းချက်များ၊ ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး၊ ရောင်းချရာတွင် သတ်မှတ်နှုန်းထားအတိုင်း မှန်ကန်စွာရောင်းချရေး၊ စာရင်းဇယားများ စနစ်တကျထားရှိရေးနှင့် သတ်မှတ်စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးတို့ကို ပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများက သိရှိလိုသည်များနှင့် လုပ်ငန်းပိုင်းဆိုင်ရာများကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

ဆီးချိုသွေးချိုရောဂါကို စောစီးစွာသိရှိပြီး သင့်လျော်စွာ စိမ်ကုသနိုင်မယ်ဆိုရင် နှလုံးသွေးကြောရောဂါ၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်းနဲ့ အာရုံကြောထိခိုက်ခြင်းစတဲ့ နောက်ဆက်တွဲပြဿနာတွေကို ကာကွယ်နိုင်ပါတယ်

(ပါမောက္ခ ဒေါက်တာ သိန်းမြင့်)



ဆီးချိုသွေးချိုရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ အထူးကုဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာသိန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

မေး ။ ။ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေမှုကို စောစီးစွာ သိရှိနိုင်ဖို့ သတိပြုသင့်တဲ့ ကနဦးလက္ခဏာတွေနဲ့ ရောဂါလက္ခဏာ ပုံစံတွေကိုပြောပြပေးပါ။

ဖြေ ။ ။ အများဆုံး တွေ့ရနိုင်တဲ့ လက္ခဏာတွေကတော့ ရေတိခြင်း၊ ရေခဏာခဏာ သောက်ချင်ခြင်း၊ ဆီးခဏာခဏာသွားခြင်း၊ ညဘက် ဆီးထသွားရခြင်း၊ အကြောင်းမဲ့ ကိုယ်အလေးချိန် ကျဆင်းခြင်း၊ ပင်ပန်းနွမ်းနယ်လွယ်ခြင်း၊ အမြင်အာရုံဝါးလာခြင်း၊ အနာကျက်နှေးခြင်း၊ အချို့သူတွေမှာ ထပ်ခါတလဲလဲ ပိုးဝင်ခြင်းတို့ ဖြစ်ပါတယ်။

ဒါပေမဲ့ အရေးကြီးတဲ့အချက်က အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါရှိသူ အများအပြားမှာ အစောပိုင်းကာလ အတွင်း လက္ခဏာမပြနိုင်ပါဘူး။ တချို့သူတွေမှာ နောက်ဆက်တွဲပြဿနာပေါ်လာမှသာ ဆီးချိုသွေးချိုရောဂါရှိကြောင်း သိရှိတတ်ပါတယ်။ ဒါကြောင့် လက္ခဏာမရှိတာနဲ့ ဆီးချိုရောဂါမရှိဘူးလို့ မယူဆသင့်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အထက်ပါလက္ခဏာတွေရှိသူတွေအနေနဲ့ သင့်လျော်တဲ့ သွေးတွင်းသကြားဓာတ် စစ်ဆေးမှုတွေကို ခံယူသင့်ပါတယ်။

မေး ။ ။ ဘယ်လိုလူတွေက ဆီးချိုသွေးချိုရောဂါကို ကြိုတင်စစ်ဆေးသင့်ပြီး ဘယ်အသက်အရွယ်မှာ စတင်စစ်ဆေးသင့်ပါသလဲ။

ဖြေ ။ ။ အောက် ပါအချက် တွေထဲက တစ်ခုသို့မဟုတ် တစ်ခုထက်ပိုရှိသူတွေဟာ ဆရာဝန်နဲ့ တိုင်ပင်ပြီး ဆီးချိုသွေးချိုရောဂါ စစ်ဆေးမှုခံယူသင့်ပါတယ်။ ကိုယ်အလေးချိန်များခြင်း သို့မဟုတ် ဝမ်းဗိုက်အဆီများခြင်း၊ မိဘ၊ မောင်နှမ စတဲ့ မိသားစုဝင်တွေမှာ ဆီးချိုသွေးချိုရောဂါရှိခြင်း၊ သွေးတိုးရောဂါ သို့မဟုတ် သွေးတွင်းအဆီဓာတ် မမှန်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ အရင်က ဆီးချိုသွေးချိုမဖြစ်မီအဆင့် (Prediabetes) ရှိကြောင်း သိရှိထားခြင်း၊ အမျိုးသမီးတွေမှာ အရင်ကိုယ်ဝန်ဆောင်စဉ် ဆီးချိုသွေးချိုဖြစ်ဖူးခြင်း၊ အရင်က ကလေးအလေးချိန်များစွာ မွေးဖွားဖူးခြင်း စတဲ့ အချက်တွေဖြစ်ပါတယ်။ ဘယ်အသက်အရွယ်မှာ စတင်စစ်ဆေးသင့်သလဲဆိုတာက တစ်ဦးချင်းစီရဲ့ဖြစ်နိုင်ခြေ အချက်တွေနဲ့ သက်ဆိုင်ရာ လမ်းညွှန်ချက်တွေအပေါ် မူတည်ပါတယ်။ ဖြစ်နိုင်ခြေ မြင့်သူတွေမှာတော့ အသက်ငယ်သေးတယ်ဆိုပြီး စစ်ဆေးမှုကို မရွှေ့ဆိုင်းသင့်ပါဘူး။

မေး ။ ။ ဆီးချိုသွေးချိုရောဂါမဖြစ်အောင် ဘယ်လိုကြိုတင်ကာကွယ်နိုင်ပါသလဲ။

ဖြေ ။ ။ အမျိုးအစား(၂) ဆီးချိုရောဂါဖြစ်ပွားမှုအန္တရာယ်ကို လျော့နည်းအောင် သို့မဟုတ် ဖြစ်ပွားမှုကို နောင့်နေးစေအောင် ကာကွယ်နိုင်ပါတယ်။ အဓိက အားဖြင့် နေထိုင်စားသောက်မှုပုံစံကို ပြောင်းလဲဖို့လိုအပ်ပါတယ်။ ပထမအချက် အနေနဲ့ အစားအစာကို မျှတစွာစားသုံးသင့်ပါတယ်။ ဟင်းသီးဟင်းရွက်၊ အမျှင်ဓာတ်ကြွယ်ဝတဲ့ အစားအစာတွေကို ပိုမိုစားသုံးပြီး သကြားပါဝင်မှုများတဲ့ အချိုရည်၊ အချိုမုန့်နဲ့ စွမ်းအင်ကယ်လိုရီများလွန်းတဲ့ အစားအစာတွေကို လျှော့ချသင့်ပါတယ်။ ထမင်းကို လုံးဝဖြတ်ပစ်ဖို့ မလိုအပ်ပေမယ့် စားသုံးတဲ့ပမာဏကို သင့်လျော်စွာ ထိန်းညှိဖို့ လိုပါတယ်။

ဒုတိယအချက်အနေနဲ့ ပုံမှန် ကိုယ်လက်လှုပ်ရှားမှု လုပ်ဆောင်သင့်ပါတယ်။ ကျန်းမာရေးအရ လုပ်ဆောင်နိုင်သူ အများစုအတွက် အလယ်အလတ်ပြင်းအား ရှိတဲ့ ကိုယ်လက်လှုပ်ရှားမှုမျိုးကို တစ်ရက်ကို မိနစ် ၃၀ နဲ့ တစ်ပတ်ကို ၅ ရက် သို့မဟုတ် တစ်ပတ်အနည်းဆုံး မိနစ် ၁၅၀ ခန့် ရရှိအောင်ကြိုးစားသင့်ပါတယ်။ တတိယအချက်ကတော့ ကိုယ်အလေးချိန်ကို သင့်လျော်စွာ ထိန်းသိမ်းခြင်း၊ ဆေးလိပ်ရှောင်ခြင်းနဲ့ ပုံမှန်ကျန်းမာရေးစစ်ဆေးမှု ခံယူခြင်းတို့ ဖြစ်ပါတယ်။

အထူးသဖြင့် ဆီးချိုမဖြစ်မီအဆင့်ရှိသူတွေမှာ စောစီးစွာလူနေမှုပုံစံပြောင်းလဲခြင်းက အလွန်အရေးကြီးပါတယ်။

မေး ။ ။ ဆီးချိုသွေးချိုရောဂါရှိသူတစ်ဦးဟာ အင်ဆူလင်ထိုးဆေး စတင်သုံးစွဲရပြီဆိုရင် ရောဂါအခြေအနေ အလွန်ဆိုးရွားနေပြီလို့ ဆိုနိုင်ပါသလား။

ဖြေ ။ ။ အဲဒီလို မဆိုနိုင်ပါဘူး။ အင်ဆူလင်ဆိုတာ သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ပေးတဲ့ အရေးကြီးတဲ့ ကုသမှုတစ်ခုဖြစ်ပါတယ်။ အမျိုးအစား(၁) ဆီးချိုရောဂါရှိသူတွေမှာ အသက်ရှင်နေထိုင်ဖို့ အင်ဆူလင် မရှိမဖြစ်လိုအပ်ပါတယ်။ အမျိုးအစား(၂) ဆီးချိုရောဂါရှိသူတွေမှာ လည်း ခန္ဓာကိုယ်ကအင်ဆူလင် လုံလောက်စွာ မထုတ်လုပ်နိုင်တဲ့အခါ၊ သွေးတွင်းသကြားဓာတ် အလွန်မြင့်တက်နေတဲ့အခါ သို့မဟုတ် အခြားကုသမှုတွေနဲ့ မလုံလောက်တဲ့အခါ အင်ဆူလင် လိုအပ်နိုင်ပါတယ်။

အင်ဆူလင်ကို စတင်သုံးစွဲခြင်းဟာ လူနာရဲ့ အခြေအနေအတွက် သင့်လျော်တဲ့ ကုသမှုတစ်ခုကို ရွေးချယ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ ရောဂါကို ရှုံးနိမ့်သွားခြင်းလို့ မယူဆသင့်ပါဘူး။

အင်ဆူလင်ကို ကြောက်ရွံ့ခြင်း၊ ရှက်ရွံ့ခြင်းတို့ကြောင့် လိုအပ်တဲ့ကုသမှုကို မနောင့်နေးသင့်ပါဘူး။ ဆရာဝန်ညွှန်ကြားချက်အတိုင်း မှန်ကန်စွာအသုံးပြုတတ်ဖို့နဲ့ သွေးတွင်းသကြားဓာတ် အလွန်နည်းကျခြင်းကို ကာကွယ်တတ်ဖို့သာ အရေးကြီးပါတယ်။

မေး ။ ။ ဆီးချိုသွေးချို ရောဂါရဲ့ နောက်ဆက်တွဲပြဿနာတွေကို ဘယ်လို ကာကွယ်နိုင်ပါသလဲ။

ဖြေ ။ ။ ဆီးချိုသွေးချို ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ နောက်ဆက်တွဲ ပြဿနာတွေထဲမှာ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိမြင်လွှာ ထိခိုက်ခြင်း၊ အာရုံကြောထိခိုက်ခြင်းနဲ့ ခြေထောက် အနာများ ဖြစ်ပေါ်ခြင်းတို့ ပါဝင်ပါတယ်။

ဒီပြဿနာတွေကို ကာကွယ်ဖို့ သွေးတွင်းသကြားဓာတ်ကို တစ်ဦးချင်းစီ အတွက် သင့်လျော်တဲ့ ရည်မှန်းချက် အတွင်း ထိန်းချုပ်ဖို့လိုပါတယ်။ ဒါ့အပြင် သွေးပေါင်ချိန်နဲ့ သွေးတွင်းအဆီဓာတ်ကို ပါ ထိန်းချုပ်ရပါမယ်။ မျက်စိစစ်ဆေးခြင်း၊ ကျောက်ကပ်လုပ်ဆောင်မှုနဲ့ ဆီးထဲရှိ အသားဓာတ်ပမာဏ စစ်ဆေးခြင်း၊ ခြေထောက်နဲ့ အာရုံကြောအခြေအနေ စစ်ဆေးခြင်းတို့ကိုလည်း ဆရာဝန် ညွှန်ကြားချက်အတိုင်း ပုံမှန်ပြုလုပ် သင့်ပါတယ်။

လူနာအနေနဲ့ ခြေထောက်မှာ အနာ၊ အရောင်ပြောင်းခြင်း၊ ရောင်ရမ်းခြင်းတို့ကို တွေ့ရှိရင် အချိန်မဆွဲဘဲ ဆေးကုသမှုခံယူ သင့်ပါတယ်။

နောက်ဆက်တွဲ ပြဿနာတွေ မဖြစ်ခင် ကြိုတင်ကာကွယ်တာက ဖြစ်ပေါ်လာပြီးမှ ကုသတာထက် ပိုမို အကျိုးရှိပါတယ်။

မေး ။ ။ ဆီးချိုသွေးချိုရောဂါ ကုသဆေးတွေကို အချိန်ကြာမြင့်စွာ သောက်သုံးနေရတာကြောင့် ကျောက်ကပ်နဲ့ အသည်းကို ထိခိုက်နိုင်ပါသလား။

ဖြေ ။ ။ ဆီးချိုသွေးချိုရောဂါ ကုသဆေး တိုင်းဟာ ကျောက်ကပ်နဲ့ အသည်းကို ထိခိုက်စေတယ်လို့ မဆိုနိုင်ပါဘူး။ ဆေးဝါးအမျိုးအစားတစ်ခုချင်းစီရဲ့ အကျိုးကျေးဇူး၊ ဘေးထွက်ဆိုးကျိုးနဲ့ သုံးစွဲရမယ့် အခြေအနေတွေ ကွဲပြားပါတယ်။

တချို့ဆေးဝါးတွေကို ကျောက်ကပ် လုပ်ဆောင်မှုအပေါ်မူတည်ပြီး ပမာဏ ပြင်ဆင်ဖို့လိုအပ်နိုင်ပါတယ်။ တချို့ဆေးဝါး တွေကိုတော့ အချို့သောကျောက်ကပ် သို့မဟုတ် အသည်းရောဂါ အခြေအနေ တွေမှာ ရှောင်ကြဉ်ဖို့ လိုနိုင်ပါတယ်။

ဒါကြောင့် ဆီးချိုသွေးချိုရောဂါရှိသူ တွေဟာ ကျောက်ကပ်လုပ်ဆောင်မှု၊ အသည်းအခြေအနေနဲ့ အခြားတွဲဖက် ရောဂါတွေကို ပုံမှန်စစ်ဆေးပြီး မိမိနဲ့ သင့်လျော်တဲ့ ဆေးဝါးကို ဆရာဝန်နဲ့ တိုင်ပင်ရွေးချယ်သင့်ပါတယ်။ ဆေးဝါး ကြောင့် ကျောက်ကပ်ထိခိုက်မှာကို စိုးရိမ်ပြီး မိမိဘာသာ ဆေးရပ်လိုက်ခြင်းက သွေးတွင်းသကြားဓာတ် မြင့်တက်စေပြီး ပိုမိုအန္တရာယ်ရှိနိုင်ပါတယ်။

မေး ။ ။ ဆီးချိုသွေးချိုရောဂါနဲ့ပတ်သက်ပြီး ပြည်သူတွေ မှားယွင်းစွာ ယုံကြည်နေကြတဲ့ အယူအဆတွေရှိပါသလား။

ဖြေ ။ ။ ရှိပါတယ်။ ဥပမာ "ဆီးချိုသွေးချိုရောဂါက အသက်ကြီးမှသာဖြစ်တတ်တယ်"၊ "ဝိန်တဲ့သူတွေမှာ ဆီးချိုသွေးချိုမဖြစ်နိုင်ဘူး"၊ "လက္ခဏာမရှိရင် ဆီးချိုသွေးချိုမရှိဘူး" ဆိုတဲ့ အယူအဆ တွေဟာ မမှန်ကန်ပါဘူး။

ဆီးချိုရောဂါဟာ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပါတယ်။ အထူးသဖြင့် အမျိုးအစား(၁) ဆီးချိုရောဂါဟာ ကလေးနဲ့ လူငယ်တွေမှာလည်း ဖြစ်နိုင်ပြီး အသက်ကြီးသူတွေမှာလည်း ဖြစ်နိုင်ပါတယ်။ အမျိုးအစား(၂) ဆီးချိုရောဂါကလည်း အခုနောက်ပိုင်း ငယ်ရွယ်သူတွေမှာပါ အဖြစ်များလာတာကိုတွေ့ရှိရပါတယ်။ အမျိုးအစား (၂) ဆီးချိုရောဂါဟာ အများစုက ဝသူတွေမှာ အဖြစ်များပေမယ့် ပိန်သူတွေမှာလည်း ဖြစ်နိုင်ပါတယ်။

ဆီးချိုသွေးချိုရောဂါရှင် အများစုဟာ ရောဂါဖြစ်ကာစ အစောပိုင်း ကာလတွေမှာ လက္ခဏာပြလေ့ မရှိကြပါဘူး၊ နေ့မကောင်းလို့ စစ်ဆေးရင်းနဲ့မှ တွေ့ရှိကြတာများပါတယ်။ အဲဒါကြောင့်လည်း အသံတိတ်လူသတ်သမား (Silent killer) လို့ ခေါ်ဆိုကြတာ ဖြစ်ပါတယ်။

ဒါကြောင့် မိမိကြားသိရတဲ့ သတင်းအချက်အလက်တွေကို မယုံကြည်မိ သက်ဆိုင်ရာ ကျန်းမာရေးပညာရှင်တွေနဲ့ တိုင်ပင်ပြီး မှန်ကန်တဲ့ အသိပညာရရှိဖို့ အရေးကြီးပါတယ်။

မေး ။ ။ ဆီးချိုသွေးချို ရောဂါရှိသူတွေ အသက်ရှည်ရှည်နဲ့ ကျန်းမာစွာ နေထိုင်နိုင်ပါသလား။

ဖြေ ။ ။ နေထိုင်နိုင်ပါတယ်။ ဆီးချိုသွေးချို ရောဂါရှိတယ်ဆိုတာနဲ့ အသက်တိုမယ်၊ နောက်ဆက်တွဲ ပြဿနာတွေ မဖြစ်မနေ ဖြစ်လာမယ်လို့ မဆိုလိုပါဘူး။

ဆီးချိုသွေးချိုရောဂါကို စောစီးစွာ သိရှိခြင်း၊ သင့်လျော်တဲ့ ကုသမှုခံယူခြင်း၊ သွေးတွင်းသကြားဓာတ်နဲ့ သွေးပေါင်ချိန်ကို ထိန်းချုပ်ခြင်း၊ သွေးတွင်းအဆီဓာတ်ကို စီမံခြင်း၊ ဆေးလိပ်ရှောင်ခြင်းနဲ့ ပုံမှန် ကိုယ်လက်လှုပ်ရှားခြင်းတို့က ရေရှည် ကျန်းမာရေးကို အထောက်အကူပြုပါတယ်။

အရေးကြီးတာက ဆီးချိုသွေးချို ရောဂါကို ကြောက်ရွံ့ပြီး လက်လျှော့လိုက်ခြင်း မဟုတ်ဘဲ ရောဂါနဲ့အတူ ကျန်းမာစွာ နေထိုင်နိုင်ဖို့ အသိပညာ၊ စိတ်ဓာတ်နဲ့ သင့်လျော်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု တွေ ရရှိဖို့ဖြစ်ပါတယ်။

ဆီးချိုသွေးချိုရောဂါရှိသူ တစ်ဦးရဲ့ ဘဝအရည်အသွေးကို ရောဂါတစ်ခုတည်းက မဆုံးဖြတ်ပါဘူး။ ရောဂါကို ဘယ်လို စောင့်ရှောက်စီမံနိုင်သလဲဆိုတာကလည်း အလွန် အရေးကြီးပါတယ်။

တွေ့ဆုံမေးမြန်း - မင်းသစ်(MNA)

ဒက္ခိဏာသီရိမြို့နယ်၌ သမဝါယမအသင်း အမှုဆောင်အဖွဲ့နှင့် အသင်းစာရင်းစစ်ရွေးချယ်ပွဲကျင်းပ

ဒက္ခိဏာသီရိ နိုဝင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ (၂၀၂၄-၂၀၂၅ / ၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဒက္ခိဏာသီရိမြို့နယ် သမဝါယမဦးစီးဌာနသို့ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဒက္ခိဏာသီရိမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်၍ အမှာစကားပြောကြား ပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာများနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အမှုဆောင် အဖွဲ့ဝင်များက ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းအဆင့် ဖွဲ့စည်းရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်၍ အသင်းဝင်ကိုယ်စားလှယ်များ၏ဆန္ဒအရ အမှုဆောင်အဖွဲ့ အသင်းသားစာရင်းစစ်တို့ကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏာ)

❋ မြန်မာမှ

ပွဲစဉ်(၃)တွင် YRG အသင်းက ရိုးမအသင်းကို ခြောက်ဂိုး - နှစ်ဂိုး၊ ယူ-၁၉ အသင်းက ဘူရှိဒိုအသင်းကို ၁၃ ဂိုး - ဂိုးမရှိ၊ ရွှိုင်ရယ်ပန်ထွာအသင်းက လှိုင်သာယာအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ Pacific Sun Far အသင်းက The Stars အသင်းကို ကိုးဂိုး - နှစ်ဂိုး၊ မင်္ဂလာဒုံစီးတီးအသင်းက ဒဂုံဆိပ်ကမ်းအသင်းကို ခြောက်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၃)အပြီးတွင် YRG၊ ယူ-၁၉ အသင်းတို့က ကိုးမှတ်စီ၊ ရိုးမအသင်း၊ Pacific Sun Far အသင်း၊ ရွှိုင်ရယ်ပန်ထွာအသင်းတို့က ခြောက်မှတ်စီ၊ လှိုင်သာယာအသင်း၊ The Stars အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့က သုံးမှတ်စီရရှိထားပြီး ဒဂုံဆိပ်ကမ်းအသင်းနှင့် ဘူရှိဒိုအသင်းတို့က သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

သတင်း - ရှွိုင်းထက်ဇော်

ဓာတ်ပုံ - MFF

ရန်ကုန်မြို့၏ ငလျင်အန္တရာယ်လျော့ပါးရေးနှင့် ငလျင်ဒဏ်ခံနိုင်ရည် မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ရန်ကုန် - ပဲခူး လမ်းနယ်နိမိတ်သတ်မှတ်တိုင်းတာရေးနှင့် လမ်းဘေး ဝဲ၊ ယာ မြေအသုံးချမှုအခြေအနေ စိစစ်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် နိဝင်ဘာ ၁၆

ရန်ကုန်မြို့၏ ငလျင်အန္တရာယ်လျော့ပါးရေးနှင့် ငလျင်ဒဏ်ခံနိုင်ရည် မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၁၆)ထပ်ရုံး၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းအသီးသီးမှ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကျွမ်းကျင်ပညာရှင်များက ရန်ကုန်မြို့၏ ငလျင်အန္တရာယ် လျော့ပါးရေးနှင့် ငလျင်ဒဏ်ခံနိုင်ရည်မြှင့်တင်ရေး ဆိုင်ရာများကို ပိုင်းဝန်းအကြပြု ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မဂ်လာခန်းမ၌ ကျင်းပသည့် ရန်ကုန် - ပဲခူး လမ်းနယ်နိမိတ် သတ်မှတ် တိုင်းတာရေးနှင့် လမ်းဘေး ဝဲ၊ ယာ မြေအသုံးချမှု အခြေအနေစိစစ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက အမှတ်(၃)လမ်း (ရန်ကုန်- ပဲခူးလမ်းနှင့် ခရေပင်လမ်းဆုံကြား) နှင့် ရန်ကုန်-ပဲခူးလမ်း(ရန်ကုန် တိုင်းဒေသကြီး နယ်နိမိတ်အစမှ ထောက်ကြန့် လမ်းဆုံအထိ) လမ်းတည်နေရာနှင့် လမ်းပိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ရန်ကုန်-ပဲခူးလမ်းနယ်နိမိတ် သတ်မှတ် တိုင်းတာရေးနှင့် လမ်းဘေး ဝဲ၊ ယာ မြေအသုံးချမှုအခြေအနေများကို ပိုင်းဝန်းအကြပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

မိတ္ထီလာမြို့၌ အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

မိတ္ထီလာ နိဝင်ဘာ ၁၆

မိတ္ထီလာမြို့၌ အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ မြို့နယ်အဆင့်ပြိုင်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အတွင်းရှိအခြေခံပညာအဆင့်ကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသူကျောင်းသား ၁၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။

အဆိုပါ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် လူသားနှင့်အနာဂတ် အာကာသခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်ကျောင်းသူကျောင်းသားများ၏ ပါဝင် ရေးဆွဲယှဉ်ပြိုင်မှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့်ကော်မတီဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ အဆိုပါပြိုင်ပွဲ၌ နိဝင်ဘာ ၁၀ ရက်တွင် မူလတန်းအဆင့်ပြိုင်ပွဲဝင် ၇၈ ဦး၊ နိဝင်ဘာ ၁၁ ရက်တွင် အလယ်တန်းအဆင့်ပြိုင်ပွဲဝင် ၁၃၃ ဦးပါဝင်ယှဉ်ပြိုင်ပြီး နိဝင်ဘာ ၁၂ ရက်တွင် အထက်တန်းအဆင့်ပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



အထက(၁) လသာ တိုက်ကွမ်ဒိုအသင်း Championship 2026 ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိဝင်ဘာ ၁၆

တိုက်ကွမ်ဒို အားကစားအဆင့် အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးရည်ရွယ်၍ အထက(၁) လသာ ကျောင်းသားဟောင်းများ တိုက်ကွမ်ဒိုအသင်းက ကြီးမှူးပြီး အထက(၁)လသာ တိုက်ကွမ်ဒို အသင်း Championship 2026 ဖိတ်ခေါ်ပြိုင်ပွဲကို နိဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပရာ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဘူမြောင်း တိုက်ကွမ်ဒိုအားကစားရုံ၌ ကျင်းပသည်။



အဆိုပါ ဖိတ်ခေါ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၅ သင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၁၃၆၂ ဦးက (အမျိုးသား/အမျိုးသမီး အသက်ရှစ်နှစ်မှ ၁၇ နှစ်အထက်) speed kick ပြိုင်ပွဲ၊ ကကွက်ပြိုင်ပွဲနှင့် အတိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ (ခါးစည်း ပြာ၊ နက်) တန်းနှင့် (ခါးစည်း ဝါ၊ စိမ်း) တန်းတို့မှ အကောင်းဆုံးကစားသမားဆုများ၊ အတိုးတက်ဆုံးဆုဖလားရရှိသည့် အထက(၂) လသာ၊ မျိုးဆက်သစ် တံခွန်စိုက်ဖလားရရှိသည့် အထက(၁) လသာ၊ တံခွန်စိုက်ဖလား တတိယဆုရရှိသည့် FLY EAGEL အသင်း၊ တံခွန်စိုက်ဖလား ဒုတိယဆုရရှိသည့် စံပြဖိုက်တာအသင်း၊ တံခွန်စိုက်ဖလား ပထမဆုရရှိသည့် အောင်ဆန်းအသင်းတို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

နေလင်း(ပြန်/ဆက်)

ပြည်မြို့နယ် မိန်းမရဲကျေးရွာ၌ သောက်သုံးရေများ စနစ်တကျသုံးစွဲနိုင်ရေး အသိပညာပေး

ပြည် နိဝင်ဘာ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်မြို့နယ် မိန်းမရဲကျေးရွာ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေအရင်းအမြစ်များလျော့နည်းမှုနှင့် ရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေး၊ သောက်သုံးရေများ ဖူလုံစွာ စနစ်တကျသုံးစွဲရေးအတွက် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဆွေးနွေးပြောကြား

ဦးစွာ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကို အလေအလွင့်မရှိစနစ်တကျအသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် ရေကို လိုအပ်သလောက်သာသုံးစွဲရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သုတ



ပုဇွန်တောင်ဈေး၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



ရန်ကုန် နိဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ပုဇွန်တောင်ဈေး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂) ဦးစီးမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဦးနှင့်တာဝန်ရှိသူများက ဈေးသွားဈေးလာများ၊ လမ်းသွားလမ်းလာများ၊ ဓမ္မတော်ယာဉ်မောင်းနှင်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါလက်ကမ်းစာစောင်တွင် အယ်လ်နီညိုဆိုတာ ဘာလဲ၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်နိုင်သော ရာသီဥတုအကျိုးသက်ရောက်မှုများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများ၊ ဂေဟစနစ်အပေါ်သက်ရောက်မှုများ၊ ကျန်းမာရေးကဏ္ဍအပေါ် သက်ရောက်မှုများ ကြုံတွေ့လာရပါက ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြည်သူများ လွယ်ကူစွာ သိရှိနိုင်စေရန် အသေးစိတ်ဖော်ပြထားသည်။

စုယဉ်ချစ်(ပြန်/ဆက်)

မြောင်းမြမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ပညာပေးဆွေးနွေး

မြောင်းမြ နိဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အတွင်းခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ပညာပေးဆွေးနွေးခဲ့သည်။

ယင်းသို့ဆွေးနွေးရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသက်နိုင်ဦးက မြို့နယ်အတွင်း ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား တံဆိပ်ခေါင်းခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုံးခွန်နှုန်း အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး၊ ရောင်းချရာတွင် သတ်မှတ်နှုန်းထားအတိုင်း မှန်ကန်စွာရောင်းချရေး၊ စာရင်းဇယားများ စနစ်တကျထားရှိရေးနှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

လပြည့်ဦး

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသမီးကိုယ်ကာယကြံခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



ပဲခူး နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားခြောက်ခရိုင် အမျိုးသမီး ကိုယ်ကာယကြံခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အားကစားဥယျာဉ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ အသင်းလိုက် ကိုးဦးပြိုင်ပွဲ ဖိုလ်လုပွဲများ ယှဉ်ပြိုင်ကစားနေမှု တစ်ဦးချင်းပြိုင်ပွဲ ဖိုလ်လုပွဲများ ယှဉ်ပြိုင်ကစားနေမှုနှင့် အသင်းလိုက် သုံးဦးပြိုင်ပွဲ ဖိုလ်လုပွဲများ ယှဉ်ပြိုင်ကစားနေမှုတို့ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က အမျိုးသမီး ကိုယ်ကာယကြံခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ပြည်ခရိုင်အသင်းကို တံခွန်စိုက်ဆုဖလား၊ အသင်းလိုက် ကိုးဦးပြိုင်ပွဲတွင် ပထမဆုရရှိသော နတ်တလင်းခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်သည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့၏ ဆပ်ကော်မတီအဖွဲ့ဝင်များက တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ အသင်းလိုက် သုံးဦးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အသင်းများနှင့် အသင်းလိုက် ကိုးဦးပြိုင်ပွဲတွင် ဒုတိယနှင့် တတိယဆုရရှိသော အသင်းများကို ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဖိုင်အဖွဲ့များကို သီးခြားချီးမြှင့်ငွေများ ပေးအပ်ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



အင်္ဂပူမြို့နယ်၌ မီးခိုးမြှူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

အင်္ဂပူ နိုဝင်ဘာ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကျိုးကျေးရွာအုပ်စု ညောင်ပင်သာ(အနောက်)ကျေးရွာတွင် ယနေ့နံနက်ပိုင်းက မီးခိုးမြှူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောသည်။

ဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နီလာရွှေက ဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များ၊ လေထုညစ်ညမ်းမှု၏ အန္တရာယ်များ၊ လေထုညစ်ညမ်းမှုကြောင့် ရာသီဥတုဖောက်ပြန်နိုင်ခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားနိုင်ခြင်း စသည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ရခိုင်ပြည်နယ် ၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ(အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



စစ်တွေ နိုဝင်ဘာ ၁၆

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အခြေခံပညာ ကျောင်းပေါင်းစုံ (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက အခြေခံပညာကျောင်းပေါင်းစုံ (အေရိုးဗစ်)ပြိုင်ပွဲကို ကျောင်းသူများ ကိုယ်ခန္ဓာကျန်းမာကြံခိုင်လာစေရန်၊ ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ကျန်းမာကြံခိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ် အားကစားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဘက်စုံသုံး အားကစားခန်းမကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း စတင် တည်ဆောက်သွားမည်ဖြစ်ပြီး လာမည့်နှစ်များတွင် မိုးလုံလေလုံ ရေကူးကန်ကိုလည်း ဆက်လက် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းပေါင်းစုံ(အေရိုးဗစ်) ပြိုင်ပွဲအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး ကျောင်းသူများက အေရိုးစစ်အကဖြင့် သရုပ်ပြခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ တင်ထွန်း(ပြန်/ဆက်)

သာစည်မြို့ အထက(၁)၌ လူငယ်စကားဝိုင်း ကျင်းပ

သာစည် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၆ ရက်က သာစည်မြို့အထက(၁) ဝန်ဇင်မင်းရာဇာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်စိုးဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက လူငယ်စကားဝိုင်းပြုလုပ်ခြင်း ရည်ရွယ်ချက်များနှင့် လူငယ်ရေးရာတို့ကို အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်အားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက မိမိတို့အမြင်များကို ပြန်လည်ဆွေးနွေးသည်။ ယင်းနောက် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လူငယ် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသား ကျောင်းသူများ အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)



ဘားအံမြို့နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ဘားအံ နိုဝင်ဘာ ၁၆

ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာစီမံကိန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး သတ်မှတ်ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးအောင်လွင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကလေးတိုးချဲ့ ကွက်သစ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ကုမ္ပဏီများမှတာဝန်ယူဆောင်ရွက်နေသော မြေသားလမ်းအဆင့်မြှင့်တင်ခြင်း ၅ ဒသမ ၈၅၄ ကီလိုမီတာနှင့် Pipe Culvert ၅၅ စင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ကျောက်တန်းမြို့နယ်၌ ကျေးလက်လမ်း၊ တံတား လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကျောက်တန်း နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တာဝန်ရှိသူများက နိုဝင်ဘာ ၁၃ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးဇော်မိုးဦးနှင့် တာဝန်ရှိသူများသည် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း

မော်လမြိုင်- ရေး- ထား၀ယ်- မြိတ်လမ်းပိုင်း၌ အဘစ်တံတား တည်ဆောက်လျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၁၆


မော်လမြိုင်- ရေး- ထား၀ယ်- မြိတ် လမ်းပိုင်းရှိ မိုင်(၃၂/၂- ၃၂/၃)တွင် သံကူ ကွန်ကရစ် ပေ ၂၀၀ အရှည်ရှိ အဘစ်တံတားကို တည်ဆောက်လျက်ရှိသည်။

အဆိုပါတံတား တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများ နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ်လမ်းပန်းဆက်သွယ်ရေးချောမွေ့ စေရေးအတွက် တံတားရေရှည်တည်တံ့ခိုင်မြဲ အောင် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထားဆောင်ရွက်ရန်မှာကြားသည်။

ထို့အတူ ဝင်းဖနံတံတားကို အရှည်ပေ ၁၈၀ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့မတစ်ဆင့် မုဒုံမြို့နယ်ရှိ ဝင်းဖနံဆည်၌ လက်ရှိရေသိုလှောင်ထားရှိမှု၊ ကန်ရေပြည့် အမှတ် အခြေအနေ၊ ဆည်ရေပိုလွှဲမှတစ်ဆင့် စနစ်တကျ ရေထုတ်လွှတ်နေမှုနှင့် ဆည်ကြံခိုင်



ရေးထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေ ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို တာ၀န်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မုဒုံမြို့နယ် ညောင်ကုန်း ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း၌ Nobeline Myanmar Co., Ltd. က တာ၀န်ယူ တည်ဆောက်လျက်ရှိသည့် RCC နှစ်ထပ် စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာရှိ ဝက်မွေးမြူရေးခြံ၌ DY မျိုး၀က်မကောင်ရေ ၂၅၀၊ ဝက်သိုး ၁၈ ကောင်၊ ဝက်ငယ်ကောင်ရေ ၁၆၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။ စည်သူ(ပြန်/ဆက်)

ဟုမ္မလင်းမြို့တွင် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်သင်တန်းဖွင့်

ဟုမ္မလင်း နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဟုမ္မလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ က အမှာစကားပြောကြားသည်။ ထို့နောက် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ပုံစံများကို ဟုမ္မလင်းမြို့ပေါ်ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တာ၀န်ရှိသူများက လက်၀ယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်ဈေးခ၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်ရာ

နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပုဇွန်တောင်ဈေး ဈေးတာ၀န်ခံဦးခင်ဇော်၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဈေးသူ၊ ဈေးသား များ ပူးပေါင်းဆောင်ရွက်စဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက မြို့နယ်သစ်တောဦးစီးဌာနရုံး၌ မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။

ကောင်းစစ်နိုင်



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မီးသတ်စခန်းနှင့် နယ်မြေ မီးသတ်စခန်းများကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဆန်း ကြည့်ရှုစစ်ဆေးစဉ်။

ကိုအောင်



မော်လမြိုင်- ရေး- ထား၀ယ်- မြိတ်လမ်းပိုင်း၌ အဘစ်တံတား တည်ဆောက်လျက်ရှိ



မုံရွာမြို့၌ ပွဲကြည့်စင်ပါ အဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ပင်ကန် တည်ဆောက်လျက်ရှိ

စစ်ကိုင်း နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒေါ်နဲခြဲ ရပ်ကွက်၌ ပွဲကြည့်စင်ပါ အဆင့်မြင့် ရေကူး ကန်နှင့် ဒိုင်ပင်ကန် တည်ဆောက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက် ပြီးစီးရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး တာ၀န် ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ် သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့အတူ တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင် ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မုံရွာလေဆိပ်နှင့် လေဆိပ်ခြံစည်းရိုး ကာရံနေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ခရီးသွားပြည်သူများ စိတ်အေး ချမ်းသာစွာ သွားလာနိုင်ရေးအတွက် လေယာဉ် ခရီးစဉ်များ ပုံမှန်ပြေးဆွဲရေး၊ လေယာဉ်ကွင်း ပြေးလမ်းတစ်လျှောက်နှင့် ခရီးသည် နားနေ ဆောင် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လေယာဉ်ကွင်းလုံခြုံရေး ကိစ္စရပ်များကို အလေးထား ဆောင်ရွက်သွားကြရန် မှာကြားခဲ့ ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထား၀ယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄,၂၅၀	၄၄,၂၅	၄၄၇၅	၄,၂၈၅	၄၄၃၀	၄၄၄၅	၄၄၈၀	၄၄၅၅	၄၇,၂၅	၄၇၅၅	၄၄၇၅	၄၅၅၅	၄၄၇၀	၄၄,၂၅	၄၄၈၅	၄၆၆၅
95 Ron	၄၃၀၅	၄၄၇၀	၄၄,၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅,၂၀	၄၄၀၀	၄၇၆၅	၄၇၅၅	၄၄,၂၀	၄၅၅၅	၄၅၅၀	၄၄၇၀	၄၄၈၀	၄၇၁၀
HSD (500 ppm)	၄၃၈၀	၄၅၃၀	၄၄၈၅	၄၃၉၅	၄၅၈၅	၄၅၄၅	၄၄၈၀	၄၄၆၅	-	၄၈၆၅	၄၄၈၅	၅၂၁၅	၄၅၇၀	၄၅၃၀	၄၅၆၀	၄၇၆၀
HSD (50 ppm)	၅၃၀၅	၅၄၇၀	၅၄,၂၀	၅၃၃၀	၅၄၀၅	၅၄၉၀	၅၅,၂၀	၅၄၀၀	၅၅၇၀	၅၅၀၀	၅၄,၂၀	၅၅၅၅	၅၅၃၀	၅၄၇၀	၅၄၈၀	၅၅၁၀
HSD (10 ppm)	၅၃၀၅	၅၄၇၀	၅၄,၂၀	၅၃၃၀	၅၄၀၅	၅၄၉၀	၅၅,၂၀	၅၄၀၀		၅၈၀၀	၅၄,၂၀	၅၅၅၅	၅၅၃၀	၅၄၇၀	၅၄၈၀	၅၅၁၀

ကျပ်/လီတာ

Fuel (ဒေသကြီးဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၅	၄၁၇၀
95 Ron	၄၀၆၅	၄၂၁၂
HSD (500 ppm)	၄၁၇၅	၄၂၉၀
HSD (50 ppm)	၅၀၆၅	၅၁၉၇
HSD (10 ppm)	၅၀၆၅	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေးနှပ်မှမရိုပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၇၄၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၅၀၀၀၀

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကော့မျုံးမြို့နယ်၌ စာဖတ်ရှုနိုးဖြွင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

ကော့မျုံး နိုဝင်ဘာ ၁၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှုနိုးဖြွင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မျုံးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကော့မျုံး)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ခြည်စိမ့်က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် အထက(ကော့မျုံး)မှ ကျောင်းသား ကျောင်းသူ ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင်လည်း အထက(ကော့မျုံး)မှ ကျောင်းသား ကျောင်းသူ ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကာ ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မျုံး)





တစ်ဦးချင်းအလိုက် အသားလိုအပ်ချက် ပြည့်ဝဖူလုံစေရေး ဌာနဆိုင်ရာများ၊ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်သူများ နေ့စဉ်စားသောက်မှုပုံစံ ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ တစ်ဦးချင်း နေ့စဉ် အသားဖူလုံမှုရှိစေရေး၊ အရည်အသွေးကောင်းမွန်ဖို့ရေး အာဟာရပြည့်ဝသည့် မွေးမြူရေး ထုတ်ကုန်များ တိုးချဲ့ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းသည် မွေးမြူရေးသုတေသနစခန်း(မန္တလေး)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စခန်းတာဝန်ခံက မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသောငါးကန်များ ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာပါက ငါးများ ကျွေးရန် အစာနှင့် ရေကြိုတင်စုဆောင်းထားရှိမှု၊ တိုင်းရင်းငါး၊ မွေးမြူရေးငါး၊ မျိုးငါးအဖြစ် ချန်မည့် ငါးသန့်စုစုပေါင်းကောင်ရေ ၁၂၀ မွေးမြူထားရှိမှုနှင့် ရေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်တာဝန်ရှိသူများ၊ မွေးမြူရေးတောင်သူများနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် စစ်ကိုင်း တိုင်းဒေသကြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ တိုင်းဒေသကြီး၊ ခရိုင်မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မွေးမြူရေးတောင်သူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံပြီး တစ်ဦးချင်းအလိုက် အသား လိုအပ်ချက် ပြည့်ဝဖူလုံစေရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် မွေးမြူရေးတောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်နောက် မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် ရုံးအဆောက်အအုံ၊ စစ်ကိုင်း ငါးလုပ်ငန်းသင်တန်းကျောင်းရုံး၊ သင်တန်းခန်းမဆောင်၊ အစည်းအဝေးခန်းမ၊ ဂိုဒေါင်နှင့် စားဖိုဆောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနခရိုင်ရုံး ပြန်လည်တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သာစံ(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လက်ခဲသုနက္ခလမ်း၊ မြေကွက်အမှတ်(၄၈၇)၊ မြေအကျယ်အဝန်း(၄၀×၆၀ပေ)ရှိ နစ်(၆၀)မြောက်မြေကွက်ပေါ်တွင် ဧဆောက်လုပ်ထားဒေသ (၂)ဝန်းတွဲ(၆)ထပ်တိုက်အဆောက်အဦမှ တိုက်ကိုမျက်နှာမူလျက် (ညာဘက်ခြမ်း)၊ (မြေရင်းခြမ်း)၊ တတိယထပ်၊ (၄)လွှာ၊ အကျယ်အဝန်း(၁၇၀×၅၄၀ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရင်းနှင်းကန်တရိုက်တာတို့(၃၀-၉-၂၀၂၄)ရက်နေ့တွင်ချုပ်ဆိုထားဒေသာစာချုပ်အရ ကန်ထရိုက်တာများဖြစ်ကြဒေသာ ဦးဇေကျော်ဆန်း(၀၂/ဒဂန(နိုင်)၀၄၀၆၀)နှင့်ဦးဆောင်းလှ(၁၂/ဒဂတ(နိုင်)၀၄၅၃၅၄)တို့မှ တရားဝင်အကျိုးခံစားခဲ့ပိုင်ခွင့်/ရပိုင်ခွင့်ရှိသည့်တိုက်ခန်းဖြစ်ပြီး ဝိမိတိုသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှဲတင်လဝဲပစ္စာလွဲခဲ့ပြောင်းရေးချုပ်ခွင့်ရှိသူများဖြစ်ကြောင်းခန့်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထဲသို့ (ကြိုပြိုင်စနစ်ဖြင့်)အပြီးအပိုင်လွှဲပြောင်းရေးဂိုးရေးချုပ်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေထဲသူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးဆောင်ထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်ခွင့်ရှိအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်ပြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ -

ဦးတင်ဦးဝေနိုင် (LL.B) အထက်တန်းရေနှုန်း (စဉ်-၅၅၉၁၃)
ဒေါ်ဥသြခင် (ခ)ဥမ္မာသဿီနိုး (LL.B) အထက်တန်းရေနှုန်း (စဉ်-၅၃၀၀၆)
အမှတ်(၁၃၁)၊ မြေတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၀၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၄၂၆၈၇၂၃၀၇၊ ၀၉-၄၂၄၅၆၂၃၀၇

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ တမူဝတီရပ်ကွက်၊ အကွက်အမှတ်-၄၈၇၊ ဦးပိုင်အမှတ်-၃-ခ/၀၆လမ်း၊ မနံ့မြို့တော်ကဖေးတောင်ဘက်အနီးရှိ မွန်ကာ အမည်ပေါက် ဘိုးဘာဖြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၄၉၈/၂၀၀၁)ဖြင့် ဒေါ်မေ(ခ) လုမေ်ပါ- ၆ ဦးက ပိုင်ဆိုင်ခဲ့ပြီး၊ ၎င်းတို့အနက် ဒေါ်မေ(ခ)လုမေ်ပါ-ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၅၀၁/၂၀၀၁)ဖြင့် ဒေါ်ဝင်မောဝေ ပိုင်ဆိုင်ခဲ့ပြီး၊ ၎င်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၉၈၆/၂၀၁၈)ဖြင့် ဦးတင်ဦးပါ -၂ဦး က ပိုင်ဆိုင်ခဲ့ပါသည်။ ဦးတင်ဦးပါ-၃ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၉၅၇/၂၀၁၈)ဖြင့် ဒေါ်ပြုံးပြုံး၊ -၅ဦးက ပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းတို့အနက် ဒေါ်ပြုံးပြုံး (အပျိုဘဝ) ဒေါ်မိမိရီ (အပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူများဖြစ်ကြသော ဒေါ်နိုင်နိုင်မော် (၉/မရတ(နိုင်)၀၄၉၁၁၄) ဒေါ်သန္တာဆင် (၉/မရတ(နိုင်)၀၄၉၁၄၁) ဦးထိန်လင်း (၉/မရတ(နိုင်)၀၄၉၁၄၂)တို့က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးများရုံး ထောက်ခံချက်များ ဝင်ပြီး၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ကရင်ချောင်းလမ်းဆုံနှင့် လူစည်ကားရာနေရာများတွင် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေရာ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနန္ဒနှင့် အဖွဲ့ဝင်များ ဖြန့်ဝေပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်းအများသဘောထားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၈) လမ်း၊ အမှတ် -၆၇၊ ၆ လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂.၅၀ပေx၅၀ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ချိုချို ဝင်း (၁၂/မရက(နိုင်)၀၀၂၉၁၈)က တရားဝင် အကျိုးခံစားခွင့်ရှိကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးသန်းထိုက်အောင် (၁၂/မရက(နိုင်)၁၃၉၈၆၈)မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများယူဆောင်လာပြီး ကျွန်ုပ်တို့ထံသို့လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီပြီးပြတ်သည်ဟု သဘောထားမှတ်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူများ -
ဒေါ်အိမွန်သော် (LL.B, LL.M) **ဒေါ်ဖြူစံဝေယ်သင်း** (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၇၀) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၂၉)
အမှတ်-၁၂၉၊ ရွှေယင်းမာလမ်း၊ ၁၃ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၉၄၂၉၃၈၇၊ ၀၉-၅၁၁၃၂၂

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၁၀)ကျောင်း၊ Grade (5)မှ မောင်မိုးထက်ကြယ်နှင့် Grade (3) မှ မောင်ကောင်းထက်ကြယ်တို့၏ ဖခင် အမည်မှန်မှာ မင်းညီဖိုး[၃/ဘအန(နိုင်)၂၀၀၉၀၈] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၁၀)ကျောင်း၊ Grade(5)မှ သမီး ထက်ထက်ဂုဏ်ရည်၏ ဖခင် အမည်မှန်မှာ မင်းသိုင်းနောင် [၁၀/မလမ(နိုင်)၁၄၄၂၇၆]ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ အ.မ.က(တာပွန်လေး)ကျောင်းမှ ဒေါ်ချိုဇင်အောင် (လ/တမုပြ)၏ ဖခင်အမည်မှာ ဦးအောင်သိန်းဝင်း (ခ) ဦးအောင်ဝင်းသိန်း [၁/တကန(နိုင်)၀၆၀၃၆၁]သည် လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ အ.မ.က(တာပွန်လေး)ကျောင်းမှ ဒေါ်သဲသဲ(ဒုတိယမှူလတန်း(ပြ)၏ ဖခင်အမည်မှာ ဦးမြအေး(ခ) ဦးဆုန်းမြင့် [၁/ခရန(နိုင်)၀၂၄၀၀၂]သည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတဆုံလမ်း၊ အမှတ် (၁၀၉/ဖ၉)ခေါင်းပေါ်ရှိ (၂)ခန်းတွဲ၊ (ခ)ထပ်ကိုက်မှ ၃-ယွာ (ခြေရင်းခန်း) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်ဆံရေးပျက်ယွင်းမှုကြောင့် တရားဝင်ငင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခြိုးပြည်ညီကျော် (၈/မကန(နိုင်) ၁၉၉၄၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လယ်ယူရန်အတွက် ရောင်းဈေးတစ်ထပ်တစ်ဒေသကို ပေးချေထားခြင်းရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေများအပေါ် နှိပ်စက်ညှဉ်းဆဲမှုများ ရှိကြောင်း၊ အထိုပိတ်ကားခန်းဆောင်းအပေါ် ကန့်ကွက်ပိုင်ခွင့်ရှိသူများမှာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်ရန်ရှိပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သစ်ခိုရ် (LL.B., D.BL., D.LL) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၆၉)
အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (ခ)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း - ၀၉ ၄၂၁၆၂၈၆၆၊ ၀၉ ၄၂၀၉ ၂၀၈၆၆

အများသိစေရန် နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ္ဗန်းကွန်းမြို့နယ်၊ ငဲမိုးရိပ်ရပ်ကွက်၊ (၈)လမ်း၊ အိပ်ရာ(၁၇)၊ အမှတ်(၁၀၅၅)ဟူသော်ငွေသော အလျား x အနံ (၂၅ x ၅၀)ပေ ဦးလှသင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲသုံးထပ်ခွဲတိုက်အဆောက်အဦ၏ ဒုတိယထပ်(၄)လွှာ (ခြေရင်းခန်း)၊ တိုက်ခန်းတစ်ခန်း(ရေ+မီးစုံ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင် ဦးသက်ထွန်းထံမှ နှစ်ဦးသဘောတူအဆင့်ဆင့် အဆက်ဆက်ဝယ်ချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်နုနုထွေး [၁/သဃဂ(နိုင်) ၁၇၀၈၉၇]မှ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက်အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်ထွန်းနှင့် [၁/ရကန(နိုင်)၀၆၆၁၀၅]မှ အပြီးအပိုင်ဝယ်ယူရန် အတွက်ရောင်းဖိုး ငွေဖြတ်ပြီးသည့် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ မူရင်းအပြည့်အစုံဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူတိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးသက်ထွန်းနှင့် ၏လွှဲအပ်ညှိနှိုင်းသူ -
ဒေါ်ဝင်ဝင်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၉)
အမှတ်(၁၂/၁၀၈၃) အောင်ကျက်သရေလမ်း၊ ရွှေဝပါက်ကြိုမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်။ ၀၉- ၂၆၁၀၀၁၃၄

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၂ နည်း၃ဥပဒေ ၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၃

ဦးရွှေသိန်း	နှင့်	ဦးနီဦး
(တရားလို)		(တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ ရန်ပြေ (၁၉)လမ်း၊ အမှတ်(၂၇) နေ တရားပြိုင် ဦးနီဦး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋ္ဌာဉ်အတိုင်း မှတ်ပုံတင်အမှတ် ၉၉၉၉၉၉၉၉ ချုပ်ဆိုပေးစေလို့မူ လျှောက်ထားခဲ့ဆဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဝန်လျော်၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန်ရှိရန်၊ ရေနဲဖြစ်စေ၊ သို့တည်းမဟုတ် ငင်းအမှုနှင့်ဝန်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးဦးတစ်ယောက်၊ ငင်းရှေ့နေနှင့်ပါ၀ေ၍ဖြစ်စေ ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုရွဲဆိုချက်ကို ထုချေရုံးလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ဗျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အဖိုမြုပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အဝှ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သပ်ပိုင့်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်ဓာဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
သာကေတမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ
ရွှေပြည်သာဖြန့်ချိရေးကုမ္ပဏီ၏ ရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၉၇၂/(က+၁၈)၊ ဧရိယာ(၀.၀၅၅)ဧကခန့်ကို မြေကွက်တည်ရန်ရာအမှတ်(၉၇၂/က+၁၈)သမာဓိလမ်း (၁၁)ရပ်ကွက်၊ ရွှေပြည်သာဖြန့်ချိပြီးဆေးကြေးမံ (၁/အဓန(နိုင်)၀၇၇၃၈၂)အရပ်ပေါက်ရန်(၆၀)မြေဈေးဆောင်(၈ရန်)မြေအားအမည်ပေါက်ထိုးက(၁၈-၁၂-၂၀၂၆)ရက်နေ့ပါအရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်သေဒိုးမီးဦးထွေး (၁/အဓန(နိုင်)၀၇၈၄၁)မှဝယ်ယူခဲ့ပြီးဥင်းအမည်ပေါက်ရရှိရေးအတွက် ဦးဆေးကြယ်အား တရားဝင်ငွေပေးချေရှင်းလင်းပြီးသည်ဖြစ်ရာ ထိုမြေနှင့်ပတ်သက်၍ တရားမ အမှတ်-၅၈/၂၀၂၅(G-၁-၂၀၂၆)အရ "တတ်ပြီးညှဉ်အတိုင်းအရောင်း အဝယ်မှတ်ပုံတင်စာချုပ်ပေးစေလို့မူ "ဖြင့် တရားခွန်ဆိုခဲ့ရာအနီးဒီကရိုရှိခဲ့သဖြင့် ရွှေပြည်သာဖြန့်ချိမှုနှင့်တရားရုံးတရားမစာရိုမှုအမှတ်-၁၅/၂၀၂၆ (၂၁-၈-၂၀၂၆)အရတရားရုံး(ကိုယ်စား)လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရန် အတွက်တရားရုံးအရာရှိအဖြစ်ဒေါ်ငဝါ(ဘီလစ်)(၁/လမန(နိုင်)၀၂၉၆၃၃) အားခန့်အပ်တာကိုစေးအပ်ခဲ့သဖြင့်ဒေါ်ငဝါ(ဘီလစ်)မှ(၂၆-၈-၂၀၂၆)ရက်စွဲပါရွှေပြည်သာဖြန့်ချိမှုနှင့်တရားရုံးတို့ဘီလစ်ခန့်စားငွေနှင့်ဒေါ်ငဝါ(ဘီလစ်)အား ခန့်အပ်ထားကြောင်းအကြောင်းကြားစာ၊ဂရန်မှမူရင်းတရားမကြီးမှုအမှတ်-၅၅/၂၀၂၅(၆-၁-၂၀၂၆)ရက်စွဲပါအရပ်ကတိအရောင်းအဝယ်စာချုပ်နှင့်နိုင်ငံသားစီစစ်ရေးကတ်ပြားကို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ဝိုင်းလှံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ဘဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၉)၊ ဦးပိုင်အမှတ်(၄၆+၄၇)၊ ၈၄ လမ်းနှင့် ရွှေစံကိုင်လမ်းထောင့်ရှိ ဦးပြောင်း၊ ဒေါ်လှဝင် အမည်ပေါက် ဂရန်မြေကွက်အား ဇနီး ဒေါ်လှဝင်ကွယ်လွန်၍ ကျွန်ုပ်စံသော ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးပြောင်း [၉/မနတ(နိုင်)၀၆၄၉၈၈]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတော်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၀၉)၊ ဦးပိုင်အမှတ်(၁၅၊ ၁၆)၊ ၈၀ လမ်းနှင့် ၂၆ လမ်းထောင့်ရှိ ဦးသိန်းဝင်း [၉/မနတ(နိုင်)၀၆၆၂၂၆]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတော်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၀၉)၊ ဦးပိုင်အမှတ်(၁၅၊ ၁၆)၊ ၈၀ လမ်းနှင့် ၂၆ လမ်းထောင့်ရှိ ဦးသိန်းဝင်း [၉/မနတ(နိုင်)၀၆၆၂၂၆]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတော်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ် [(၆/[illegible]က)] (၁၁)ရပ်ကွက်၊ ရွှေဟော်လမ်း၊ အမှတ်(၆၂)၊ ၆-လွှာ၊ (Penthouse)။ အကျယ်အဝန်း(၂၀၉၁)စတုရန်းပေရှိ ရေ+မီးစုံလင်စွာပါရှိသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းမြင့်(၁)ချောင်ဟာမွန်း [၁/လမန(နိုင်)၀၀၀၂၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာဝင်း [၇/ပန(နိုင်)၀၆၇၀၀၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသွားမည်ဖြစ်ပါသည်။

ဒေါ်ခင်မာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်လတ် BA(Law), LL.B (Advocate)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၀၃)
Ph: 09-691001391, 09-251107733
အမှတ်(၁၀၈)၊ ၅-လွှာ(B)၊ ဓမ္မာရုပလမ်း၊ ၈မိုးနောင်းမြို့နယ်။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အပြင်ပဒဲရပ်ကွက်၊ အနောက်ရထားလမ်း၊ အမှတ်(၆၉)၊ အကျယ်အဝန်း အလျား၊၂၀၀၊ပေ(၆၀ပေ)ရှိ ရေမီး အစုံ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ဆက်ဝင်ဆောင်ရွက်ရာတွင်မှားယွင်းခြင်း အဆိုပါနေအိမ်အဆောက်အဦအား လက်ဝယ်ပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းအေး[၁/လမန(နိုင်)၀၃၆၅၆၂]မှ ၎င်းသာလျှင် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အမှုပ် အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်သွင်[၁၄/ဘကလ(နိုင်)၂၄၅၈၈]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ကျွန်ုပ်၏မိတ်ဆွောက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်သွင်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်ကျော်ကျော်ဦး (LL.B)
အထက်တန်းရှေ့နေ(စဉ် - ၅၆၈၃၆)
အမှတ် - ၁၆၉/က၊ ဦးဘချိုလမ်း၊ ၂၀ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
ဖုန်း - ၀၉ - ၄၄၀၃၀၉၉၁၊ ၀၉ - ၆၈၂၄၀၁၆

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/မြောက် ရပ်ကွက်၊ အထက်မန္တလေးလမ်းသွယ် (၂)လမ်း၊ အမှတ်-၁၃ မြေကွက် ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ် (တိုက်ဘက်သို့မျက်နှာမူလျှင်-ယာဘက်) အခန်းကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သေးမြင့် [၁၂/တမန (နိုင်) ၀၆၆၈၂၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည်သူမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်သက် (LL.B) **ဒေါ်ဆွေစင်မိုး**
(စဉ်-၉၂၇၈/၁၃) **(စဉ်-၉၃၀၀/၁၃)**
တရားလွှတ်တော်ရှေ့နေများ
ရုံး - တိုက်-၉/၁၁၊ ပ-ထပ်၊ အခန်း-၁၀၃(H)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၁၁၃၃၊ ၀၉-၂၅၂၄၈၉၀၇၉

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် (၈၉၉/က)၊ ဧရိယာ-၁၂၀ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်-၈၉၉/က၊ မိဂလိသဲ(၁၈)လမ်း၊ ၁-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်လှကြည်) [၁၂/ဥကတ(နိုင်)၁၁၇၁၈၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်လှကြည်အား ဖခင် ဦးသိန်းဝင်း [၉/မနတ(နိုင်)၁၂၂၀၅၅]မှ သဘင်းကျွန်း၊ နိုင်/ကတ်၊ ဝန်ဆောင်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ဝိုင်းလှံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ
မန္တလေးမြို့၊ အမရပုရမြို့နယ်၊ မှန်တာန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၈၀/၁)၊ ၈၄ လမ်းနှင့် ပုတ်တန်းလမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးဝင်းမြင့်၊ ဦးဝင်းကိုမြင့်တို့ (၂)ဦးအနက် ဦးဝင်းမြင့်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၄၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်စဝယ်ထွန်း၊ ဦးဝင်းကိုမြင့် [၅/ဓမတ(နိုင်)၀၁၀၃၀၆]တို့က အမှုတွဲအမှတ်(၃၄၉၂/၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၇)၊ ဦးပိုင်အမှတ်(၈၄)၊ ၄၁ လမ်းနှင့် ၅၆ လမ်း ထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လတ်လတ်စိုးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၀၄/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းသီဘာထွေး [၁၂/လမန(နိုင်)၁၂၄၅၉၉]က အမှတ်(၃၅၀၁/၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ဟန်းတာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်အမှတ်(၅၅)၊ ၈၆ လမ်းနှင့် ၂၆ လမ်းထောင့်ရှိ ဒေါ်ကြူးအေသပ်ပေါက်သော ဒေါ်ဝင်းသီဘာထွေး [၁/လမန(နိုင်)၁၂၄၅၉၉]တို့က အမှတ်(၃၅၀၁/၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်ပြန်လဲခြင်း
မော်လမြိုင်မြို့၊ အထက (10)ကျောင်း Grade(5) မှ မောင် နေထူးဇွဲ၏ ဖခင်အမည်မှန်မှာ စောသောထူး [၁၄/ကကန(နိုင်)၁၃၉၇၇၇] ဖြစ်ပါကြောင်း ။

ကြော်ငြာစာ
မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါ်နတ္တားရပ်ကွက်၊ အကွက်အမှတ်(၁၉၉)၊ ဦးပိုင်အမှတ်(၁၀၉၊ ၁၁၀)၊ ၉၉ လမ်းနှင့် ၂၆ လမ်းထောင့်ရှိ ဦးသိန်းအေး၀င်း။ Dr.ခေါင်မော်(ခ)မော်လီအမည်ပေါက် ဂရန်မြေကွက်အား ဇနီး ဒေါက်တာခင်မော်(ခ)မော်လီ ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးအေး၀င်း [၁၂/ဥကမ(နိုင်)၀၈၄၆၂၀]က ရန်ရစ်ခဲ့သော ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတော်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်(၂)ဖျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း
ကျွန်တော် ဦးနိုင်လင်းထက် [၁၂/ဥကတ(နိုင်)၀၆၇၆၁]၏ ဖခင်အမည်မှာ သန်းခေါင်စာရင်း၊ နိုင်ငံသားစီစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မူရင်းတို့တွင် ဦးပေါ ဟု ဖော်ပြထားပြီး ဥပဒေဘွဲ့လက်မှတ်မူရင်းတွင် ဦးပေါ ဟု ဖော်ပြထားရာ ဦးပေါ၀န့် ဦးပေါ၀ဟု အမည် (၂)မျိုးဖြစ်သော်လည်း လူတစ်ဦး တည်းဖြစ်ပါသည်။

ဦးနိုင်လင်းထက် [၁၂/ဥကတ(နိုင်)၀၆၇၆၁]

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော MV.MOE HIN THAR-1 (Reg.No-102513)အမည်ရှိ ကမ်းထိုးကုန်တင်(သဲ)ရေယာဉ်၏ အလျား ၆၃.၃၂ မီတာ၊ အနံ ၁၅.၅၃ မီတာ၊ ဓောက် ၃.၃၆ မီတာ၊ လုံးပေါင်းတန်ချိန် ၉၇၂ အား မှတ်ပုံတင်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဒေါ်တင်လတ်မင်း [၅/မရန(နိုင်)၀၁၂၇၅၉]အမည်မှ ဦးဖြိုးသန်းနှင်း [၁၄/ကလန(နိုင်)၁၂၃၂၇၁]အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤနှစ်ကြောင်းရေးမှုးချုပ်၊ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှု အထောက် အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက် ကျော်လွန်ပါက ဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်းနံးကျွန်းမြို့နယ်၊ ၁၆/ဝ ရပ်ကွက်၊ ဧရိယ(၃) လမ်း၊ အမှတ်-(၈၁၇/က) မြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းနှစ်ထပ် (၆)ထပ်တိုက်၏ ပဉ္စမထပ် (၆-လွှာ) အကျယ်အဝန်း(၁၈'x၅၄')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ပါရှိသော ကိုယ်ပိုင် မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် တိုက်ခန်းနှင့်ပတ်သက်ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ၎င်းကိုယ်တိုင် လက်ရောက်ယယူထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထူးအောင်မွန်[၁၂/ရကန(နိုင်)၀၆၄၀၂၀]မှ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ သဃ်းကျွန်း(၁၆)ရပ်ကွက်၊ ရွှေဟော်လမ်း၊ အမှတ်(၈၁၇/က)မြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းနှစ်ထပ် (၆)ထပ်တိုက်၏ ပဉ္စမထပ် (၆-လွှာ) အကျယ်အဝန်း(၁၈'x၅၄')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ပါရှိသော ကိုယ်ပိုင် မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် တိုက်ခန်းနှင့်ပတ်သက်ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ၎င်းကိုယ်တိုင် လက်ရောက်ယယူထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထူးအောင်မွန်[၁၂/ရကန(နိုင်)၀၆၄၀၂၀]မှ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ၎င်းကိုယ်တိုင် လက်ရောက်ယယူထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထူးအောင်မွန်[၁၂/ရကန(နိုင်)၀၆၄၀၂၀]မှ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ သဃ်းကျွန်း(၁၆)ရပ်ကွက်၊ ရွှေဟော်လမ်း၊ အမှတ်(၈၁၇/က)မြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းနှစ်ထပ် (၆)ထပ်တိုက်၏ ပဉ္စမထပ် (၆-လွှာ) အကျယ်အဝန်း(၁၈'x၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၂၈၊ ဒေါင်းသုခ(၇)လမ်း၊ မြေကွက်အမှတ်-၂၄၄ ဟူသော်လွှင်သော နှစ် (၆၀)ဂရန်နှင့်မြေအမျိုးအစား (အလွှာ ၄၇၀၀ x အနဲ့ ၆၀ ပေ)၊ ဧရိယာ(၀.၀၆၅) ဧကာ၊ (၂၇၀၀)စတုရန်းပေ အကျယ်ရှိမြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ဂုဏ်ကုန်ဒေါ်စည်ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမြင့်ထူး(CI-049153)၏ အမည်ပေါက် ပိုင်ဆိုင်ပြီး ဦးမြင့်ထူးထံမှ ဝန်ထမ်း ဆက်စပ်ရာမှ ဆွေ့ဆင့်ဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင် ထားသူ ဦးနောင်နောင်လင်း(၁)/ကမရ(နိုင်)၀၄၈၀၂၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ဦးနောင်နောင်လင်းက ဦးမြင့်ထူးနှင့် အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ် ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း နောက်ဆုံးထား၍ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဝင်းဇော် လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဝင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၃၂၈)
အမှတ်(၆၂၄)၊ ပုဂံလမ်း(၁၀/၇)ရပ်ကွက်၊ ရွှေဃါက်ဂ်မြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၆၂၄၂၇၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ ဈေးဆိုင်ခန်းများ (Studio)။ ခန့်မှန်းကြေးခင်းဧရိယာ(၃၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင် ဆက်ခပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးကျော်ဝင်း(၁)/ ကမရ(နိုင်)၀၄၈၇၁၀)မှ ဖွင့်ပွာ ဝန်ခံချ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ် ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါ သည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသော်ဝင်း[၁]/ကမရ(နိုင်)၀၀၃၇၅၂
ဖုန်း-၀၉-၇၉၆၇၁၈၅၃၀

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟိုကုန်းမြို့နယ်၊ (၉)မိုင် Ocean သီရိဂွန်ဖို့၊ တိုက်အမှတ်(ဘီ)၊ အခန်းအမှတ်(B၁၀)၊ (B)လွှာ၊ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိ ပြုသူ ဦးသန်းဇင်း(၁)/အစခ(နိုင်)၆၀၃၄၄၄)နှင့် ဒေါ်ခင်ညိုငင်း(၁)/ထတပ (နိုင်)၀၇၀၂၂၅)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းသိမ်း(၁)/ဓရက(နိုင်) ၀၇၂၄၁၅)မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသဖြင့် အထက်ပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ အကျိုး သက်ဆိုင်သွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူများမရှိပါက အထက်ပါ ကွန်ဒိုတိုက်ခန်း၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိအောင် (LL.B, WIPO)
အထက်တန်းရှေ့နေ (စဉ်- ၅၄၂၈)
အမှတ်(၉၄)၊ ပါရမီလမ်း ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၄၂၃၄၃၀

ဖခင်အမည်ပျက်မှန်

မေ်လေမြို့ငင်မြို့၊ အထက (10)ကျောင်း Grade(5)မှ မောင်ဟိန်းအောင်ဆက် ၏ ဖခင် အမည်မှန်မှာ ဦးမြကိုကို [၃/ဘအန (နိုင်) ၁၆၃၁၆၇] ဖြစ်ပါကြောင်း။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်-၀၄-၇၊ ဦးပိုင်အမှတ်-၉၂/၅၃၀၄၅၄ကြား။ ၁၀၄×၁၀၅ပေ ဝန်းကျင်ရှိ မြေကွက်အား တောဂရန် အမှုတွဲအမှတ်(၁၃၅၈/၉၁-၉၂)အရ ဦးသန်းမြင့်မှတ်ပုံတင်အမှတ်(၅)/ထဝန(နိုင်) ၀၁၄၄၃၉] အမည်ပေါက် သို့မဟုတ် မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု၊ မှတ်သားပေးပါရန်။ ဒေါ်ခင်အိ မှတ်ပုံတင်အမှတ်(၅/ထခန(နိုင်) ၀၁၄၄၃၉]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသဖြင့် အထက်ပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ အကျိုး သက်ဆိုင်သွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူများမရှိပါက အထက်ပါ ကွန်ဒိုတိုက်ခန်း၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိအောင် (LL.B, WIPO)
အထက်တန်းရှေ့နေ (စဉ်- ၅၄၂၈)
အမှတ်(၉၄)၊ ပါရမီလမ်း ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၄၂၃၄၃၀

ကြော်ငြာစာ

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ယင်းမလလမ်း၊ မြေကွက်အမှတ် (၆၆၉)၊ ဒေါ်ကြည်ကြည်မာ အမည်ပေါက်မြေချပ်မစ် ထွက်ရှိထားသော အကျယ်လေး (၃၀x၆၀)၊ (၂၄၀၀)စတုရန်းပေရှိ မြေကွက်ကြီး အနောက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) အကျယ်လေး (၂၀x၆၀)၊ (၁၂၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ရေး ဗီးစုံပါ လူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အရပ်ရပ်ဖြင့် ဝယ်ယူရှိ ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဒေါ်ချိုချိုရီ [၁/ပဘတ(နိုင်)၀၁၉၄၀၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှိုင်မိုးသီဦး [၈/မသန(နိုင်)၁၇၃၂၉၈]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေး ငွေ၏ငွေအစိတ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်.ကွက်လိုသည်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်.ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်.ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ယဉ်ခုံလေး(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၇၄)
အမှတ်(၃၀၇)၊ ဘုရင့်နောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၇

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သာယာမြို့နယ်၊ ပြည်သာယာစက်မှုနယ် (၃)၊ ဓာပေါင်းအဆောက်အအုံအမှတ် (၈)၊ အခန်း အမှတ် (၃)၊ အကျယ်အဝန်း (၁၈x၈၄)ပေရှိ (၃)ထပ်လူနေဆိုင်ခန်းသည် ရန်ကုန်မြို့၊ မြို့ရွာနှင့်ဒေသစီမံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးခန့်ကြေးဌာနမှ ဒေါ်အေးအေး [၁၂/လန(နိုင်) ၁၃၇၉၄၄] အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ ယခုရောင်းချသူ ဦးမျိုးကိုကိုအောင် [၁၄/အန (ပြု) ၀၀၀၂၀] မှ တရားဝင်အမွေဆက်ခံခွင့်ရရှိ၍ လက်ဝယ်ထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး၊ အရပ်ရပ်ရောင်းချခြင်းငှာ ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ငေးချေပြီးဖြစ်ပါသဖြင့် ကန့်.ကွက်ရန် ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း က

အများပြည်သူသိရှိစေရန် ကြေညာချက်

INNO CAPITAL MICROFINANCE COMPANY LIMITED ၏ အစုရှယ်ယာရှင်များအား (၄-၁၁-၂၀၂၆) ရက်တွင် ကျင်းပပြုလုပ်သည့် INNO CAPITAL MICROFINANCE COMPANY LIMITED ဒါရိုက်တာများအစည်းအဝေး သဘောတူဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း ဆောင်ရွက်ပေးခြင်း အသိပေးကြေညာအပ်ပါသည်-

ယခုရှယ်ယာရှင်	ယခုရှယ်ယာရှင်
MR. SON SEOG CHANG	MR. SON SEOG CHANG
INNO MYANMAR INVESTMENT CO.,LTD.	INNO MYANMAR INVESTMENT CO.,LTD.
	Mr. SON CHUL MIN

ဒါရိုက်တာအဖွဲ့

INNO CAPITAL MICROFINANCE COMPANY LIMITED

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ် (၃)ရပ်ကွက်၊ ခိုင်ဆစ်လမ်း၊ အမှတ်(၃၃၀)နေ ဦးကျော်တင် [ဖ/မထလ(နိုင်)၁၉၆၁၀၈၅]၏ လွဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်းနံးကျွန်းကြီးကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊ ကာယ (၁၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/စီ၊ မြေကွက်အမှတ်-၄/၂၁၁၊ မြေအကျယ်အဝန်း(အလျား ၃၅၀ x အနံ ၃၀၀)ပေ)ရှိ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်တင်သည် မူလပိုင်ရှင်အဆင့်ဆင့်ထံမှ ဝယ်ယူထားသူ ဦးခင်အောင် [၁၀/ရဝန(နိုင်)၀၁၀၃၅၈]ထံမှ (၄-၁-၂၀၁၃)ရက်စွဲပါ မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုဝယ်ယူကာ ဝယ်ယူသည့် အချိန်ကတည်းက အဆိုပါ မြေကွက်အား လက်ရောက်ရယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေအနေဖြင့် မိမိဝယ်ယူထားသော မြေကွက်ကို လေးဖက်လေးတန် ကျောက်တိုင်များစိုက်၍ သံဆန်ခါဖြင့် အခိုင်အမာကာရံထားခဲ့ပြီးလည်းဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဝယ်ယူကာ လက်ရောက်ရယူပိုင်ဆိုင်ထားသော အထက်ပါ မြေကွက်နှင့်စပ်လျဉ်း၍ မြေကွက်အတွင်းသို့ အတင်းအဓမ္မကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် အတင်းခြောက်ပြောဆိုခြင်း၊ ကျွန်ုပ်၏မိတ်ဆွေအား စိတ်ညှိငြင်စေရန်အကြံဖြင့် အလွဲသဘောဖြစ်သူ ဦးမြသောင်း [၁/ဥကတ(နိုင်)၀၁၆၀၀၉]က ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြသောင်း [၁/ဥကတ(နိုင်)၀၁၆၀၀၉]က ကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဖြိုးဝေခင် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၇၈၄)

အမှတ် - ၆၂၊ ပထမထပ်၊ အခန်း (၁၀)၊ ဝန်းဆိုးတန်းလမ်း၊ ကျောက်တံတားဖြို့နယ်၊ ရန်ကုန်ဖြို့။

ဖုန်း - ၀၉-၄၂၁၀၄၆၁၁၀

ဖခင်အမည်ပြန်

ရန်ကုန်ဖြို့၊ အင်းစိန်ဖြို့နယ်၊ စဉ်ငုရပ်ကွက်၊ (အ.လ.က-၁၄)။ Grade-6 တွင်ပညာသင်ကြားနေသော မောင်ဇေယျဉ်မောင်၏ ဖခင်အမည်မှန်မှာ ဦးရေခွမ်း [၁/ တကန(နိုင်)၀၀၁၃၇၆] ဖြစ်ပါကြောင်း။

ဦးရေခွမ်း

အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ သဓိန်ဇရမ်းလမ်း၊ မြေကွက်အမှတ် (၂၃၃၃/၁၀) တွင် ဦးဝင်းမြင့်ဦးနှင့် ဒေါ်ခင်ဝေသာ တို့ပူးတွဲ ဝယ်ယူထားသော မြေကွက်ပေါ်ရှိ ပါဝင်ဆောက်လုပ်ထားသော ၂ထပ်အိမ်ကို ဦးဝင်းမြင့်ဦးနှင့် ဒေါ်ခင်ဝေသာတို့ ပူးတွဲ ရောင်းချခဲ့ကြောင်း၊ ထိုအ



ထွက်နေပါပြီ။

- ကမ္ဘာ့စီးပွားရေးနှင့် စစ်ရေးအင်အား အကြီးဆုံး အမေရိကန်၏ မူဝါဒများကို ပြောင်းလဲခြင်းဖြင့် တစ်ကမ္ဘာလုံးအပေါ် ချက်ချင်း လက်ငင်း သက်ရောက်မှု ဖြစ်စေနိုင်သူ ထရန့် (အာဏာရ - ၆ နှစ်)
- ထရန့်၏ အဓိက မဟာဗျူဟာမြောက် ပြိုင်ဘက် ရှီကျင့်ဖျင်၊ (အာဏာရ - ၁၄ နှစ်)
- ကမ္ဘာ့လုံခြုံရေးနှင့် စွမ်းအင်စွေးကွက်ကို အကြီးအကျယ် ပြောင်းလဲနိုင်စွမ်းရှိသူ ပူတင်၊ (အာဏာရ - ၂၇ နှစ်)
- ထရန့်၊ ရှီနှင့် ပူတင်တို့ကြားအားပြိုင်မှုများတွင် အရေးအပါဆုံးကြားခံ မိုဒီ (အာဏာရ - ၁၃ နှစ်)

သက်တော်ရှည် ခေါင်းဆောင်လေးဦး၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဆိုင်ရာ ခေါင်းဆောင်မှု အရည်အချင်းများ သုံးသပ်ချက်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ရွှေမှန်တင်လမ်း၊ ကွင်းအမည် ကျောက်အိုင်း ကွင်းအမှတ်(၉၈၇)၊ ဦးပိုင်အမှတ် - ၆/၆၆/၁၊ ဧရိယာ (၂၀လေး၈၉လေး)ရှိ ခေါင်အိစ်အမည်ပေါက် စလစ်မြေကွက်ကို ဦးထွန်းထွန်းဇော် [၁၄/ကခန(နိုင်)၀၀၁၈၉၅] မှ ၎င်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံလာသူထံမှ ကျွန်ုပ် မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြေညာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ
ခေါ်သိန်းသန်းအေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၀၃)
တိုက် (၇၈) (A3)၊ အောင်မင်္ဂလာလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေဖြို့နယ်။
ဖုန်း- ၀၉-၇၉၉၂၆၃၅၅၉၊ ၀၉-၉၆၆၀၁၉၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅)၊ ဗိုလ်တာယာလမ်းရှိ မြေကွက်အမှတ်(၇၆၃)၊ (၃၀x၆၀) ပေရှိ ပါမစ်မြေကွက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အကျယ်အဝန်း (၁၀လေ x ၆၀လေ) ရှိသော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆက်အစပ်အရောင်းအဝယ်စာချုပ်များဖြင့် ခေါ်ဝန်းမြင့်ရဲ့ [၁၀/သဃန(နိုင်)၁၁၉၅၅၄] မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ခေါ်ဝန်းမြင့်ရိုမှ ပိုင်ဆိုင် စီမံခန့်ခွဲခွင့်ရှိသော ဆထက်ဖေါ်ပြပါ (၁၀လေ x ၆၀လေ)ရှိ မြေကွက်ကို ရောင်းချခြင်းမှစ၍ ကိစ္စအဝဝကို ဆောင်ရွက်ရန်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းသက်သေအထောက်အထားများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ရောင်းချမည့်ကိစ္စကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ
ခေါ်တင်တင်မြ (LL.B,LL.M,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-စ၀၁၄)
အမှတ် (၅၀)၊ ၎ (၇) လွှာ၊ အနောက်မြောင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး (၉) ရပ်ကွက်၊ တာမွေဖြို့နယ်။
ဖုန်း- ၀၉-၅၀၄၂၁၂၆၄၊ ၀၉-၄၆၃၀၇၈၁၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်းမြို့နယ်၊ အမှတ်(၅၃၁)၊ အောက်ကြည့်မြေတိုင်လမ်းနှင့် ပန်းလွိုင်လမ်းထောင့် ရဲတံခွန်တာဝါ၊ လူနေ(၅)ထပ်ရှိ တိုက်ခန်းအမှတ်(၅၀၄)ရှိ ခေါ်ဝင်းနိုးဆွေ [၁၂/ဗဟန(နိုင်)၀၄၇၆၄၇] ပိုင်ဆိုင်သော မြေနှင့်အဆောက်အဦ ဆောင်ရွက်နိုင်သော်လည်း ဆက်ဆံရေးပြတ်သွားသဖြင့် ခေါ်ဝင်းနိုးဆွေ [၁၂/ဗဟန(နိုင်)၀၄၇၆၄၈] မသိရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း အခြားသူတစ်ဦးဦးအား လွဲပြောင်းပေးအပ်ခြင်း တို့အား မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့သည်ရှိသော်လည်း ပြုလုပ်သူအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားပါမည်ဟု ခေါ်ဝင်းသန်းဆွေ [၁၂/ဗဟန(နိုင်)၀၄၇၆၄၈] မှ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ -
ခေါ်သင်းသင်းဝါ (LL.B) ဆထက်တန်းရှေ့နေ (စဉ်-၁၄၈၂၄)(၉-၂-၂၀၂၂)
အမှတ်(၆၅/၆-၃)၊ ဝါတောက်ရွှေဝါလမ်း၊
(၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း- ၀၉-၂၂၄၃၂၂၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀

"အများသိစေရန်ကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ တင်းကုတ္တာန်းကျေးရွာ၊ ကွင်းအမှတ်(၂၈၆)၊ ဦးပိုင်အမှတ် (၁၄၆)၊ မြေအကျယ်အဝန်း (၁၄၀ပေx၈၀ပေ၀) ဒေါ်အုန်းကျင်အမည်ပေါက် ဥယျာဉ်မြေကွက်ဖြစ်ပြီး ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၁၄-၁၁-၂၀၂၆)နေ့တွင် (၁)ဦးဌေးလွင် (TKA၁၇၇၀၃)၊ (၂)ဦးတင်ဦး[၁၂/သကတ(နိုင်)၀၉၅၂၈]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးမိမိဦး [၁၂/သကတ(နိုင်) ၁၆၄၂၇၉] ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမိမိဦးသို့ခြင်းမရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ လွဲပြောင်းခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ-
ခေါ်ညီမောင်း(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၃၃)
အမှတ်(၁၀၁)၊ နဝရတ်(၉)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း-၀၉-၄၂၈၂၁၂၆၄၊ ၀၉-၇၆၂၄၂၁၀၉

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒွေ့ဖြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁/၆၃)၊ လူနေရပ်ကွက်အမှတ်-(၁၇)၊ မော့ဘီ(၂)လမ်း၊ မြေကွက်အမှတ်(၇၃၀) ဦးချက်မောင်နှံ အမည်ပေါက်မြေချပ်ဓာတ်ပုံတွင်ဖော်ပြထားသော အကျယ်ပေ(၄၀x၆၀)၊ (၂၄၀၀) စတုရန်းပေ (၀.၀၅၅)ကေရှိမြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူရှိ သင်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွဲပြောင်းရောင်းချသူ ဒေါ်စန္ဒာခိုင်(၈/ရန၄၁၆)(နိုင်)၁၅၇၁၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုစန္ဒီအောင် [၁၂/ဓရက(နိုင်)၁၅၀၃၇၀၆]က အပြီးအပိုင်လွဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြဲသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ-
ခေါ်ဟောဓာသက်(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၅၂)
အမှတ်-(၁၂၈/၁၂၉)၊ ဝိစ္ဆာလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၇၅၀၀၈၄၄၅၅

အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မဒူကုန်း (၁၃၈)လမ်း၊ အမှတ်(၅၃)၊ (၃)လွှာနေ ကျွန်ုပ်ဝတ္ထုဝါမိတ်ဆွေ ဒေါ်ဥမ္မာနွဲ့ (ဦးလှဝင်း)တို့၏သား ရှမင်း (၈) မောင်ကျော်ဇေယျ အသက် (၃၀) [၁၂/တကန(နိုင်)၂၀၀၁၅]သည် မိခင်နှင့်အတူ နေထိုင်ခြင်းမရှိဘဲ တစ်နှီးတည်း သီးခြားနေထိုင်ကာ လုပ်ငန်းကိစ္စများကိုလည်း သီးခြားပြုလုပ်နေသူဖြစ်၍ ၎င်းနှင့်သက်ဆိုင်သည့် မည်သည့်ကိစ္စမျှ မိခင်နှင့်မသက်ဆိုင်ကြောင်းနှင့် မည်သည့်အကြောင်းကိစ္စကိုမျှလည်း မိခင်က လက်ခံဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာပါသည်။

ညွှန်ကြားချက်အရ -
ဦးတင်ထွန်း B.A.(Law), LL.B
တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၃၀၉/၁၉၈၂)
ဒေါ်သွဲ့ဦးမွန် (ဃင်ဃင်) LL.B
တရားလွှတ်တော်ရှေ့နေ
(စဉ်-၈၉၂၀/၂၀၁၃)
အမှတ် (၃)၊ ကြဲခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျက်မြို့။
ဖုန်း - ၀၉-၅၁၀၄၄၀၆၇၊ ၀၉-၄၂၁၄၄၄၄၃၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျက်မြို့နယ်၊ အောင်ချမ်းသာ-၂ ရပ်ကွက်၊ ဦးပိုင်အမှတ်-၁၆၊ ကွင်း/အကွက်အမှတ်-၂၅၊ ဗိုလ်ချုပ်ရန်ဇံစက် ဦးအောင်မြတ်လမ်းနှင့် သီရိမင်္ဂလာလမ်းထောင့်၊ မြေကွက်အမှတ်-၁/၂၆၉ (ဦးစိန်ထွန်းလှမောင်နှံအမည်ဖြင့်ချထားသော မြေကွက်အတွင်းမှ အကျယ်အဝန်း(၃၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ် လျှပ်စစ်မီတာ၊ အစိမ်းတင်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရွှဲ့အရှင်းကင်းစွာ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နန်းမြင့်မြင့်ချို(၇/ထတပ(နိုင်)၀၅၅၂၈၇]အပြင် ဒေါ်ဝင်းနိုးဆွေ [၁၂/ဗဟန(နိုင်)၀၄၇၆၄၇]တို့မှ ဝယ်ယူရန် ကန့်ကွက်ပြီးသူ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုးကြည်[၁၀/မလမ(နိုင်)၁၃၁၇၂၇]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်စေသ ပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်ဟု ကန့်ကွက်သူ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစော်မျိုးကြည်၏ လွှဲအပ်ညှိနှိုင်းချက်အရ
ခေါ်ဇုမြဖော်လွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၁၉/၂၀၂၁)
တိုက်-၂၁၅၊ ခုတိယထပ်၊ အေးစေတီလမ်း၊ ဗဟအေးရပ်ကွက်၊ ခေါ်ပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၇၈၄၄၆၈၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်မြို့သစ်၊ ၁၇-ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ်(၄၇၇) ခေါ်လှသိန်း PRE-၁၄၂၀၆၇ အမည်ပေါက် နှစ်(၆၀)မြောင်းဂရန်နံမြေအချိုးအစား၊ အကျယ်အဝန်း(၄၀x၆၀) ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်၊ ဧရာ မီး အပါအဝင် လက်ရှိအသုံးပြုလျက်ရှိသည့် အိမ်သုံးရရှိဘောဂပစ္စည်းများနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရွှဲ့အရှင်းကင်းစွာ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်အေး[၁၃/ကခန(နိုင်)၀၁၂၁၈၀] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သည့် ဦးစော်မျိုးကြည်[၁၀/မလမ(နိုင်)၁၃၁၇၂၇]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါအရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစော်မျိုးကြည်၏ လွှဲအပ်ညှိနှိုင်းချက်အရ
ခေါ်ဇုမြဖော်လွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၁၉/၂၀၂၁)
တိုက်-၂၁၅၊ ခုတိယထပ်၊ အေးစေတီလမ်း၊ ဗဟအေးရပ်ကွက်၊ ခေါ်ပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၇၈၄၄၆၈၀

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ခန်ရဲကျေးရွာနေ ဒေါ်မြင်ဝင်း [၁၂/ထတပ(နိုင်)၀၄၂၄၁] ကိုငေဆောင်သူမှ အောက်ပါ အတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်မြင်ဝင်း၏ တတိယသမီးဖြစ်သူ မတင်တင်မူ [၁၂/ထတပ (နိုင်)၀၆၃၀၄] ကိုငေဆောင်သူသည် မိခင်ဖြစ်သူအား အမြဲတစေ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခဲ့ပါး။ ပြောဆိုဆဲဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများအား အကြိမ်ကြိမ်ပြုလုပ်၍ ၂၀-၇-၂၀၂၆ ရက်နေ့တွင် မိမိသဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွား ပါသဖြင့် သမီးဖြစ်သူ မတင်တင်မူအား ယနေ့အချိန်မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအားလုံး သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်မြင်ဝင်း[၁၂/ထတပ(နိုင်)၀၄၂၄၁]

ပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၁၁-၂၀၂၆) ရက်နေ့၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၈)၌ပါရှိသော အထက်တန်းရှေ့နေ ဒေါ်ခင်ဆွေဦး၏ အများသိစေရန်ကြေညာခြင်းတွင် အကျယ် အဝန်း (၂၅x ၅၀) ပေ အစား အကျယ်အဝန်း (၂၅၀x ၅၀) ပေဟု ပြင်ဆင်ဖတ်ရှုပါရန်။



ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် (1 TLR /1176) ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က.ည.နု (ရွာသာကြီး)

ကန်ကွက်ပိုက ထိုးမိသော မှတ်တမ်းရုံးစာတမ်းများ၊ တရားရုံးအထောက်အထားစာစီရင်ရုံးပြင် ဘုံကြေးပြားပယ်သူများ၌ (၇)ရက်အတွင်း ကန်ကွက်နိုင်ခြင်းနှင့် ကန်ကွက်မှုမရှိခြင်း လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	ဒေါ်တင်တင်ထွေး	၁၂/သဃသ(နိုင်)၀၅၂၀၀၉	ဒဂုံမြောက်	၄၅	၃၁၂	ဦးလှကြည်	၁၁၂၂ ကာဘိုလမ်း၊ (၄၅)ရပ်ကွက်	အယူခံပြောင်း
၂။	ဒေါ်သူဇာဟန်	၁၂/ဥတမ(နိုင်)၀၆၉၆၄၉	ရန်ကင်း	၆-ကံဘဲ့	၆၄၄၊ ၄	ဦးမင်းခွန်(ခ)မင်းဝင်း	၂၂ သိရိဒုတ္တရာလမ်း၊ (၁၆)ရပ်ကွက်	အယူခံပြောင်း
၃။	ဒေါ်ခင်ဆွေ	၁၂/ဥတတ(နိုင်)၀၆၉၂၁၃	တောင်ဥက္ကလာ	၁	၁၅၄/A-က၊	ဒေါ်ခင်ထွေး	၁၄၄/A-က၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်	အယူခံပြောင်း
၄။	ဒေါ်ကြည်ဝင့်	၁၂/လသယ(နိုင်)၀၂၆၆၇၀	ဒဂုံမြောက်	၄၀	၂၁၂/၀	ဦးကျော်ဝင်းဦး+၁	၂၁၂ သီတာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်ပို့
၅။	ဒေါ်သိတာထွန်း	၁၄/မဆန(နိုင်) ၉၈၉၀၀	သဃမန္တ	၁၆/က	၆၂၀/က	ဦးစောသိန်းဟိန်း	၆၂၀/က၊ နတ်မောက်လမ်း၊ (၉)ရပ်ကွက်	အယူခံပြောင်း
၆။	ဦးသန်းဝင်း	၁၂/သဃသ(နိုင်)၀၂၂၆၆၆	သဃမန္တ	၁၆/၂	၆၀/က	ဒေါ်ဖြင့်	၆၀/က၊ သုဒ္ဓသန္တ(၁)လမ်း၊ ၁၆/၂ ရပ်ကွက်	အယူခံပြောင်း
၇။	ဦးဘသန်းထွန်း+၄	၁၂/ဥတတ(နိုင်)၀၆၉၂၀၃	တောင်ဥက္ကလာ	၅	၇၉/က	ဒေါ်သောင်းကြည်	၇၉/က၊ တံကောင်း(၄)လမ်း၊ (၅)ရပ်ကွက်	အယူခံပြောင်း
၈။	ဦးသန်းကြယ်	၁၃/တလတ(နိုင်)၀၃၀၅၃၃	မြည့်သော	၉၂၂	၉၂၂/၀	ဦးကျင်ဦး+၁	၉၂၂၊ ဇီလမ်းလမ်း၊ (၁၂)ရပ်ကွက်	အယူခံပြောင်း
၉။	ဦးသာဂိုဏ်ခေါက်+၁	၁၂/စခန(နိုင်)၀၆၂၂၄၄	ဖွံ့ဖြိုးရေး	၆-ကံဘဲ့	၆၂/၀၁	ဒေါ်နန်းမြင့်မြင့်	၁၉/၆၊ ကနဦးသာဓုလမ်း၊ (၁၀)ရပ်ကွက်	အယူခံပြောင်း
၁၀။	ဒေါ်ခင်သန်းမြို့	၁၂/ဒဂမ(နိုင်)၀၁၃၉၉၇	ဒဂုံမြောက်	၄၃	၃၇၃	ဦးအေးဆွေ	၃၇၃၊ မင်္ဂလာလမ်း၊ (၉၁)ရပ်ကွက်	အယူခံပြောင်း
၁၁။	ဒေါ်ခင်ဝေဝေ+၂	၁၂/သဃန(နိုင်)၀၁၄၄၆၇	ဒဂုံမြောက်	၅၂	၄၆၇/က	ဦးဝင်းလတ်ဦး+၂	၄၆၇/က၊ ဓမ္မကျော်ဦးလမ်း၊ (၄)ရပ်ကွက်	အယူခံပြောင်း
၁၂။	ဒေါ်ခင်ဦးမြင့်	၁၂/လကန(နိုင်)၀၉၇၃၆၉	ဒဂုံမြောက်	၁၃၅	၃၃၅/ကျိုး၆	ဒေါ်ခင်ဦးမြင့်	၁၃၅/၆ ကျောင်းကုန်းလမ်း၊ (၁၂)ရပ်ကွက်	ဂရန်သစ်
၁၃။	ဦးကျော်လွန်း	၁၂/မရက(နိုင်)၀၆၄၇၇၆	ဒဂုံမြောက်	၄၄၀၅	၁၄၄	ဒေါ်ကျကြူအေး+၁	၁၄၄ ဒေးနေသိန်းလမ်း၊ (၄၀၂၅)ရပ်ကွက်	အယူခံပြောင်း
၁၄။	ဦးတင်မောင်ထွေး	၁၂/သဃသ(နိုင်)၀၆၀၉၇၄	သဃမန္တ	၁၆/၆	၆၁၆	ဦးအုန်းကျော်	၁၉၁၊ ရိပ်သာလမ်း၊ ဒေးနေဦးရပ်ကွက်	အယူခံပြောင်း
၁၅။	ဦးကောင်းဟိန်း(ခ)ဦးဝင်းလွင်	၁၂/ရကန(နိုင်)၀၉၉၁၃၂	ရန်ကင်း	၇-ကံဘဲ့	၁၁၁/၉	ဒေါ်ငယ်ရွှေ	၆၊ တပင်ရွှေထိန်လမ်း၊ (၁၃)ရပ်ကွက်	အယူခံပြောင်း
၁၆။	ဒေါ်ခင်အေးကြည်	၂/အမဆ(နိုင်)၀၁၆၆၀၆	ဒဂုံမြောက်	၃၀	၃၀၆/၉	ဒေါ်ယုယုအောင်	၆၁၆/က၊ ဘုရင်နောင်လမ်း၊ (၃၀)ရပ်ကွက်	ဂရန်ပို့
၁၇။	ဒေါ်အိုဇူဃီလွင်	၁၂/သဃသ(နိုင်)၁၅၀၀၁၁	ဒဂုံမြောက်	၃၀	၆၁၆/က	ဒေါ်ယုယုအောင်	၆၁၆/က၊ ဘုရင်နောင်လမ်း၊ (၃၀)ရပ်ကွက်	ဂရန်ပို့
၁၈။	ဦးတင်ခိုင်ဝင်း	၉/လဝန(နိုင်)၀၁၁၉၆၆	လှိုင်သာယာ	၇/၄	၁၆၀၀	မိုးကြိုင်	၁၆၀၀၊ ပညာဝတ်လမ်း၊ (၃/၄)ရပ်ကွက်	အယူခံပြောင်း
၁၉။	ဦးတင်စိုင်လင်း+၂	၉/လဝန(နိုင်)၀၁၁၉၉၆	လှိုင်သာယာ	၇၆-၅၅	၁၄၅၅	မိုးကြိုင်	၁၄၅၅ အင်းစိန်ရပ်ကွက်လမ်း၊ (၁၀)ရပ်ကွက်	အယူခံပြောင်း
၂၀။	ဒေါ်ခင်ဝန်းနွဲ့+၄	၁၂/ပဘတ(နိုင်)၀၁၄၄၇၀	သဃမန္တ	၈၆	၂၅၁	ဒေါ်မြအိုး	၂၅၁၊ (၃)လမ်း၊ ၈၆ရပ်ကွက်	အယူခံပြောင်း

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့

တင်ဒါခေါ်ယူခြင်း(သက်တမ်းတိုး)

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် ဖြစ်ရောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အထွေထွေပို့ကျွေးရန်ပုံငွေဖြင့် ရောဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများအတွက် ၂-၁၁-၂၀၂၆ ရက်နေ့တွင် ပထမအကြိမ် လုပ်ငန်းသုံးပစ္စည်းဝယ်ယူခြင်းတင်ဒါများနှင့် လုပ်ငန်းတစ်ရပ်လုပ်ကိုင်ရန် ကျွမ်းကျင်သော ကုမ္ပဏီများအား နိုင်ငံခြင်း သတင်းစာများတွင် ကြော်ငြာပါသည်။ ဒုတိယအကြိမ် သက်တမ်းတိုးခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချခြင်း – ရေအရင်းအမြစ်နှင့် မြစ်ရောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ်(၄၀၀)၊ အောက်ပုစွန်တောင်လမ်းမကြီး၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါတင်သွင်းခြင်းနှင့် စီစစ်ရွေးချယ်မည့်နေရာ – ရေအရင်းအမြစ်နှင့် မြစ်ရောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ်(၄၀၀)၊ အောက်ပုစွန်တောင်လမ်းမကြီး၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် – (၁၇-၁၁-၂၀၂၆)(ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် – (၃၀-၁၁-၂၀၂၆)၊ (၁၅:၃၀) နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် – (၃၀-၁၁-၂၀၂၆)၊ (၁၀:၀၀) နာရီ

၃။ တင်ဒါပုံစံ တင်ဒါဈေးနှုန်းများနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ရောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ပုန်း - ၀၉- ၈၈၀၀၀၄၉၇၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့ နေ ခေါ်ဝန်းဆီမော်(၁၂/သဃက(နိုင်)၁၇၆၂၇၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်း ကျေးရွာ၊ ဘုရားကုန်းကွက်သစ်၊ ဘုရားကုန်း(အဆင့်-၁/၂၉)၊ မယ်ဇလီလမ်း၊ အမှတ်(၁၀၆)၊ အကျယ်အခန်း(အလျား ၄၀လေးအနှံ၆၀လေးရှိ) မြေနှင့်အိမ်အား (၁၅-၁၁-၂၀၂၆) ရက်နေ့တွင် "နန်ဦးသောဘတ္တအိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်စရန်ငွေဖေး ကတိစာချုပ်" အရ ခေါ်ဝင်း(၁/သလန(နိုင်)၀၀၆၉၇၀၂)အမည်ခေါ်ကဖြင့် တည်ရှိသော်ငါမစ်မြေကွက်ကို ပိုင်ဆိုင်ကြောင်း အဆိုပြုလာသူ ဦးဝေလီမင်း(၁၂/တမန(နိုင်)၀၇၇၁၆၆)ထံ စရန်ငွေ အချို့တစ်ကက်ကို ပေးချေပြီးဖြစ်ရာ အဆိုပါအိမ်မြေ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်သူဇင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၁၁)
အမှတ်(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ (၃)ရပ်ကွက်၊ သာဇေတဖြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၀၅၆၉

တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇) ရပ်ကွက်၊ ဗိုလ်ရွှေလမ်း၊ အမှတ်-၁၂/ဘ၄ နေ (၁၁)ဦးခင်မောင်သန်း၏ သား တင့်နိုင်(၁၂/အစန(နိုင်)၁၇၂၀၁၁)၏ အမည်မှာ MICHAEL KHOO(ခ)တင့်နိုင်ဟု အမည် (၂)မျိုး ဖြစ်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

MICHAEL KHOO(ခ)တင့်နိုင်
(၁၂/အစန(နိုင်)၁၇၂၀၁)

သွေးသည် အသက်

အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်သာလမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၁၀-H)၊ အဆောက်အအုံအမှတ် (၄၉၉/A)၊ Basement ပါ (၈ ½) ထပ်ပိုကိုက်၏ အခန်းအမှတ်(C-5)။ ဧရိယာ (၁၉၄၄)စတုရန်းပေအကျယ်အဝန်း၅) Lift)ပါ ကွန်ဒိုတိုက်ခန်းနှင့် စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်များကို ခေါ်ယဉ်ယဉ်(၁၂/မရက(နိုင်)၀၁၉၀၄၃၂)က ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါသည်။ အဆိုပါ ကွန်ဒို တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးဖိနိုရီ တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၆)
အမှတ်(၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၅၃၂၃၈၊ ၀၁-၂၂၉၀၅၆

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်းသွယ်၊ တိုက်အမှတ်(၃၇) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ၏ ဒါဘာ၊ ခြေရင်း။ အကျယ်အဝန်း(အလျား၁၅လေးခန်းငှါးတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ခေါ်သွဲ့နွင်းဆေး(၁၄/ဘကလ(နိုင်)၁၈၄၆၂၄)က ၎င်း တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှေ့အရှင်းကင်းရှင်းကြောင်း ဖွင့်ပာ ဝန်ခံ၍ အပြီးအပိုင် ရွှေပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ခေါ်အေးသင်းနိုင်(၉/ညဥန(နိုင်)၂၀၇၀၈)မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်း စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါသည့် နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ် ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ခေါ်အေးသင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ခေါ်ဝါရှိုးမော(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၂)
အမှတ်(၈၀)၊ ၂-လမ်းသွယ်(၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၄၅၂၃၄၅၊ ၀၉-၉၂၅၀၀၀၀၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈၊ မြေကွက်အမှတ်(၁၃၂)၊ (ပေ၄၀x၆၀)၊ အကျယ်အဝန်းရှိသော ဒုတပ်ကြပ် ထွန်းမြင့်အောင် အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ မြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ စွယ်တော်(၂)လမ်း၊ မြေကွက်အမှတ်(၁၃၂) ဟုခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတိ ဆက် စပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် ထားသူ ဦးသန့် ဇင်စိုး(၆/မဖန(နိုင်)၁၃၅၇၆၇)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမြသိန်း(၈/ခမန(နိုင်)၁၁၈၂၅၁)နှင့် ခေါ်သူဇာဝင်း(၈/ခမန(နိုင်)၀၁၇၃၆၃)တို့မှ စရန်ငွေ တချို့ တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ပိုင်ဆိုသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဘငိုးစံ၀ေ(LL.B, D.B.L, M.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၀၀၉၂၈)
အမှတ်(၇/၁၀၈)၊ ဒုတိယထပ် သုမင်္ဂလာလမ်းမ၊ (၈/ဓမြောက်)ရပ်ကွက်၊
သဃ်းမုန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၂၀၀၃၊ ၀၉-၉၈၅၂၂၃၃၃၉

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဝဝဘဂို-၄၊ မြေပင်လမ်း။ မြေကွက်အမှတ်-၁၁၀၊ ဧရိယာ (အလျား ၃၀ ပေ x အနံ ၆၀ ပေ)၊ ဦးသိန်းမောင် (၁၈) ဦးသန်ခင် (AB -၀၉၀၄၄၂၂၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထက်ခေလင်း (၁၂/ဥကယ (နိုင်) ၂၀၀၂၁၁) ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အိမ်မြေရောင်းချေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုသော စာချုပ်စာတမ်း အထောက်အထား (မူလ) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အထက်ပါ အိမ်မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ ဦးသန့်ဇင်ထွဋ်၏ လွှဲအပ်ညွှန်ကြားချက်အရ –

ဦးဗိုးဇော်ဦး(LL.B)	**ခေါ်နန်းအေးသစ်ဟန် (LL.B)**
(စဉ်-၈၉၀၅/၁၃)	(စဉ်-၅၄၀၃၉/၂၃)
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ်-၁၂၂၊ ပ-ထပ်၊ အနော်ရထာလမ်းနှင့်ပန်းသို့၊ တန်းလမ်းထောင့်၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၈၉၈၆၀၂၆၄၊ ၀၉-၂၅၄၂၀၁၂၂၊ ၀၉-၉၃၀၀၃၄၄

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ Estella Townhouses၊ အိမ်အမှတ် (ETH-163)၊ လမ်းအမည် (Lane – 4)၊ ခန့်မှန်းမြေဧရိယာ (၁၂၀၀) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံ ဧရိယာ (၁၇၇) စတုရန်းပေရှိ မြေနှင့် အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ် လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ခေါ်အေးမာသူ(၁၅/စတထ (နိုင်)၀၀၆၂၀၅၂)မှ ဖွင့်ပာဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်ထံတို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇေမျိုးဟန်
[၁/ရုကန(နိုင်)၀၀၀၄၄၄]
ဖုန်း-၀၉- ၉၇၁၁၆၀၇၇၉

အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ဦးအေးမင်းအောင်(၉/ခမန(နိုင်)၁၉၁၀၅၅)နှင့် အဖ ဦးသိန်းစိုးတို့သည် (၁၁-၄-၂၀၁၅)ရက်နေ့တွင် စတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်း လာခဲ့ကြရာ ယခုအခါ တစ်ဦးနှင့်တစ်ဦး သဘောထားချင်း တိုက်ဆိုင်မှု မရှိတော့၍ ဆက်လက်ပေါင်းသင်းရန် ခဏမျှစိတ်ဝှေ့ပါသဖြင့် (၁၂-၁၀-၂၀၂၆) ရက်နေ့တွင် အသိသက်သေများရှေ့မောက်တွင် ကွာရှင်းပြတ်စဲခြင်း စာချုပ် ချုပ်ဆိုကာ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအေးမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်ယဉ်ယဉ်မြတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၆၄)
အခန်း(၁)၊ မြေညီ၊ ၃၄ လမ်း(အောက်ဘဝလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၁၂၉၁၁

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/သဲခင်း)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်(၉၃၈/က)၊ ဦးစွမ်းဝေ အမည်ပေါက်မြေချပ်မြေ ထွက်ရှိထားသော အကျယ်ပေ(၂၀x၆၀)၊ (၁၂၀၀)စတုရန်း ပေရှိ မြေကွက်နှင့် ယင်းမြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အရပ်ရပ်ဖြင့်ဝယ်ယူရှိ ၎င်းမှသာ လက်ဝယ် ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဦးထွန်းထွန်းဦး(၁၄/မအပ(နိုင်)၁၉၆၃၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ အား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်ယဉ်နှင်း၀ေ(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)
အမှတ်(၃၀၇)၊ ဘုရင့်နောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၇၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ စံချိန်စိအဆင့်(၂)ရပ်ကွက်၊ မြေကွက်အမှတ်-၂၁၉၁၊ (အလျားငွေ၀ေပေ အနံ ၆၀ပေ)အကျယ်အဝန်းရှိ (ဦးစိုးအေး)၊ ခေါ်ဆင်စန်းအမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်အပေါ်အဝင်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးရဲဝင်းအောင် [ဂု/ပတန(နိုင်)၁၁၀၈၇၃]**ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၏အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးဗိုးလွင်ဦး (LL. B)
အထက်တန်းရှေ့နေ (စဉ်-၃၇၉၀)
အမှတ်-၁၄၇၊ ဒုတိယထပ်၊ လမ်း-၅၀ (အထက်)၊ ၁၀-ရပ်ကွက်၊
ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၄၂၁၁၀၈၅၁၁

အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ လမ်း(၂၀)တွင်တည်ရှိသည့် အကွက်အမှတ်(၁၅)၊ မင်းပိုင်းကြီးတန်ရပ်၊ ဦးပိုင်အမှတ်(၁၂)၊ မြို့မြေခရင်းရုံးတွင် ဦးသိန်းမောင်-မြတ်ဝင့်တို့ အမည်ပေါက်သည့် ဧရိယာ(၀.၀၄၇)ကေရှိ ဘိုးဘိုင်မြေပေါက်တွင် ဆောက်လုပ်ထားသော နေအိမ်နှင့်မြေပေါ်အောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ခေါ်သန်းသန်းထွန်း(၁၄/ညတန(နိုင်)၀၅၁၂၂)က တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သီတာလင်း(၁၄/ဇအန (နိုင်)၂၃၁၀၉)က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်လုံသောအထောက်အထား မူရင်းများနှင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ဖြိုးဝေ (စဉ်-၀၇၄၆)	**ခေါ်အိမိခင် (စဉ်-၉၇၉၅)**
LLB	**LL.B, LL.M, D.M.L**

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၃၈)၊ အရေခရထားလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၀၀၆၊ ၀၉-၇၉၉၃၇၂၉၃၆

ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ သီရိမြိုင်လမ်း၊ အမှတ်-၆(၃)တွင် နေထိုင်သော ဦးရဲမြင့် မှတ်ပုံတင်အမှတ်(၉/မရမ(နိုင်)၀၉၂၁၆၂)သည် Shwe Yi Mon Manufacturing Co., Ltd, မှ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ပြီး အောက်ဖော်ပြပါ SHWE YI MON ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ (၁၉-၁-၂၀၁၆) ရက်နေ့တွင် မှတ်ပုံတင်အမှတ်-၃၆၂၅၉ စာအုပ်နံပါတ် (၄)၊ အတွဲနံပါတ်-၃၃၀၊ စာမျက်နှာနံပါတ် - ၂၁၅ မှ ၂၁၇ ဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ကြေညာစာတမ်း စာချုပ်ကို မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။

အဆိုပါ SHWE YI MON အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်နံပါတ် TM/2026/005972 (14/08/2026)ဖြင့် မှတ်ပုံတင်လက်မှတ် ရရှိခဲ့ပြီးဖြစ်သည့်အပြင် အောက်ဖော်ပြပါ SHWE YI MON MANUFACTURING အမှတ်တံဆိပ်ကိုလည်း လျှောက်ထွာအမှတ် - T/2023/009463 ဖြင့် လျှောက်ထားခဲ့ပြီး အဆိုပါ ကုမ္ပဏီ၏ မူပိုင်အမှတ်တံဆိပ်များနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ပိုင်ဆိုင်ပြု ဖြစ်ပါသည်။

SHWE YI MON

Registration No.TM/2026/005972(14/08/2026) Application No.TM/2026/005972(14/08/2026)

အထက်ဖော်ပြပါ SHWE YI MON နှင့် SHWE YI MON MANUFACTURING အမှတ်တံဆိပ်များကို အသုံးပြု၍ ပြင်ဦးလွင်သောထွက် Arabica ကော်ဖီစေ့များကို အခြေခံကာ ကော်ဖီနှင့်ကော်ဖီထုတ်ကုန် အမျိုးမျိုး ထုတ်လုပ်ခြင်း၊ ကော်ဖီစေ့စိမ်း၊ ကော်ဖီစေ့လှော်၊ ကော်ဖီမှုန့်၊ အသင့်ဖျော်ကော်ဖီ၊ နို့ပါကော်ဖီ၊ အခေးဖျော် ကော်ဖီနှင့် အခြားကော်ဖီဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ရောင်းဝယ်ခြင်း၊ ကော်ဖီပင် များ စိုက်ပျိုးခြင်း၊ ကော်ဖီပျိုးပင်နှင့် စိုက်ပျိုးရန် မျိုးစေ့များ ရောင်းဝယ်ခြင်း၊ ကော်ဖီနှင့်ဆက်စပ်ထုတ်ကုန် များကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ပြည်ထဲတွင်း လက်လီ၊ လက်ကား ရောင်းဝယ်ခြင်းနှင့်ဖြန့်ဖြူးခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊ ကြော်ငြာခြင်း၊ ဈေးကွက်ဖြင့်တင်ခြင်းနှင့် အရောင်းဖြင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက် ခြင်း၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်

ကျေးဇူးတင်ရှိခြင်း

၅-၁၁-၂၀၂၆ရက်နေ့တွင် ကွယ်လွန်သွားသော ဒေါ်နွယ်နီအောင် (ရန်ကင်း)အား အာယုဆေးရုံအထူးကြပ်မတ်ကုသဆောင်၌ (၁၆)ရက်ကြာ ပြုစုစောင့်ရှောက်ပေးခဲ့သော ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအားလည်းကောင်း၊ ဗျာပနနောက်ဆုံးခရီးလိုက်ပါပို့ဆောင်ခဲ့သော အနန္တရိုဏ်းဝင် ဆရာသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ရက်လည်တရားတော်နာ ချီးမြှင့်ပေးတော်မူပါသော ရန်ကင်းမဖေအိန်တောရကျောင်းတိုက်မှ ရဟန်းသံဃာ(၁၀၀)ပါးနှင့် ရန်ကင်းကံဆယ်ကျောင်းတိုက်မှ ရဟန်းသံဃာတို့အားလည်းကောင်း၊ ရက်လည်ကြွရောက်လာကြသော ဆရာသမား၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ Feel စားသောက်ဆိုင် ဝန်ထမ်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ နှစ်သိမ့်အားပေးကူညီကြသော ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ရိုကျိုးစွာဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား။ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းတင် (စစ်တွေ)
အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရိပ်သာလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်-၁၂(A-2)နေ (ဦးဘအောင်-ဒေါ်မော့)တို့၏ သမီး၊ (ဦးလှထင်-ဒေါ်သန်းရွှင်)တို့၏ ချွေးမ၊ ဦးကိုကိုကျော်-(ဒေါ်သန်းသန်းကြည်)၊ ဒေါ်ချိုချိုကျော်၊ (ဦးမောင်မောင်ကျော်)၊ ဒေါ်နိုင်နိုင်ကျော်-ဦးဆန်းကိုကိုဝင်းတို့၏ ကျေးဇူးရှင် မွေးသမီခင်၊ ဦးသိန်းကျော်(လ/ထ ညွှန်ကြားရေးမှူး)၊ အကောက်ခွန်-ငြိမ်း)၏ ချစ်လှစွာသော နှမ်း၊ ဖြစ်သော ဒေါ်ခင်၊ ဦးသိန်းကျော်(ဝန်ထမ်းဘဏ်ပေါင်းသင်းရေးအသင်းဥက္ကဋ္ဌ)၊ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ တိုင်းသံဃဘဝန်ဆောင်) သိက္ခာတော်(၈၀)၊ သက်တော်(၁၀၀)နှစ်သည် (၁၃ရစ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) နံနက် ၇:၃၀ နာရီတွင် ဘဝနတ်ထံ စံလွန်တော်မူပြီးပါပဖြင့် ကြွင်းကျန်ရစ်သော ဥတုရေပဝီကလာပ်တော်အား (၁၃ရစ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်) နံနက် ၁၀:၃၀ နာရီတွင် သီတင်းသုံးရာ ကျောင်းတိုက်တော်ကြီး၌ အန္တိမအဂ္ဂိုဟ်ရာပန သာဓုကီဠန ပူဇောသဘင်ကို ကျန်ရစ်ခဲ့ကြသော တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က သံဝေဂတရား ပွားများလျက် သဒ္ဓါတရား ထက်သန်စွာ ပူဇော်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ဣုံးငယ်သောစိတ်ထားဖြင့် ပင့်လျှောက်ဖိတ်ကြားအပ်ပါသည်။

ဗျာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဓောတိက မဟာထေရ်
သိက္ခာတော်(၈၀)။ သက်တော်(၁၀၀)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ တန့်ဆည်မြို့နယ်၊ သစ်တော်ပေါက်အုပ်စု၊ သစ်တော်ပေါက် (တောင်)ရွာ၊ မမ္မာရာမကျောင်းသစ်ကျောင်းတိုက်ကြီး၏ ဦးစီးပဝေါန၊ ရတ္တညဉ်းမဟာနာယကဘဒ္ဒန္တ ဓောတိကမဟာထေရ် (တန့်ဆည်မြို့နယ်သံဃနာယကအဖွဲ့ တိုင်းသံဃဘဝန်ဆောင်) သိက္ခာတော်(၈၀)၊ သက်တော်(၁၀၀)နှစ်သည် (၁၃ရစ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) နံနက် ၇:၃၀ နာရီတွင် ဘဝနတ်ထံ စံလွန်တော်မူပြီးပါပဖြင့် ကြွင်းကျန်ရစ်သော ဥတုရေပဝါကလာပ်တော်အား (၁၃ရစ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်) ဖြင့်၁-၂၀၂၆ (တနင်္ဂနွေနေ့) ညနေ ၄:၃၀ နာရီတွင် သီတင်းသုံးရာ ကျောင်းတိုက်တော်ကြီး၌ အန္တိမအဂ္ဂိုဟ်ရာပန သာဓုကီဠန ပူဇောသဘင်ကို ကျန်ရစ်ခဲ့ကြသော တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က သံဝေဂတရား ပွားများလျက် သဒ္ဓါတရား ထက်သန်စွာ ပူဇော်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ဣုံးငယ်သောစိတ်ထားဖြင့် ပင့်လျှောက်ဖိတ်ကြားအပ်ပါသည်။

ဗျာပနကျင်းပရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောရှင်
အသက်(၈၅)နှစ်

ဦးမြင့်စိုး(ဒုတိယညွှန်ကြားရေးမှူး၊ ရုံးပြည်နယ်တရားလွှတ်တော်တောင်ကြီးမြို့)-ဒေါ်ထွေးထွေးတို့၏ မိခင်ကြီး ဒေါ်စောရှင်သည် ၁၅-၁၁-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဒေါ်စောရှင် ကောင်းရာသုဂတိဘုံသာဝဿိုင်ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

တရားရေးရန်ထမ်းအမှတ်စဉ်(၁၅၅)မှ သူငယ်ချင်းများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရုပ်ကွက်အမှတ်-၄၊မြေကွက်အမှတ်-၉၅၅/က(၁၀၀)စ/ပေးမြေကွက်တည်ခေရာဌာနအမှတ်(၉၅၅/က)ကုန္ဒာ(၁၂)လမ်း(၄)ရပ်ကွက်၂ဦးတင်အောင်(၁၂/ဥကမ(နိုင်)၁၃၉၈၁၃)အမည်ပေါက်နှစ်(၆၀)ဂရန်နှင့်မြေအားမြေအမည်ပေါက်-ဦးတင်အောင်(ခင်ပွန်း)သည်(၂၄-၂-၂၀၂၆)ရက်နေ့တွင်ကွယ်လွန်ခဲ့သဖြင့်ဌင်းဇီးဖြစ်သူဒေါ်ခင်ကြိုင်(၁၂/ဥကမ(နိုင်)၁၃၉၈၀၈)မှမြန်မာ့စေလှေးထုံးတမ်း၌ပဒေသအရတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်တစ်ဦးတည်းသောအနီးတော်စပ်ကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်း ကျိန်အမှတ်-၅၁၉၃/၂၂-၅-၂၀၂၆ဖြစ်ထောက်ခံကျမ်းကျိန်(၂)စောင်ပေးဝေရင်းအိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊နှစ်(၆၀)မြေငှားဂရန်မူရင်းမှာသိမ်းဆည်းထားရာမှအထားအသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်း၊အခြားသည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊ငွေလွှတ်လျှာ်နှံးထားခြင်းအာမခံအဖြစ်တင်သွင်းထားခြင်းတို့ပုံးဝရမ်းပါကြောင်းနှင့်အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါကမိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းဝန်ခံကတိပြုကျမ်းကျိန်အမှတ်-၅၁၉၃/၂၂-၅-၂၀၂၆ရက်ခွဲဖြင့်ဂရန်ပျောက်ခြင်းဖိုင်ဆိုင်ရာမြေပုံကူးလျှောက်ထားခြင်းဖြစ်ပါသဖြင့်ဖိုင်ဆိုင်ရာမြေပုံရုံဖြင့်ပါဝါကဂရန်မိတ္တူများဆက်လက်လျှောက်ထားရမည်ကိုသိရှိကြောင်း၀န်ခံကတိတို့ပြုပြီးအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ဖိုင်လုပ်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်းနှင့်ကျွန်ုပ်တို့ဘက်မှ ဂရန်ပျောက်ခြင်းဖိုင်လုပ်ဆောင်ရွက်ခြင်းအတွက် ကန့်ကွက်ခြင်းမရှိကြောင်း

❖ နိုင်ငံတော် ရှေသီဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

ဘယ်လ်ဂျီယံအသင်းတိုက်စစ်မှူး လူကာကူ နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူ



ဘယ်လ်ဂျီယံအသင်း တိုက်စစ်မှူး လူကာကူဟာ နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်ပါတယ်။

အသက် ၃၃ နှစ် အရွယ်ရှိ ဖီနာဘာချီတိုက်စစ်မှူး လူကာကူဟာ ၂၀၁၀ ပြည့်နှစ်မှာ နိုင်ငံလက်ရွေးစင်ကစားသမားဘဝကို စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ဘယ်လ်ဂျီယံအသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၁၃၅ ပွဲမှာသွင်းဂိုး ၉၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ တိုက်စစ်မှူး လူကာကူဟာ ဘယ်လ်ဂျီယံအသင်းနဲ့အတူ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❋



တပ်မတော်စစ်ကြောင်းများက အင်းတော်- မအူကုန်း- ကျောက်တန်းလမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ၏ စစ်စခန်းအဖြစ် အသုံးပြုခဲ့သည့် ကျေးရွာများအား ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် အား/ကာသိပွဲအသင်း ဂိုးပြတ်နိုင်ပွဲရယူ

ရန်ကုန် နိုဝင်ဘာ ၁၆

M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၂၄ နောက်ဆုံးနေ့ကို နိုဝင်ဘာ ၁၆ ရက်က ဗဟန်းကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပွဲအသင်းက ရှမ်းယူနိုက်တက်အသင်းကို ငါးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❋



ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပွဲအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

တပ်မတော်စစ်ကြောင်းများက အင်းတော်- ဝန်းသို့- ကောလင်း- ကျွန်းလှ- ကန့်ဘလူ လမ်းကြောင်းနှင့် အင်းတော်- ကျောက်တန်း- စပျိယ်နံသာ လမ်းကြောင်းများတစ်လျှောက် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် ၎င်းတို့ယာယီအခြေပြုခိုလှုံရာ နေရာများအား ရှင်းလင်းတိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၁၆

တပ်မတော်အနေဖြင့် နယ်မြေဒေသအေးချမ်းသာယာ၍ ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင်လည်း နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူလူထုတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကအရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် အင်းတော်- ဝန်းသို့- ကောလင်း- ကျွန်းလှ- ကန့်ဘလူ လမ်းကြောင်းနှင့် အင်းတော်- ကျောက်တန်း- စပျိယ်နံသာ လမ်းကြောင်းများအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❐

မြန်မာအမျိုးသမီး ဖူဆယ်လိဂ်ပြိုင်ပွဲတွင် YRG နှင့် ယူ-၁၉ အသင်း သုံးပွဲဆက်အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၁၆

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီး ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ကို နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ ဆက်လက်ကျင်းပရာ YRG အသင်းနှင့် ယူ-၁၉ အသင်း သုံးပွဲဆက်အနိုင်ရရှိသည်။

နှစ်ပွဲဆက်အနိုင်ရထားသည့်အသင်းများအနက် YRG အသင်းနှင့် ရိုးမအသင်း ယခုတစ်ပတ်တွင် ထိပ်တိုက်တွေ့ဆုံပြီး YRG အသင်း အနိုင်ရသဖြင့် ရာနှုန်းပြည့် နိုင်ပွဲဖြင့် ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❋



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လု ပွဲစဉ်ကို နိုဝင်ဘာ ၁၇ ရက်တွင် လည်းကောင်း၊ တတိယဗိုလ်လုပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်တွင် လည်းကောင်း နံနက် ၉ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များအနက် အမျိုးသမီးအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ အမျိုးသားအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထိုသို့ ကျင်းပမှုများကို MRTV-HD၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့တွင် တိုက်ရိုက်(Live) ရိုက်ကူး ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ ၁၅